မြဝတီ နေ့စဉ်

သတင်းထူးပြီး မှန်ရမည်၊ သတင်းဦးပြီး မြန်ရမည် မြဝတီမှ မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၂၇)

၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်
၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၁ ရက်၊ တနင်္ဂနွေနေ့

မြတ်ဗုဒ္ဓ၏အဆုံးအမတရား

နေမင်းသည် နေ့၌တောက်ပ၏။ လဝန်းသည် ည၌ထွန်းလင်း၏။ မင်းသည်ချပ်ဝတ်တန်ဆာဆင်သော် တောက်ပ၏။ ဗြာဟ္မဏသည် စျာန်ဝင်စားသော် တောက်ပ၏။ ဗုဒ္ဓဘုရားရှင်သည် နေ့ည၌ပတ်လုံး တန်ခိုးတော်ဖြင့်တောက်ပ၏။

ဓမ္မပဒ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

သတ္တမအကြိမ်မြောက် ထားဝယ်အမျိုးသားနေ့အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ပေးပို့သည့်သဝဏ်လွှာ

စာ - ၅ သို့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တွံတေးမွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၃၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်ရှိ တွံတေးမွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးအဆင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ တာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်း မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍ တိုင်းဒေသကြီးအတွင်း အသားဖူလုံရေးအတွက် ဒေသန္တရနှင့် နို့စားနွား၊ ဒေသကျွဲနှင့် နို့စားကျွဲ၊ ဝက်၊ ဆိတ်၊ သိုး၊ ဥစားကြက်၊ အသားစားကြက်၊ တိုင်းရင်းကြက်၊ ဘဲ၊ မန်ဒါလီ၊ ငုံးများ မွေးမြူထားရှိမှု၊ **စာမျက်နှာ ၁၆ ကော်လံ ၁** ★



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တွံတေးမွေးမြူရေးဇုန်အတွင်းရှိ ဦးအောင်လင်းဦး၏ရွှေဘဲ(အသားတိုးဘဲ) မွေးမြူရေးခြံ၌ ဘဲများမွေးမြူထားမှုအခြေအနေကိုကြည့်ရှုစဉ်။



အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၁ ရက်)

နတ်တော်လခါမိ စာဆိုတော်လရာသီ

မြန်မာနိုင်ငံ၏ခေတ်သမိုင်းအဆက်ဆက်ဖြစ်သည့် ပုဂံ၊ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်၊ ကိုလိုနီခေတ်မှသည် ယနေ့အချိန်အခါထိ မြန်မာ့ယဉ်ကျေးမှုစာပေသည် ထွန်းလင်းတောက်ပလျက်ရှိသည်။ ရှေးမြန်မာမင်းများလက်ထက်ကပင် ရတု၊ ရကန်၊ အဲအန်၊ လူးတား၊ ပျို့၊ ကဗျာ၊ ဝတ္ထု၊ မေတ္တာစာ၊ ဆုံးမစာ၊ နီတိစသည်ဖြင့် မြန်မာ့ယဉ်ကျေးမှုစာပေအမွေပေးခဲ့ကြသည့် ရဟန်းစာဆို၊ လူပညာရှိစာဆိုကြီးများကို အလေးထားအရေးပေးခဲ့ကြသည်။ စာဆိုတော်ဟူသောအမည်နာမကိုကြည့်ခြင်းအားဖြင့် အဆိုပါစာဆိုများကို ဘွဲ့ထူးဂုဏ်ထူးများချီးမြှင့်အပ်နှင်းဂုဏ်ပြုခဲ့သည်ကိုသိနိုင်သည်။ နတ်တော်လရာသီမှာ စာဆိုတော်လရာသီအဖြစ်ထင်ရှားလာခဲ့သည်။

နတ်တော်လ၏ သဘာဝပတ်ဝန်းကျင်ကို စာဆိုတော်ဖိုးသူတော်ဦးမင်းက "ရှစ်ခွင်မှာ မြူဆင်းလို့၊ ငွေနှင်းတဲ့နစို့။ ဂမုန်းသဇင်တို့၊ စုံခွင်မှာလေချိုညင်းက၊ သုတ်သွင်းဘယ်ညာနှံ့၊ သင်းပျံ့ပျံ့ချို" ဟု ဖွဲ့ဆိုထားသည်။ နတ်တော်လသည် ဆောင်းလရာသီဖြစ်သည့်အတိုင်း ပတ်ဝန်းကျင်တွင် နှင်းမြူများရစ်ဆိုင်းနေသဖြင့် အေးမြမြအထိအတွေ့ကိုခံစားရသည်။ မြောက်ပြန်လေညင်းဆော်သွင်းတိုက်ခတ်သည့် ဟေမန္တဥတုဖြစ်သည်။ ယောမင်းကြီးဦးဘိုးလှိုင်က နတ်တော်လ၏သဘာဝပတ်ဝန်းကျင်ကို "လောကသည်အေး၏။ လောကမခြောက်၊ ဆီးနှင်းများ၏။ မြောက်ကလေလာ၏" ဟု ပုံဖော်ခဲ့သည်။ သဇင်ဂမုန်းတို့သည် နတ်တော်လ၏ရာသီပန်းဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်ကိုဦးဆောင်လျက်ရှိရာတွင် နိုင်ငံတော်၏ ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ပေးရာတွင် စာပေကဏ္ဍသည်လည်းပါဝင်သည်။ စာပေမြင့်မှလူမျိုးတင့်မည်ဆိုသည့်အတိုင်း စာပေပညာရှင်များကို အလေးအနက်ထားလျက်ရှိသည်။ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရာတွင် နိုင်ငံသားများ အသိအမြင် အတွေးအခေါ်မှန်ကန်ရေးအတွက် စာပေကဏ္ဍသည်အဓိကဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်လုံးအားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်များကို နိုင်ငံတော်ကအသိအမှတ်ပြုသောအားဖြင့် စာပေပညာရှင်ကြီးခြောက်ဦးကို အမျိုးသား စာပေတစ်သက်တာဆုကိုလည်းကောင်း၊ ၂၀၂၃ ခုနှစ်အတွင်း ပထမအကြိမ်ထုတ်ဝေခဲ့သည့်စာအုပ်များမှ အမျိုးသားစာပေဆုကိုလည်းကောင်း၊ စာပေဗိမာန်စာမူဆုအတွက်တင်သွင်းလာသောစာမူများမှ စာပေဗိမာန်ဆုကိုလည်းကောင်း နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

(၇၅)နှစ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုချီးမြှင့်ပွဲအခမ်းအနားကို မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် နတ်တော်လဆန်း ၁ ရက်(၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက်)တွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-I)တွင်ကျင်းပသည်။ နိုင်ငံတစ်နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် အသိပညာတစ်ခုတည်းဖြင့် တည်ဆောက်၍မရနိုင်သလို အတတ်ပညာတစ်ခုတည်းဖြင့်လည်း တည်ဆောက်၍ရနိုင်မည်မဟုတ်ပေ။ အသိပညာနှင့်အတတ်ပညာ နှစ်ခုစလုံးပေါင်းစပ်ဆောင်ရွက်နိုင်မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်ဖြစ်လာပေမည်။ စာပေသည် ဘဝရှေ့ဆောင်မီးရှူးရောင်ဆိုသည့်အတိုင်း လူသားတို့အတွက်ရှေ့ဆောင်လမ်းပြဖြစ်သည်။

အမျိုးသားယဉ်ကျေးမှုစာပေအမွေကို လက်ဆင့်ကမ်းပေးခဲ့ကြသော စာဆိုတော်များကို ဂုဏ်ယူချီးမြှင့်ခြင်းသည် စာပေကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုသည်။ နိုင်ငံတော်အစိုးရက အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ပေးခြင်းလည်းဖြစ်သည်။ တန်ဖိုးရှိသောစာပေများကိုဖတ်ရှုခြင်းဖြင့် လူငယ်မောင်မယ်များ အသိဉာဏ်တိုးပွားစေသည်။ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ရှင်သန်စေသည်။ ဇာတိသွေးဇာတိမာန်တက်ကြွစေသည်။ မြန်မာစာပေသည် လွေ့လာ၍မကုန်ဆုံးနိုင်သော ပညာဘဏ်တိုက်ကြီးဖြစ်သည်။ ရှေးကပညာရှင်အဆက်ဆက် စုဆောင်းသိမှီးထားသည့်ပညာရပ်များမှာ ခေတ်ကာလအဆက်ဆက် သုံးရှုကုန်နိုင်မည်မဟုတ်ပေ။

ကိုလိုနီခေတ်တွင် စာပေဖြင့်လှုံ့ဆော်မှုအားကောင်းခဲ့သဖြင့် မှေးမှိန်နေသောအမျိုးသားရေးစိတ်ဓာတ်များနိုးကြားတက်ကြွလာခဲ့သည်။ ထိုမှတစ်ဆင့် လွတ်လပ်ရေးရရှိအောင် စွမ်းဆောင်ကြိုးပမ်းနိုင်ခဲ့သည်။ စာပေကိုဖတ်ရှုခြင်းဖြင့် လောကဓမ္မရေးရာများကိုသုံးသပ်ဆင်ခြင်နိုင်ပြီး မကောင်းမှုကိုပြုလုပ်ခြင်းကင်းဝေးသည်။ ကောင်းမှုကိုပြုမူလုပ်ဆောင်ရန်နီးစပ်သည်။ မြန်မာစာပေအမွေကို ရဟန်းပညာရှိ၊ လူပညာရှိတို့က လက်ဆင့်ကမ်းအမွေပေးထားခဲ့ခြင်းကြောင့် ယနေ့တိုင် လွေ့လာမဆုံးနိုင်အောင် ကျေးဇူးတင်ဖွယ်ဖြစ်သည်။ ကိုလိုနီခေတ်တွင် မြန်မာစာရေးဆရာအသင်းပေါ်ပေါက်လာသည်နှင့်အတူ ၁၉၄၄ ခုနှစ်မှစတင်ကာ နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့အဖြစ် သတ်မှတ်ခဲ့သည်။ စာပေကိုတန်ဖိုးထားလေးစားကာ စာပေပညာရှင်များကိုဂုဏ်ယူခြင်းမှာ ဝမ်းသာကြည်နူးဖွယ်ဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။



ကျေးလက်ကုန်ထုတ်လမ်း တံတားဖောက်လုပ်မှု ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီး

နေပြည်တော် နိုဝင်ဘာ ၃၀

နေပြည်တော်ကောင်စီနယ်မြေ ဒကွိဏာသီရိမြို့နယ် ချိုင်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း/ တံတားများဖောက်လုပ်နေမှုအခြေအနေများကို နိုဝင်ဘာလ ၃၀ ရက်တွင် တာဝန်ရှိသူများက ချိုင်းကျေးရွာ၌ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် လယ်ဝေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ) ဒေါ်အိမ်မွန်ကျော်၊ ဒကွိဏာသီရိမြို့နယ်ဦးစီးမှူး ဒေါ်လဲ့လဲ့နိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများသည် ချိုင်းကျေးရွာတွင် အရှည်ပေ ၂၂၀၊ အကျယ် ၁၂ ပေ၊ ထူမြေသား ၁ ပေ၊ သဲဖြုန်း ၉ လက်မရှိ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုနှင့် ၎င်းလမ်းပေါ်ရှိ Slab Culvert တစ်စင်း၊ Pipe Culvert တံတားသုံးစင်း တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကုမ္ပဏီမှတာဝန်ရှိသူများ၊ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အရည်အသွေးစံချိန်စံညွှန်းပြည့်မီစေရေးအလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ချိုင်းကျေးရွာရှိ အဆိုပါကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၄ ဒသမ ၆၂၇ သန်းဖြင့် ဝမ်းပြည့်အောင် ကုမ္ပဏီမှ ယခုနှစ် ဧပြီလ ၆ ရက်နေ့တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းဆောင်ရွက်မှု ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ဒကွိဏာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ချိုသန်းညွှန့် (ကျေးလက်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁-၁၂-၂၀၂၄(တနင်္ဂနွေနေ့)

၁။	၀၆:၀၂	နိုင်ငံတော်သီချင်း	၁၄။	၁၆:၁၀	ပန်းရောင်စုံသင်းပျံ့မွှေး
၂။	၀၆:၀၃	တရားတော်			မြန်မာတိုင်းရင်းဆေး
၃။	၀၇:၂၅	ဓမ္မပူဇာတေး	၁၅။	၁၆:၂၀	သာယာသီကြွေးခေတ်ဆန်းတေး
၄။	၀၇:၃၀	ကိုယ်လက်လှုပ်ရှားအားကစား	၁၆။	၁၇:၁၀	အမျိုးသားရေးတေးကဗျာ
၅။	၀၇:၄၀	မျိုးချစ်တပ်မတော်	၁၇။	၁၈:၃၀	မြစ်ကျဉ်းသုံးသွယ်အသွင်သစ်
၆။	၀၇:၄၅	မြန်မာ့ရှုခင်း			အပိုင်း(၆)
၇။	၀၈:၀၅	မောင်မယ်လေးများသိစေချင်	၁၈။	၁၉:၁၀	ပြည်သူ့ကြားကပြည်သူ့စကား
၈။	၀၉:၁၀	အမျိုးသားရေးတေးကဗျာ	၁၉။	၁၉:၃၀	ယှဉ်ပြိုင်နွှဲပျော်အမျိုးသားအားကစား
၉။	၁၁:၂၀	ပြည်သူ့ကြားက ပြည်သူ့စကား			ပွဲတော်
၁၀။	၁၂:၅၀	ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု	၂၀။	၁၉:၄၀	ပိုမိုကောင်းမွန်သည့် အသိုက်အဝန်းဆီ
၁၁။	၁၃:၁၅	မျှဝေဆွေးနွေးလူငယ်အရေး			သို့ (၇)ရက်ခရီးစဉ်
၁၂။	၁၄:၁၀	ရုပ်မြင်သံကြားဇာတ်လမ်း	၂၁။	**ည ၈ နာရီ သတင်းအပြီး**	အမျိုးသားရေးတေးကဗျာ
		(၇-၈)နာရီ (Repeat)	၂၂။		မိုးလေဝသသတင်း
၁၃။	၁၆:၀၅	မြန်မာ့သံစဉ်ချိုနှံးဝင်	၂၃။		တရားတော်

မြဝတီ ခုနှစ်၌ The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ
နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၉၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂။ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၇၅၅၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

ရွှေတိဂုံစေတီတော်၌ (၁၀၆)ကြိမ်မြောက် စေတီယဂ်ဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲကျင်းပ



ရန်ကုန် နိုဝင်ဘာ ၃၀

ရန်ကုန်မြို့ရှိရွှေတိဂုံစေတီတော်ဘဏ္ဍာထိန်းဂေါပကအဖွဲ့သည် ပရိယတ္တိသာသနာတော် ထွန်းကားပြန့်ပွားစေရန်ရည်ရွယ်၍ စေတီယဂ်ဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲများကို နှစ်စဉ်ကျင်းပလျက်ရှိရာ ယခုနှစ်တွင် (၁၀၆) ကြိမ်မြောက်အထိ ကျင်းပနိုင်ခဲ့ပြီဖြစ်သည်။

(၁၀၆) ကြိမ်မြောက် စေတီယဂ်ဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၃၀ ရက်တွင် ရွှေတိဂုံစေတီတော်ရင်ပြင်မြောက်ဘက်ရှိ ချမ်းသာကြီးတန်ဆောင်း၌ကျင်းပရာ ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ၊ စေတီယဂ်ဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲ ဩဝါဒါစရိယဆရာတော်ကြီးများ၊ စာထောက်စာမဆရာတော်များ ကြွရောက်တော်မူကြသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး သံဃာ့နာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာမဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ဓဝါစကပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂသာမိထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် စာလျှောက်မေးပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဘဏ္ဍာထိန်းဂေါပကအဖွဲ့ဝင် ဦးဌေးလှိုင်က အဖွင့်မင်္ဂလာစကား လျှောက်ထားပြီး စေတီယဂ်ဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲ ဩဝါဒါစရိယ၊ တိပိဋကရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ၊ ဘဏ္ဍာထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ဓဝါစကပဏ္ဍိတ သ.စ.အ ဓမ္မာစရိယ ဝဠုံသကာပါဠိပါရဂူ စေတီယဂ်ဏ ပဝရသိရီ မဟာဓမ္မဂုရု ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တနာရဒါဘိဝံသ (လှရတနာဆရာတော်) ထံမှ စာလျှောက်မေးပွဲနှင့်စပ်လျဉ်း၍ ဩဝါဒကထာနာယူကြသည်။ ယင်းနောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကိုရုပ်သိမ်းခဲ့ပြီး စာဖြေသံဃာတော်များအား အမှတ်စဉ်အလိုက် စာဖြေပလ္လင်ပေါ်သို့ ပင့်ဆောင်၍ အာဂုံပြန်ဆိုခြင်းအစီအစဉ်ကို ဆက်လက်ဆောင်ရွက်သည်။

အဆိုပါစာလျှောက်မေးပွဲတွင် သီးခြားစာချတန်း ၄၁ ပါး၊ သီးခြားစာသင်တန်း ၁၉၈ ပါး စုစုပေါင်း စာဖြေသံဃာ ၂၃၉ ပါးက ဒီဇင်ဘာလ ၆ ရက်အထိ ဖြေဆိုကြမည်ဖြစ်ပြီး နိုဝင်ဘာလ ၃၀ ရက်တွင် သီးခြားစာသင်တန်းဖြေသံဃာတော် ၁၉၈ ပါးက အာဂုံပြန်ဖြေဆိုကြကာ ဒီဇင်ဘာလ ၁ ရက်တွင် အောင်စာရင်းထုတ်ပြန်ကြေညာမည်ဖြစ်သည်။ ထို့အတူ ဒီဇင်ဘာလ ၂ ရက်မှ ၆ ရက်အထိ သီးခြားစာသင်တန်းနှင့် သီးခြားစာချတန်း ရေးဖြေ ဖြေဆိုကြမည်ဖြစ်ပြီး ဒီဇင်ဘာလ ၈ ရက်တွင် အောင်စာရင်းထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း သိရသည်။ **နေကိုထိုက်**

ဝါးခယ်မမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံ ၃၀၂၁ ဧက လျာထားစိုက်ပျိုးလျက်ရှိ

ဝါးခယ်မ နိုဝင်ဘာ ၃၀

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံ ၃၀၂၁ ဧက လျာထားစိုက်ပျိုးလျက်ရှိကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်၏ပြောဆိုချက်အရ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဝါးခယ်မမြို့နယ်၌ စားဖိုဆောင်သီးနှံ ၃၀၂၁ ဧကကို နိုဝင်ဘာလတတိယပတ်က စတင်စိုက်ပျိုးလျက်ရှိကြောင်း၊ အဆိုပါစားဖိုဆောင်သီးနှံ ၃၀၂၁ ဧက အပါအဝင် မြို့နယ်အနေနဲ့ စားဖိုဆောင်သီးနှံ ၃၀၂၁ ဧက ဆောင်းသီးနှံများ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးအဖွဲ့၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် ဆက်စပ်ဌာနများနှင့်ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

''ဆောင်းသီးနှံတွေ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ တောင်သူတွေနဲ့ စိုက်ပျိုးရေးဦးစီးဌာနအပြင် ဆက်စပ်ဌာနတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဝါးခယ်မမြို့နယ်အနေနဲ့ စားဖိုဆောင်သီးနှံစိုက်ပျိုးရာမှာ ဒေသနဲ့ကိုက်ညီတဲ့သီးနှံအမျိုးအစားတွေကို အဓိကစိုက်ပျိုးနေပါတယ်။ ဒါ့ပြင် တောင်သူတွေ မျိုးစေ့အသုံးပြုတာ မှန်ကန်စေဖို့ တောင်သူအသိပညာပေးလုပ်ငန်းတွေကို သီးနှံတွေမစိုက်မီအချိန်ကတည်းက ကျောင်းတိုက် စီစဉ်ပေးနေပါတယ်။ သီးနှံတွေအောင်မြင်ဖြစ်ထွန်းစေဖို့ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ စိုက်ပျိုးရေးဦးစီးဌာနက တောင်သူအသိပညာပေးလုပ်ငန်းတွေကို ကြိုတင်ဆောင်ရွက်ပေးထားပါတယ်။ တောင်သူတွေအနေနဲ့ စားဖိုဆောင်သီးနှံစိုက်ပျိုးရာမှာ ဒေသနဲ့ကိုက်ညီတဲ့သီးနှံအမျိုးအစားတွေကို အဓိကစိုက်ပျိုးနေပါတယ်။ ဒါ့ပြင် တောင်သူတွေ မျိုးစေ့အသုံးပြုတာ မှန်ကန်စေဖို့ တောင်သူအသိပညာပေးလုပ်ငန်းတွေကို သီးနှံတွေမစိုက်မီအချိန်ကတည်းက ကျောင်းတိုက် စီစဉ်ပေးနေပါတယ်" ဟု ဒေါ်ခင်ဌေးမြင့်က ပြောသည်။

ဝါးခယ်မမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံ ၃၀၂၁ ဧကကို ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ စားဖိုဆောင်သီးနှံများတွင် ငရုတ်၊ မုန်ညင်း၊ ချဉ်ပေါင်၊ ဂေါ်ဖီ၊ နံနံပင်၊ မုန်လာ၊ ခရမ်း ၊ သခွား၊ ကန်စွန်း၊ ကြက်ဟင်းခါးနှင့် ပဲပုစွန် စသည့်သီးနှံများကိုအများဆုံး စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ **သုတကျော်**

ယခုဘဏ္ဍာနှစ် ခုနစ်လနီးပါးကာလအတွင်း ပြည်ပသို့ အမေရိကန်ဒေါ်လာ ၂၇၅၃ သန်းခန့်တန်ဖိုးရှိ လယ်ယာထွက်ကုန်ပစ္စည်းများတင်ပို့ထား

ရန်ကုန် နိုဝင်ဘာ ၃၀

ယခုဘဏ္ဍာနှစ် ဧပြီလမှ အောက်တိုဘာလ ၂၅ ရက်အထိ ခုနစ်လနီးပါးကာလအတွင်း ပြည်ပသို့ အမေရိကန်ဒေါ်လာ ၂၇၅၃ သန်းခန့်တန်ဖိုးရှိ လယ်ယာထွက်ကုန်ပစ္စည်းများ တင်ပို့ထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ထိုသို့ ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်းများတင်ပို့ရာတွင် Normal Trade အနေဖြင့် ပင်လယ်ရေကြောင်းမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၂၃၁၇ သန်း၊ Border Trade အနေဖြင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၄၃၆ သန်းခန့် စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၇၅၃ သန်းဖိုးခန့် တင်ပို့ထားသည်။

"ဒီဘဏ္ဍာနှစ်အတွင်း ပြည်ပကို တင်ပို့ခဲ့တဲ့ မြန်မာ့လယ်ယာထွက်ကုန်တွေထဲမှာ အများဆုံးတင်ပို့ခဲ့တာတွေက ဆန်၊ ဆန်ကွဲ၊ ပြောင်း၊ ပဲမျိုးစုံ၊ နှမ်း၊ ပန်းနှမ်း၊ ဝါ၊ နနွင်းတက်၊ မန်ကျည်းသီး၊ ချဉ်းခြောက်၊ ဝဠု၊ ကြက်သွန်နီ၊ ကြက်ဆူစေ့၊ ကော်ဖီစေ့၊ ရော်ဘာနဲ့ သစ်သီးဝလံထဲမှာဆိုရင် ဖရဲသီး၊ သခွားမွေး၊ တစ်သျှူးငှက်ပျော စတာတွေဖြစ်ပါတယ်" ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ပြည်တွင်းမှထွက်ရှိသော လယ်ယာထွက်ကုန်များကို ပြည်ပသို့တင်ပို့ရာတွင် အဓိကအားဖြင့် တရုတ်၊ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ ဘယ်လ်ဂျီယံနှင့် ဘင်္ဂလားဒေ့ရှ် စသည့်နိုင်ငံတို့သို့ တင်ပို့ခြင်းဖြစ်သည်။

သွင်းကုန်ပစ္စည်း အနေဖြင့်လည်း လယ်ယာသုံးစက်နှင့် စက်ပစ္စည်းများ၊ ဓာတ်မြေဩဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေးနှင့် စားအုန်းဆီ စသည့်ကုန်ပစ္စည်းများကို ပြည်ပနိုင်ငံတချို့မှ ဝယ်ယူတင်သွင်းခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများကြား ယခုဘဏ္ဍာနှစ် ဧပြီလမှ အောက်တိုဘာလ ၂၅ ရက်အထိ ခုနစ်လနီးပါးကာလအတွင်း စုစုပေါင်း ပို့ကုန်၊ သွင်းကုန်ပမာဏ အမေရိကန်ဒေါ်လာ ၁၅၄၈၃ သန်းခန့် ကုန်သွယ်မှုဆောင်ရွက်နိုင်ခဲ့ပြီး ယင်းတို့အနက် ပြည်တွင်းမှ လယ်ယာထွက်ကုန်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ကုန်ပစ္စည်း၊ စက်မှုကုန်ချောပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်းနှင့် တခြားကုန်ပစ္စည်းများတင်ပို့မှုမှ စုစုပေါင်း အမေရိကန်ဒေါ်လာ ၈၅၁၆ သန်းကျော်ရရှိခဲ့ကြောင်း သိရသည်။ **ဆောင်းဦး**



မြစ်ကိုအလျှားစုန်ကူးခဲ့သည့်

ကျွန်းစဉ်မြေစောခက်

"အ.မ.က သရက်တောင်(မြောက်)မှာ အသစ်တည်ထောင်ဖွင့်လှစ်သောကျောင်းဖြစ်၍ တည်ဆောက်မှုလုပ်ငန်းတွေကလည်းများသည်။ ပြောရလျှင် ကျွန်တော်နှင့် အ.မ.က သရက်တောင်(မြောက်)မှာ ရေပေးသူနှင့် ရေငတ်သူလိုဖြစ်နေကြ၏။ ကျောင်းမှာ တည်ထောင်ခါစဖြစ်၍ တည်ဆောက်မှုများအတွက် အမြဲတမ်းတောင်းဆိုလျက်ရှိပေသည်။ ကျွန်တော်ကလည်း လိုလျှင်ကြံဆနည်းလမ်းရဆိုသလို တစ်ဦးတစ်ယောက်တည်း လုပ်လို့ရမည့်အလုပ်ကို တစ်ဦးတစ်ယောက်တည်းလုပ်သည်။ အစုအဖွဲ့၊ အသိုက်အဝန်းနှင့် လုပ်ရမည့်အလုပ်ကို အစုအဖွဲ့၊ အသိုက်အဝန်းနှင့်လုပ်သည်. . ."

ယမန်နေ့မှအဆက်

ကျွန်တော်နှင့်အောင်ကျန် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။ မည်သို့ပင်ဆိုစေကာမူ ကျွန်တော်တို့နှစ်ယောက်မှာ ကမ်းစပ်သို့မရောက်မချင်း စိုးရိမ်စိတ်က ရှိနေကြတုန်းပင်ဖြစ်သည်။ ကျွန်တော်ကမ်းစပ်သို့ လှမ်းကြည့်လိုက်သည်။ မှောင်ရီဝိုးတဝါးကြားမှာ ကမ်းစပ်မှသစ်ပင်တို့ကို ထင်ထင်ရှားရှား မြင်လာရသည်။ သိပ်မကြာ၊ ကျွန်တော်တို့ ကမ်းသို့ ရောက်ခဲ့ကြလေပြီ။ သေကံမရောက် သက်မပျောက်ပါချေတကား။ အောင်ကျန်ကတော့ ကမ်းသို့ရောက်သည်ဆိုလျှင်ပဲ လှေတစ်စင်းငှားဖို့ရာ တောတန်းကိုဖြတ်ပြီး ဇီးကိုင်းကျွန်း လယ်ကွင်းတွင်းသို့ တက်သွားခဲ့လေသည်။

ကျွန်တော့်မှာ မောလွန်းသဖြင့် မတ်တတ်ရပ်မရ၊ မြစ်ရေစပ် ရွှံ့ပြင်တွင် ဝမ်းလျားမှောက်ပြီးနေလိုက်သည်။ ရင်ဘတ်အပေါ်ပိုင်းက ရွှံ့သောင်ပြင်မှာ၊ ရင်ဘတ်အောက်ပိုင်းမှ ခြေဖျားသို့ထိ မြစ်ပြင်ရေထဲမှာ။ ဤအခြေအနေသည်ပင် ငါးပူတင်းလေးများအတွက် အကြိုက်ဖြစ်စေခဲ့လေပြီလားမသိ။ ငါးပူတင်းလေးတွေက ကျွန်တော့်ခန္ဓာကိုယ်အောက်ဘက် အရေပြားကို တို့ဆိတ်ကိုက်ဆွဲကြသည်။ ရေထဲမှာနစ်နေသော ခန္ဓာကိုယ်အောက်ပိုင်းကို ခါယမ်းပစ်မှထွက်ပြေးကြသည်။ သိပ်မကြာ ရောက်လာကြပြန်သည်။ ငါးပူတင်းလေးများမှာ ကျွန်တော့်အသားကို ချိုချဉ်များလားမသိ။ ခဏခဏလာဆိတ်ကြသည်။ လာဆိတ်ကြတိုင်း ကျွန်တော့် ခါးအောက်ပိုင်းကို လှုပ်လှုပ်ပေးရသည်။ ရှင်းရှင်းပြောရလျှင် ကျွန်တော့်မှာ မောလွန်း၍ မထနိုင်သေးဘဲ ခန္ဓာကိုယ်အောက်ပိုင်းကို ရေထဲမှာနှစ်ထားပြီး ရင်ဘတ်အပေါ်ပိုင်းသာ မြစ်ပြင်သောင်စပ်မှာ မှောက်လျက်နေခြင်းဖြစ်သည်။ တစ်နာရီလောက်အကြာမှာပဲ ကျွန်တော်တို့ နှစ်ယောက် လယ်ထဲက တခြားလှေတစ်စင်းငှားပြီး ညတွင်းချင်းပင် အောင်ကျန်က ရွာသို့ပို့ပေးခဲ့လေသည်။

ကျွန်တော်သည် မြစ်ထဲတွင်ကျကျန်ခဲ့သော သဲအိတ်များအတွက် အတော်စိတ်မကောင်းဖြစ်မိသည်။ ဆောင်ရွက်မှုတစ်ခုမအောင်မြင်ခြင်းမှာ ကိုယ်တိုင်အသုံးမကျမှုဟူ၍ ခံယူထားလိုက်သည်။ ဤသို့ငယုသန် ရွာကအပြန်လမ်းတွင် အသက်ဆုံးရှုံးသွားနိုင်သည်အထိ ဖြစ်ပျက်ခဲ့သောအကြောင်းများကို ရွာတွင် တစ်ခွန်းတစ်ပါဒမျှ ကျွန်တော်မလှစ်ဟခဲ့။

ကျွန်တော် ဤသို့လှေနစ်ခြင်းသည် ကျွန်တော်၏ ရုန်းကန်မှုဘဝလမ်းတစ်လျှောက် လေးကြိမ်မြောက်လှေနစ်ခြင်းပင်ဖြစ်သည်။ ပြောရလျှင် အချီတိုင်းသည် ကျွန်တော့်အတွက် သေစေနိုင်လောက်သော အခြေအနေပင်ဖြစ်ပေသည်။ သို့သော် ကြိုးစားအားထုတ်မှုနှင့်ကံတရား၏ ဖေးမမှုကြောင့် အသက်ချမ်းသာရာရခဲ့သည်ဟု ဆိုရပေလိမ့်မည်။

■ ■ ■ ■ ■ ■ ■

ကျောင်းလမ်းနှင့် ကျောင်းကစားကွင်း

ကျွန်တော်သည် ပညာရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ပြီး အမေ့ရွာသရက်တောင်၌ ကျောင်းအုပ်အဖြစ် တာဝန်ထမ်းဆောင်ချိန်ကစပြီး အိမ်နှင့် ကျောင်း၊ ကျောင်းနှင့်အိမ်ဆိုသလို သွားရင်းလာရင်း ဒင်္ဂါးတစ်ပြား၏ခေါင်းနှင့်ပန်းလိုဖြစ်နေပေ၏။ ကျောင်း၏လိုအပ်ချက်များကို ကျွန်တော် အမြဲကြံဆောင်လျက်ရှိပေသည်။

အ.မ.က သရက်တောင်(မြောက်) မှာ အသစ်တည်ထောင်ဖွင့်လှစ်သော ကျောင်းဖြစ်၍ တည်ဆောက်မှုလုပ်ငန်းတွေကလည်းများသည်။ ပြောရလျှင် ကျွန်တော်နှင့် အ.မ.က သရက်တောင်(မြောက်)မှာ ရေပေးသူနှင့် ရေငတ်သူလိုဖြစ်နေကြ၏။ ကျောင်းမှာ တည်ထောင်ခါစဖြစ်၍ တည်ဆောက်မှုများအတွက် အမြဲတမ်း တောင်းဆိုလျက်ရှိပေသည်။ ကျွန်တော်ကလည်း လိုလျှင်ကြံဆနည်းလမ်းရဆိုသလို တစ်ဦးတစ်ယောက်တည်း လုပ်လို့ရမည့်အလုပ်ကို တစ်ဦးတစ်ယောက်တည်းလုပ်သည်။ အစုအဖွဲ့၊ အသိုက်အဝန်းနှင့် လုပ်ရမည့်အလုပ်ကို အစုအဖွဲ့၊ အသိုက်အဝန်းနှင့်လုပ်သည်။ တစ်ရပ်ကွက်လုံးနှင့်လုပ်ရမည့် အလုပ်ကို တစ်ရပ်ကွက်လုံးနှင့်လုပ်သည်။

ကျွန်တော်သည် ကျောင်းရုံးခန်းမှာထိုင်ရင်း ချောင်းရေပြင်ကိုကြည့်လေတိုင်း ကျောင်းရှေ့လူသွားလမ်းနှင့် ချောင်းရေစီး နဂိုတန်းကြားကွင်းပြင်လေးကို အထင်းသားမြင်နေရပေသည်။ မည်သည့် အချိန်ကပင် လယ်တည်ထားခဲ့လေသည်မသိ။ လယ်ကန်သင်းကွက်လေးများ မထင့်တထင်နှင့် မြက်တောအတိသာဖြစ်သည်။ ကျွန်တော် မြင်မိသည့်အချိန်ကစပြီး စပါးပင်ဟူ၍ တစ်ခါတလေမျှပင်မမြင်ဖူးပါ။ စပါးသာမစိုက်သည်မဟုတ်၊ တခြားစားပင်သီးပင်များ စိုက်ပျိုးသည်ဟူ၍လည်း မရှိခဲ့ပါ။ စွန့်ပစ်မြေလို ဖြစ်နေချေ၏။

ဤတွင်ပင် ကျွန်တော့်အသိထဲသို့ အာရုံတစ်ခုရောက်လာသည်။ မူလတန်းအဆင့် ဘောလုံးကွင်းဆိုလျှင် အဆင်ပြေနိုင်သည်ဆိုသော ခံယူချက်ပင်ဖြစ်သည်။ ကျွန်တော် ပိုင်ရှင်ကိုစုံစမ်းကြည့်လိုက်ရာ သရက်တောင်ရွာသားတစ်ဦးပင်ဖြစ်ကြောင်း သိရသည်။ သို့သော် ထိုသူမှာ သရက်တောင်ရွာမှာပင် မရှိတော့ချေ။ မိမိရွာအတိုင်းအတာဖြင့် ငွေကြေးချမ်းသာသူများစာရင်းဝင်ဖြစ်၍ မိမိရွာထက်တစ်ဆင့်မြင့်သောကမ်းထောင်းကြီးသို့ မိသားစုပြောင်းရွှေ့သွားကြပြီးဖြစ်သည်။ ထိုပုဂ္ဂိုလ်တွင် ဤမြေကွက်လေးသည် မိဘအမွေအဖြစ် ဖြင့်သော်လည်းကောင်း၊ ကိုယ်တိုင်တီထွင်မှုဖြင့်သော်လည်းကောင်း ရရှိထားခြင်းမဟုတ်ဟု သိရပေသည်။ တခြားသူတစ်ယောက်ဆီမှ တစ်ဆင့်ရရှိထားခြင်းဟု သိရပေသည်။

ဤအတွက် ကျွန်တော်သည် ကျောင်းသားလေးများအတွက် ကစားကွင်းပြုလုပ်လိုသည့်ဆန္ဒကြောင့် သူ့ဆီကို အားနာစွာ စကားအမှာပါးခဲ့ဖူး၏။ သို့သော် ထိုပုဂ္ဂိုလ်က လက်ခံခြင်းမရှိဘဲ ငြင်းဆန်ခဲ့ပါ၏။ ကျွန်တော်သည် ကျောင်းဆရာဘဝတွင် တည်ဆောက်ရေးလုပ်ငန်းများ တစ်ခုပြီးတစ်ခု ဖြစ်မြောက်လာခဲ့သော်လည်း ကျောင်းအားကစားကွင်းလေးတစ်ခု တည်ဆောက်ရေးလုပ်ငန်းအတွက် လက်လျှော့ပေးရမလို ဖြစ်ခဲ့ချေလေပြီ။

● ● ● ● ● ● ●

နေ့ရက်ကိုတော့ မမှတ်မိတော့ပါ။ ကျောင်းဖွင့်ရက်တစ်နေ့မှာ ကျွန်တော်သည် ဓားခုတ်ဒဏ်ရာဗရပွဖြင့် အကျည်းတန်စွာတည်ရှိနေသော ပျဉ်းကတိုးပင်ကို ဓားမကြီးထမ်းပြီး တဒိုင်းဒိုင်းခုတ်ဖြတ်နေမိပေတော့သည်။ ကျွန်တော်မောလျှင် အထွေထွေလုပ်သားကို ခုတ်ခိုင်းသည်။ ကျွန်တော်နှင့် အထွေထွေလုပ်သားတို့ တစ်ယောက်တစ်လှည့်စီ ခုတ်ဖြတ်နေကြသည်။ ပင်စည်က ခပ်ကြီးကြီးဖြစ်၍ တော်ရုံနှင့်မလဲပေ။

ထိုစဉ် ပခုံးပေါ် ကြယ်ပွင့်လေးနှစ်ပွင့်တပ်ပြီး စစ်အင်္ကျီကိုဝတ်ဆင်ထားသော စစ်ဗိုလ်တစ်ဦး ကျောင်းရှေ့လမ်းသို့ရောက်လာသည်။ သူသည် ကျွန်တော်တို့ကို အထူးအဆန်းဟု မှတ်ယူသွားပုံရသည်။ မတ်တတ်ရပ်ပြီးကြည့်သည်။

ဆက်လက်ဖော်ပြပါမည်။

ညောင်လေးပင်ခရိုင်အတွင်း စိုက်ပျိုးထုတ်လုပ်မှုထူးချွန်ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပွဲကျင်းပ



ညောင်လေးပင် နိုဝင်ဘာ ၃၀

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် လယ်ယာကဏ္ဍစိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရိုင်အတွင်းပန်းတိုင်အထွက်နှုန်း ကျော်လွန်ထွက်ရှိအောင် စိုက်ပျိုးထုတ်လုပ်ခဲ့သည့် ထူးချွန်တောင်သူများ၊ သီးထပ်စွမ်းအားနှင့်သီးနှံစိုက်စွမ်းအားတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည့်မြို့နယ်များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခြင်းကို နိုဝင်ဘာလ ၂၉ ရက်က ညောင်လေးပင်မြို့နယ်ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ အခမ်းအနားတွင် ညောင်လေးပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အဖွင့်အမှာစကား ပြောကြားပြီး သီးထပ်စွမ်းအားနှင့် သီးနှံစိုက်စွမ်းအားတိုးတက်အောင် စိုက်ပျိုးနိုင်ခဲ့သော ဆုရရှိသည့်မြို့နယ်များနှင့်စက်မှုလယ်ယာစနစ်ဖြင့် စိုက်ပျိုးဆောင်ရွက်မှုတွင် အောင်မြင်စွာစိုက်ပျိုးနိုင်ခဲ့သည့် ကျေးရွာများအတွက် ဂုဏ်ပြုဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို တာဝန်ရှိသူများထံ အသီးသီးလွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး ဇော်နိုင်ထွန်းက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ချေးငွေများ ရာနှုန်းပြည့်ပြန်လည်ပေးဆပ်သောကျေးရွာများအားလည်းကောင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၃) ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန ဦးစီးမှူး ဒေါ်နီလာထွန်းက မိုးစပါး၊ နွေစပါး အထွက်နှုန်းအများဆုံးထွက်ရှိအောင်စိုက်ပျိုးနိုင်ခဲ့သည့် တောင်သူများအားလည်းကောင်း၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးခိုင်ထွန်းက ပဲတီစိမ်းအထွက်နှုန်းအများဆုံးထွက်ရှိအောင် စိုက်ပျိုးနိုင်ခဲ့သည့် တောင်သူများအားလည်းကောင်း၊ ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းနိုင်က မတ်ပဲအထွက်နှုန်းအများဆုံးထွက်ရှိအောင် စိုက်ပျိုးနိုင်ခဲ့သည့် တောင်သူများအားလည်းကောင်း၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနတာဝန်ခံ ဦးစိုးနိုင်က မြေပဲအထွက်နှုန်းအများဆုံးထွက်ရှိအောင် စိုက်ပျိုးနိုင်ခဲ့သည့် တောင်သူများအားလည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုလက်ဆောင်များ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

ပြည်ထောင်စုစိတ်ဓာတ်ကိုအရင်းခံ၍ ထားဝယ်ဒေသရှိ ရှိရင်းစွဲအရင်းအမြစ်များကို မှန်ကန်စွာအသုံးချပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်၍ ထားဝယ်လူမျိုးတို့၏စည်းလုံးညီညွတ်မှုကို ဖော်ထုတ်ပြသ

သတ္တမအကြိမ်မြောက် ထားဝယ်အမျိုးသားနေ့အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ပေးပို့သည့်သဝဏ်လွှာ

ချစ်ခင်လေးစားအပ်ပါသော ထားဝယ်တိုင်းရင်းသား မိဘပြည်သူညီအစ်ကိုမောင်နှမများခင်ဗျား-

ယနေ့ ၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်နေ့၊ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော သတ္တမအကြိမ်မြောက် ထားဝယ်အမျိုးသားနေ့အခမ်းအနားတွင် ထားဝယ်တိုင်းရင်းသားများနှင့် တကွ မြန်မာနိုင်ငံအတွင်း မိုတင်းနေထိုင်ကြပါသော ပြည်ထောင်စုဖွားတိုင်းရင်းသားများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပြီး ကောင်းကျိုးလိုအင်ဆန္ဒများဖြင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

■ **ထားဝယ်တိုင်းရင်းသားတို့၏ ယဉ်ကျေးသိမ်မွေ့ပြီး နှစ်လိုဖွယ်ကောင်းသော ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာတည်သရွေ့တည်ရှိနေအောင် လက်ဆင့်ကမ်းကာကွယ်စောင့်ရှောက် . . .**

■ **ထားဝယ်ဒေသသည် အခြားဒေသများနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး ကုန်းလမ်း၊ ရေလမ်းများဆုံရာနေရာတွင်တည်ရှိပါသည်။ ထိုကဲ့သို့ စီးပွားရေးအရ အချက်အချာကျသည့်နေရာဖြစ်ခြင်းကြောင့်လည်း တစ်နှစ်ထက်တစ်နှစ် စီးပွားရေးဖွံ့ဖြိုးတိုးတက်နေပြီး မြန်မာနိုင်ငံ စီးပွားရေးတိုးတက်မှုအတွက် အထောက်အကူပြုသည့်ဒေသအဖြစ် တည်ရှိနေ . . .**

■ **ထားဝယ်အထူးစီးပွားရေးဇုန်သည်လည်း မြန်မာနိုင်ငံအတွက်သာမက ဒေသတွင်းနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်ခြင်းကြောင့် ဒေသခံထားဝယ်လူမျိုးတို့မှ လုပ်ငန်းတိုးတက်အောင်မြင်မှုရှိအောင် ဝိုင်းဝန်းကြိုးပမ်း . . .**

၂၀၁၇ ခုနှစ်မှစတင်၍ နှစ်စဉ် နတ်တော်လဆန်း(၁)ရက်နေ့တွင် ထားဝယ်လူမျိုးစုစည်းမှုကော်မတီ၏ ဦးဆောင်မှုဖြင့် ထားဝယ်အမျိုးသားနေ့ကို စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ခဲ့သည်မှာ ယခုအခါ သတ္တမအကြိမ်မြောက်သို့ ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ ထိုကဲ့သို့ ထားဝယ်လူမျိုးတို့၏ စည်းလုံးညီညွတ်မှုကိုဖော်ပြခွင့်ရသည့် အမျိုးသားနေ့အခမ်းအနားတွင် မိမိအနေဖြင့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခွင့်ရသည့်အတွက်လည်း များစွာဂုဏ်ယူမိပါသည်။

မြန်မာနိုင်ငံတွင် ထားဝယ်လူမျိုးများအပါအဝင် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည် ရှေးနှစ်ပေါင်းများစွာကတည်းကပင် အတူတကွ ချစ်ကြည်ရင်းနှီးစွာနေထိုင်ခဲ့ကြပြီး တိုင်းရင်းသားအချင်းချင်း အပြန်အလှန် ကူးလူးဆက်ဆံခဲ့ကြသည်ကိုတွေ့ရှိရပါသည်။ ကိုလိုနီနယ်ချဲ့တို့လက်အောက် ကျရောက်ခဲ့ချိန်တွင်လည်း ထားဝယ်တိုင်းရင်းသားတို့အနေဖြင့် အခြားသောမျိုးချစ်တိုင်းရင်းသားများနှင့်အတူ နယ်ချဲ့တို့အား ဆန့်ကျင်တော်လှန်ခဲ့ခြင်းဖြင့် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာစွာ တည်ရှိမှုကို သက်သေပြသနိုင်ခဲ့ပါသည်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင်လည်း ထားဝယ်လူမျိုးတို့၏ နိုင်ငံတော်လွတ်လပ်ရေးရရှိရန်အတွက် စွန့်လွှတ်အနစ်နာခံစိတ်များဖြင့် အခြားသောမျိုးချစ်တိုင်းရင်းသားများနှင့်အတူ အသက်ခန္ဓာကိုမငဲ့ကွက်ဘဲ ပါဝင်တိုက်ပွဲဝင်ခြင်းဖြင့် ပြည်ထောင်စုသားများ၏ သွေးချင်းနီးစပ်မှုကို ပြသနိုင်ခဲ့ပြီးဖြစ်ပါသည်။ ရှေးဘိုးဘွားတို့ထားရစ်ခဲ့သည့် လွတ်လပ်ရေးအမွေကို ထပ်မံမဆုံးရှုံးစေရေးအတွက် ထားဝယ်လူမျိုးများအပါအဝင် တိုင်းရင်းသားလူမျိုးအားလုံးတို့က တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ်များ ထက်သန်နေအောင် တည်ဆောက်နေကြရမည်ဖြစ်ပါသည်။

ထားဝယ်တိုင်းရင်းသားတို့အနေဖြင့်လည်း အခြားသော မြန်မာတိုင်းရင်းသားတို့နည်းတူ ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှုတွင် တူညီမှုရှိပါသည်။ ထိုဗုဒ္ဓဘာသာကိုအခြေခံသည့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကိုလည်း ထားဝယ်လူမျိုးတို့အနေဖြင့် မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်ကို ဂုဏ်ယူဖွယ်ရာတွေ့မြင်ရပါသည်။ ထိုကဲ့သို့ ထားဝယ်တိုင်းရင်းသားတို့၏ ယဉ်ကျေးသိမ်မွေ့ပြီး နှစ်လိုဖွယ်ကောင်းသော ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာတည်သရွေ့တည်ရှိနေအောင် လက်ဆင့်ကမ်း ကာကွယ်စောင့်ရှောက်ကြရန် လိုပါသည်။

ထားဝယ်ဒေသသည် မြန်မာနိုင်ငံတောင်ပိုင်းတွင်တည်ရှိပြီး ပင်လယ်ကမ်းရိုးတန်းနှင့် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတများပေါကြွယ်ဝသည်ကို တွေ့ရှိရပါသည်။ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ၊ ကုန်သွယ်မှုလုပ်ငန်းများ၊ ခရီးသွားလာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် အခြေခံကောင်းများနှင့် အခွင့်အလမ်းကောင်းများဖြင့်ပြည့်စုံသည့်ဒေသဖြစ်ပါသည်။ ထားဝယ်ဒေသသည် အခြားဒေသများနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး ကုန်းလမ်း၊ ရေလမ်းများဆုံရာနေရာတွင်တည်ရှိပါသည်။ ထိုကဲ့သို့ စီးပွားရေးအရ အချက်အချာကျသည့်နေရာဖြစ်ခြင်းကြောင့်လည်း တစ်နှစ်ထက်တစ်နှစ် စီးပွားရေးဖွံ့ဖြိုးတိုးတက်နေပြီး မြန်မာနိုင်ငံ စီးပွားရေးတိုးတက်မှုအတွက် အထောက်အကူပြုသည့်ဒေသအဖြစ် တည်ရှိနေပါသည်။ ထို့ပြင် ထားဝယ်အထူးစီးပွားရေးဇုန်သည်လည်း မြန်မာနိုင်ငံအတွက်သာမက ဒေသတွင်းနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်ခြင်းကြောင့် ဒေသခံထားဝယ်လူမျိုးတို့မှ လုပ်ငန်းတိုးတက်အောင်မြင်မှုရှိအောင် ဝိုင်းဝန်းကြိုးပမ်းကြရန်လိုပါသည်။

ယနေ့အချိန်အခါတွင် မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် နိုင်ငံတော်၏ ဒီမိုကရေစီလမ်းကြောင်းခိုင်မာရေးအတွက် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နေသကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝများကောင်းမွန်လာစေရေးအတွက် အခြေခံအုတ်မြစ်များခိုင်မာစေရေး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထားဝယ်တိုင်းရင်းသားတို့အနေဖြင့် နိုင်ငံတော်အစိုးရ၏ဆောင်ရွက်ချက်များကို အားပေးထောက်ခံပြီး ပြည်ထောင်စုအကျိုးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးနေသည်ကိုတွေ့ရှိရပါသည်။ ထားဝယ်လူမျိုးတို့အနေဖြင့် ထားဝယ်ဒေသရှိ စီးပွားရေးဆိုင်ရာအခွင့်အလမ်းကောင်းများကိုအခြေပြုပြီး ပြည်ထောင်စုတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးစားအကောင်အထည်ဖော်သွားရမည်ဖြစ်ပါသည်။

ထားဝယ်လူမျိုးတို့အနေဖြင့် သမိုင်းစဉ်ဆက်ဂုဏ်ယူဖွယ်ရာကောင်းမွန်ခဲ့သည့် သမိုင်းမှတ်တမ်းများကို ဆက်လက်ထိန်းသိမ်းပြီး မှတ်ကျောက်တင်ခံနိုင်မည့် သမိုင်းအသစ်များကို ဆက်လက်ရေးထိုးကြရမည်ဖြစ်ပါသည်။ ပြည်ထောင်စုစိတ်ဓာတ်ကိုအရင်းခံ၍ ထားဝယ်ဒေသရှိ ရှိရင်းစွဲအရင်းအမြစ်များကို မှန်ကန်စွာအသုံးချပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်၍ ထားဝယ်လူမျိုးတို့၏စည်းလုံးညီညွတ်မှုကို ဖော်ထုတ်ပြသနိုင်ပါစေကြောင်း တိုက်တွန်းနှိုးဆော်ရင်း ထားဝယ်အမျိုးသားနေ့ကို ဂုဏ်ပြုဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မမင်းအောင်လှိုင်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ်

ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ကျောင်းသားများ ရိုးရာခြင်းလုံးဖြင့် သရုပ်ပြဖျော်ဖြေရန် စနစ်တကျလေ့ကျင့်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၃၀

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ Indoor Stadium(B)ရုံ၌ ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်ဖျော်ဖြေကြမည့် အစိုးရနည်းပညာအထက်တန်းကျောင်း(နေပြည်တော်)မှ ကျောင်းသား၊ ကျောင်းသူ ၂၇၀ ဦးမှ ထိုးကွင်းလေးနှင့် ခြင်းခတ်သူနောက်ခံသီချင်းဖြင့် မြန်မာ့ရိုးရာခြင်းလုံးကို ခြင်းခတ်ကစားကြရင်း နိုင်ငံတော်အလံပုံအပါအဝင် အုပ်စုဖွဲ့ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ဟန်ချက်ညီညီ အစမ်းလေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေးစဉ် ဒုတိယဝန်ကြီးက နိုင်ငံတော်အဆင့်အားကစားပွဲတော်အခမ်းအနား၌ ပါဝင်ဖျော်ဖြေရမည်ဖြစ်ကာ မြန်မာ့ရိုးရာအားကစားယဉ်ကျေးမှုအမွေကို မတိမ်ကော မပပျောက်အောင် မျိုးဆက်သစ်လူငယ်များက လက်ဆင့်ကမ်းသယ်ဆောင်ခြင်းဖြစ်၍ ဂုဏ်ယူစရာပင်ဖြစ်ရာ အားလုံးကို လှိုက်လှိုက်လဲ့လဲ့ချီးကျူးဂုဏ်ပြုကြောင်း ပြောကြားပြီး ဒုတိယဝန်ကြီးက ကျောင်းသား။ ကျောင်းသူများထံ အားဖြည့်အချီရည်၊ အားဆေးများနှင့် ဂုဏ်ပြုငွေတို့ကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဘော်လီဘောလေ့ကျင့်ရေးရုံ(၁)၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကိုယ်စားပြု ဘော်လီဘော(အမျိုးသား) အားကစားအသင်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနကိုယ်စားပြု ဘော်လီဘော(အမျိုးသား) အားကစားအသင်းတို့ လက်ရည်စမ်းပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲအပြီးတွင် ဒုတိယဝန်ကြီးက နှစ်ဖက်အသင်းမှ အုပ်ချုပ်သူများ၊ နည်းပြများနှင့်အားကစားသမားများကို ဂုဏ်ပြုငွေများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(၅၀၀)

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြု အားကစားအသင်းများလေ့ကျင့်နေမှု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ကြည့်ရှုအားပေး



နေပြည်တော် နိုဝင်ဘာ ၃၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ယနေ့မွန်းလွဲပိုင်းတွင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကာကွယ်ရေးဝန်ကြီးဌာန ကိုယ်စားပြုအားကစားအသင်းများ ဇေယျာသီရိအားကစားကွင်းအတွင်း လေ့ကျင့်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီးသည် ဇေယျာသီရိအားကစားကွင်း (B)ရုံ၌ အမျိုးသား/အမျိုးသမီး ဘော်လီဘောအသင်းနှင့် ပိုက်ကျော်ခြင်းအသင်းတို့၏လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးပြီး အသင်းအုပ်ချုပ်သူနှင့် နည်းပြများက ပြိုင်ပွဲဝင်အားကစားသမားများ စုဖွဲ့လေ့ကျင့်မှုအခြေအနေ၊ အုပ်ချုပ်ထောက်ပံ့ဆောင်ရွက်ပေးနိုင်မှုအခြေအနေနှင့် ပြိုင်ပွဲယှဉ်ပြိုင်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဇေယျာသီရိဘောလုံးအားကစားကွင်းအတွင်း အမျိုးသားဘောလုံးအသင်းနှင့်ပြေးခုန်ပစ်အားကစားသမားများလေ့ကျင့်နေမှုကို ကြည့်ရှုအားပေးပြီး အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ကြည့်ရှုအားပေးစဉ် ပြည်ထောင်စုဝန်ကြီးက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနကိုယ်စားပြုယှဉ်ပြိုင်ကြမည့် အားကစားသမားများအနေဖြင့် အသင်းအဖွဲ့စိတ်ဓာတ်၊ အားကစားစိတ်ဓာတ်အပြည့်ဖြင့် နိုင်ငံ့ဂုဏ်ကိုမြှင့်တင်နိုင်မည့် ဌာနဂုဏ်ဆောင်၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများဖြစ်အောင် အလေးထားကြိုးစားကြရန်၊ အားကစားဖြင့် နိုင်ငံနှင့်လူမျိုး၏ဂုဏ်ကို မြှင့်တင်နိုင်ရေး ရည်မှန်းချက်ထားဆောင်ရွက်သွားကြရန် မှာကြားပြီး အားကစားသမားများကို အင်အားဖြည့်အစားအစာများနှင့် ချီးမြှင့်ငွေပေးအပ်သည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ဘောလုံး (အမျိုးသား)၊ ဘော်လီဘော (အမျိုးသား/အမျိုးသမီး)၊ ပိုက်ကျော်ခြင်း (အမျိုးသား)၊ ဖူဆယ်(အမျိုးသား)၊ ပြေးခုန်ပစ်(အမျိုးသား/အမျိုးသမီး)နှင့် ဂေါက်သီးရိုက်(အမျိုးသား) အားကစားနည်းခြောက်မျိုးကို အားကစားသမား ၁၃၃ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ (၅၀၀)

တတိယအကြိမ် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ နဝမပုံမှန်အစည်းအဝေးကျင်းပ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် ပိုက်ကျော်ခြင်းအသင်း စခန်းဝင်လေ့ကျင့်နေမှုကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၃၀



တတိယအကြိမ်မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ နဝမပုံမှန်အစည်းအဝေး(၄/၂၀၂၄)ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိမြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နာယကများ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အင်ဂျင်နီယာအထူးပြုပညာရပ်အလိုက် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဝင်များတက်ရောက်ပြီး မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နာယက ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမမှ Virtual စနစ်ဖြင့် တက်ရောက်သည်။

ဦးစွာပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီသည်ကောင်စီဥပဒေနှင့် နည်းဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်၍ ၂၀၂၄ ခုနှစ် အောက်တိုဘာလအထိ A Tech ၄၈၁ ဦး၊ AG Tech ၁၄၅ ဦး၊ AE ၁၃၀၄၀၊ RE ၁၄၄၇၂ ဦး၊ RSE ၄၀၉၂ ဦး၊ PE ၁၂၉၄ ဦး၊ ACPE ၆၂၈ ဦး၊ RLE ၁၂ ဦး၊ RFPE ၁၀ ဦးတို့ကို မှတ်ပုံတင်လက်မှတ်များ ထုတ်ပေးနိုင်ခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း၌ AE ငါးဦး၊ RE ၁၃ ဦး၊ RSE ၂၂ ဦး၊ PE ၁၆ ဦး၊ A Tech ငါးဦးတို့သည် မှတ်ပုံတင်လက်မှတ်များရရှိရေးအတွက် လျှောက်ထားလာသည်ကိုတွေ့ရှိရကြောင်း၊ အင်ဂျင်နီယာအထူးပြုဘာသာရပ်ဆိုင်ရာအရည်အသွေးစိစစ်အသိအမှတ်ပြုရေးလုပ်ငန်းကော်မတီအနေဖြင့် ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း၌ နည်းပညာတက္ကသိုလ်လေးခုမှ အင်ဂျင်နီယာဘွဲ့ သင်တန်း ၂၅ ခုကို အရည်အသွေးစိစစ်အသိအမှတ်ပြုသင်တန်း (Full Accredited Programme) များအဖြစ် စိစစ်ပေးအပ်ခဲ့ခြင်း၊ နည်းပညာတက္ကသိုလ်ကိုးခုတို့မှသင်တန်းပေါင်း ၅၃ ခုတို့ကို ပဏာမအရည်အသွေးစိစစ်အသိအမှတ်ပြုခြင်း၊ နည်းပညာတက္ကသိုလ်နှစ်ခုမှ သင်တန်းပေါင်းသုံးခုတို့ကို ကြားကာလသင်တန်းများ (Interim Programmes) ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအနေဖြင့် အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ) နှင့် အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) တို့၌ စီမံကိန်းလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေးနှင့် တပ်ဆင်ထားရှိသည့်စက်ပစ္စည်းများ စစ်ဆေးပြုပြင်ခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် တက်တက်ကြွကြွပါဝင်ဆောင်ရွက်ပေးခဲ့သဖြင့် အထူးပင်ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌက လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းဆောင်ရွက်ချက်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ ဒုတိယဥက္ကဋ္ဌ(၁)က ၂၀၂၄ ခုနှစ်အတွင်း ဆောင်ရွက်ရန်လျာထားသည့်လုပ်ငန်းများနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ကောင်စီအတွင်းရေးမှူးက ကောင်စီအဋ္ဌမပုံမှန်အစည်းအဝေး (၃/၂၀၂၄)မှ ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သည့်ကိစ္စရပ်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဒုတိယဥက္ကဋ္ဌ(၂)က အင်ဂျင်နီယာအထူးပြုပညာရပ်အလိုက် လုပ်ငန်းအဖွဲ့များ၏လုပ်ငန်းဆောင်ရွက်ထားမှုအခြေအနေ၊ လုပ်ငန်းကော်မတီများက ၂၀၂၄ ခုနှစ် ပထမသုံးလပတ်ကာလအတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အကျဉ်းချုပ်အခြေအနေတို့ကိုဆွေးနွေးကြပြီး မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင်ပြည်ထောင်စုဝန်ကြီးသည် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် ပိုက်ကျော်ခြင်းအသင်းဝင်များမနားမြို့ရှိ ပေါင်းလောင်းအားကစားကွင်းတွင် စခန်းဝင်လေ့ကျင့်နေမှု၊ ဂေါက်သီးရိုက်အားကစားသမားများ ဇမ္ဗူသီရိမြို့နယ်ရှိ မြို့တော်ဂေါက်ကွင်းတွင် လေ့ကျင့်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကာ အားကစားသမားများအား ထောက်ပံ့ငွေများပေးအပ်သည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် စက်မှုဝန်ကြီးဌာနမှ ဂေါက်သီးရိုက်၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်အားကစားတို့၌ အားကစားသမား ၂၆ ဦး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

(၅၀၀)

မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော သို့ ဆောင်းခိုငှက်များ စတင်ဝင်ရောက်

ရန်ကုန် နိုဝင်ဘာ ၃၀

မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော သို့ ယခုနှစ် ဆောင်းရာသီအစပိုင်းတွင် ဆောင်းခိုငှက် ၂၉ မျိုး စတင်ဝင်ရောက်နေပြီဖြစ်ကြောင်း မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှသိရသည်။

"မိုးယွန်းကြီးအင်းကို ဆောင်းခိုငှက်တွေ ဝင်ရောက်လာတယ်ဆိုတာ အင်းထဲမှာ အစာရေစာပေါများပြီး နေရာဒေသကောင်းမွန်ကြောင်းကို ပြသနေတာဖြစ်လို့ သဘာဝအခြေခံခရီးသွားလုပ်ငန်းကိုလည်း အထောက်အပံ့ကောင်းတွေ ရရှိစေပါတယ်။ ငှက်ဝါသနာရှင်တွေ၊ ပြည်တွင်းပြည်ပခရီးသွားတွေ အပန်းဖြေရာနေရာတစ်ခုအဖြစ်နဲ့ ခရီးသွားလုပ်ငန်းကိုလည်း အကျိုးပြုနေတာမို့ မိုးယွန်းကြီးအင်းရဲ့ ဂေဟစနစ်ကောင်းမွန်ရှင်သန်နေဖို့ ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေပါတယ်"ဟု မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။


ဇက ၂၅၆၀၀ ကျယ်ဝန်းသော မိုးယွန်းကြီးအင်းတွင် ယမန်နှစ် ဆောင်းခိုငှက်ရာသီ၌ ဆောင်းခိုငှက်မျိုးစိတ် ၁၁၂ မျိုး ဝင်ရောက်ခဲ့ပြီး ယခုနှစ်တွင်လည်း ဆောင်းခိုငှက်မျိုးစိတ် ရာကျော်ဝင်ရောက်နိုင်ကြောင်း မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ ခန့်မှန်းထားသည်။

ယခုနှစ် ဝင်ရောက်လာသော ဆောင်းခိုငှက်မျိုးစိတ် ၂၉ မျိုးတွင် ဘဲရစ်၊ ဘဲပြာကလေး၊ ရေကြက်ခုံ၊ တစ်တီတူး၊ ငါးဟစ်မွဲ၊ တောဝမ်းဘဲ၊ တလိုင်းခေါင်း၊ မယ်ညို၊ ခြေနီရေဇော့ငှင့်၊ မြစ်တွေးငှက်နှင့် စစ်စလီငှက်အပါအဝင် ရှားပါးမျိုးစိတ်ဝင်ခရုစုတ်ခေါင်းမည်းငှက်မျိုးစိတ်လည်း ဝင်ရောက်နားခိုလျက်ရှိကြောင်း သိရသည်။

ဇီဝမျိုးစုံမျိုးကွဲများ ရှင်သန်ကျက်စားရာ မိုးယွန်းကြီးအင်းဘေးမဲ့တောတွင် ဆောင်းရာသီ၌ နို့တိုက်သတ္တဝါ ၁၂၀၊ ကုန်းနေရေနေနှင့် တွားသွားသတ္တဝါ ၂၈ မျိုး၊ အင်းဆက် ၃၃ မျိုး၊ ဌာနေငှက် ၇၇ မျိုး၊ ငါးမျိုးစိတ် ၄၄ မျိုးနှင့် ရေနေပင် ၇၄ မျိုးတို့ ရှင်သန်တည်ရှိလေ့ရှိကြောင်း သိရသည်။

မိုးယွန်းကြီးအင်းသို့ ဝင်ရောက်လာသော ဆောင်းခိုငှက်များသည် ပျံသန်းရာလမ်းကြောင်းကိုးခုအနက်မှ အာရှ-ဩစတြေးလျှငှက်ပျံသန်းရာလမ်းကြောင်း၊ အာရှအလယ်ပျံသန်းရာလမ်းကြောင်းနှင့် အနောက်အာရှ - အရှေ့အာဖရိကလမ်းကြောင်းတို့မှဝင်ရောက်လာခြင်းဖြစ်ကြောင်း သိရသည်။ **ညီမ်းသူ(သတင်းစဉ်)**

ဓာတ်ပုံ - ကနူး



လူထုသိပ္ပံကျမ်းအတွဲ(၈)နှင့်အတွဲ(၉)စာအုပ်များ ထုတ်ဝေဖြန့်ချီ

နေပြည်တော် နိုဝင်ဘာ ၃၀

သိပ္ပံပညာသည် အသိဉာဏ်မည်သည်။ သိပ္ပံပညာရပ်များသည် ပညာရပ်အလိုက် လူကို အသိဉာဏ်ပေးကြသည်။ လူ့ဘဝတွင် နေ့စဉ်နှင့် အမျှ ပြဿနာများနှင့် ကြုံတွေ့ရသည့်အခါ ဖြေရှင်းရန်အတွက် အသိဉာဏ်ကိုအသုံးပြုရသည်။ ထိုအသိဉာဏ်များတိုးတက်ပွားများစေရန်ရည်ရွယ်၍ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း(စာပေဗိမာန်)သည် "လူထုသိပ္ပံကျမ်းတွဲများ"ကို ဘာသာပြန်ဆိုထုတ်ဝေခဲ့ရာ ၁၉၅၅ ခုနှစ်မှ ၁၉၅၈ ခုနှစ်အတွင်း လူထုသိပ္ပံကျမ်းအတွဲ(၁)မှ အတွဲ(၉)အထိ ထုတ်ဝေခဲ့သည်။

ထိုခေတ်အခါက လူထုသိပ္ပံကျမ်းများကို ယနေ့ခေတ် ပြည်သူလူထုသိရှိလေ့လာနိုင်ရန် အလို့ငှာ စာပေဗိမာန်က ပြန်လည်ထုတ်ဝေလိုက်ပါသည်။ ထိုစဉ်က ဝေါဟာရအသုံးအနှုန်းများနှင့် အသံဖလှယ်မှု(Transliteration)ပညာရပ်ကို မျိုးဆက်သစ်များ ဗဟုသုတရစေရန် အတွက် စာလုံးပေါင်းသတ်ပုံများကို ခေတ်နှင့်လျော်ညီအောင်ပြင်ဆင်သည်မှအပ စကားလုံးအများစုကို မူရင်းအတိုင်း ပြန်လည်ဖော်ပြထားသည်။

လူထုသိပ္ပံကျမ်း အတွဲ(၈)တွင် ကြယ်များနှင့် နဂါးငွေ့များ၊ သတ္တုမဟုတ်သည့် ဒြပ်စင်များ၊ ဖန်တီးဆင့်ကဲဖြစ်လာခြင်း၊ သစ်တောမှအပင်များ၊ ပင်လယ်စစ်သားများ၊ ကျွန်ုပ်တို့၏ သွေးလှည့်အဖွဲ့၊ အစာကြောင့်ကိုယ်တွင်းအဆိပ်သင့်ခြင်း၊ အီလက်ထရွန်နစ်၊ ဂူများမှ မိုးထိုးအဆောက်အအုံများသို့ စသည်တို့၏ အကြောင်းကို စာစုပေါင်းကိုးခုဖြင့်လည်းကောင်း၊ လူထုသိပ္ပံကျမ်းအတွဲ(၉)တွင် စကြဝဠာ၊ ကမ္ဘာမြေ၊ ဘဝအကြောင်းရပ်၊ ကမ္ဘာ့အပင်၊ ကမ္ဘာ့တိရစ္ဆာန်၊ လူ၊ ကျန်းမာရေး၊ ဒြပ်နှင့်စွမ်းအင်၊ သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး၊ စက်မှုလက်မှု၊ အတ္ထုပ္ပတ္တိများ၊ အိမ်တွင်းသိပ္ပံဟူ၍ သိပ္ပံပညာသုတေသနလုပ်ငန်းများကို စာစုပေါင်း ၁၂ ခုဖြင့်လည်းကောင်း ဖော်ပြထားသည်။

"လူထုသိပ္ပံကျမ်း" အတွဲ(၈)နှင့်အတွဲ(၉) စာအုပ်များကို ၁၉၅၈ ခုနှစ်တွင် မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း (စာပေဗိမာန်)က ပထမအကြိမ် ထုတ်ဝေခဲ့ပြီး ယခုအခါတွင် စာပေဗိမာန်က စာပေချစ်ပရိသတ်များသိရှိလေ့လာနိုင်ရန် ဒုတိယအကြိမ်အဖြစ် ပြန်လည်ပုံနှိပ်ထုတ်ဝေခြင်းဖြစ်သည်။

"လူထုသိပ္ပံကျမ်း" အတွဲ(၈)စာအုပ်တွင် စာမျက်နှာ ၂၄၄ မျက်နှာပါဝင်ပြီး တန်ဖိုးငွေကျပ် ၄၅၀၀ ဖြင့်လည်းကောင်း၊ "လူထုသိပ္ပံကျမ်း" အတွဲ(၉)စာအုပ်တွင် စာမျက်နှာ ၂၈၀ ပါဝင်ပြီး တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့်လည်းကောင်း ရန်ကုန်မြို့ အမှတ်၅၂၉-၅၃၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၄၄၈)၊ အမှတ်(တ-၅၅)၊ သပြေကုန်းစျေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင်(ဖုန်း ၀၆၇-၃၄၁၄၈၁၊ ၀၉-၄၄၉၅၄၀၆၆၇)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင်(ဖုန်း-၀၂-၄၀၃၀၁၈၆)နှင့် အမြို့မြို့ရှိစာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၊ ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန(ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၄၄၈)သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သင်ထောက်ကူလက်တွေ့အသုံးချသင်ကြားမှု အရည်အသွေးမြှင့်တင်ရေးသင်တန်းဖွင့်လှစ်



မော်လမြိုင် နိုဝင်ဘာ ၃၀

မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ယနေ့နံနက်ပိုင်းတွင် အခြေခံပညာအထက်တန်းဆင့်သင် ဆရာ၊ ဆရာမများ သင်ထောက်ကူလက်တွေ့အသုံးချသင်ကြားမှုအရည်အသွေးမြှင့်တင်ရေးသင်တန်းဖွင့်ပွဲ ပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ အခမ်းအနားတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက အဖွင့်အမှာစကားပြောကြား၍ ဒေါက်တာအောင်မြတ်ကျော်စိန်က အမှာစကားပြောကြားခဲ့သည်။

၎င်းနောက် မွန်ပြည်နယ်ပညာရေးမှူးဒေါ်နန့်စယ်လီလှိုင်မှ သင်တန်းဆိုင်ရာကိစ္စရပ်များ ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသူများက သင်တန်းအတွက်ခင်းကျင်းပြသထားသော ဇီဝဗေဒ/ရူပဗေဒ/ဓာတုဗေဒ သင်ထောက်ကူပစ္စည်းများကို လှည့်လည်ကြည့်ရှုခဲ့သည်။

အဆိုပါ သင်တန်းအား နိုဝင်ဘာလ ၃၀ ရက်မှ ဒီဇင်ဘာလ ၁ ရက်အထိ သင်တန်းသား ဆရာ၊ ဆရာမ ၈၈၄ ဦးဖြင့် ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။ **(၄၀၆)**

စမ်းဝတီသဘာဝမြေဩဇာနှင့် ကွန်ပေါင်းမြေဩဇာသုံးစွဲနည်း အသိပညာပေးဟောပြော

ကျောက်ဆည် နိုဝင်ဘာ ၃၀

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ရှားပင်ကျေးရွာ ရွာလယ်ခမ္မာရုံ၌ တောင်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် သီးနှံများအောင်မြင်ဖြစ်ထွန်းရေး စမ်းဝတီသဘာဝမြေဩဇာနှင့် ကွန်ပေါင်းမြေဩဇာသုံးစွဲနည်းအသိပညာပေးဟောပြောပွဲနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို နိုဝင်ဘာလ ၂၉ ရက်နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ထွန်းဦးက စမ်းဝတီမြေဩဇာတွင် စိုက်ပျိုးမြေဆီလွှာအတွက် လိုအပ်သော ဂျပ်ပဆမ်ကျောက်၊ လင်းနို့ချေး၊ အရိုး မြေဩဇာနှင့် နွားချေး၊ ကြက်ချေး စသည့်တိရစ္ဆာန်များ၏ ဆွေးမြည့်ပစ္စည်းများနှင့် အပင်ဆွေးမြည့်ပစ္စည်းများဖြင့် စနစ်တကျပေါင်းစပ်ထုတ်လုပ်ထားပြီး မြေဆီလွှာများအတွက် သီးနှံသက်တမ်းတစ်လျှောက်လိုအပ်သည့်အာဟာရဓာတ်များကို ပုံမှန်ထုတ်လုပ်ပေးနိုင်သော သဘာဝမြေဩဇာတစ်မျိုးဖြစ်ကြောင်းနှင့် မြေဩဇာအာနိသင်ထက်သန်ကောင်းမွန်စေရန်အတွက် အဏုဇီဝပိုးများကို ထည့်သွင်းအသုံးပြုထားသောကြောင့် မြေကို ကောင်းမွန်စွာပြုပြင်နိုင်ပြီး ရေရှည်တည်တံ့သော စိုက်ပျိုးရေးအတွက် အကျိုးပြုစေရန်ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တောင်သူများအား စမ်းဝတီမြေဩဇာများ မဲဖောက်ပေးပြီး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးကာ တက်ရောက်လာသောတောင်သူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြသည်။

စမ်းဝတီမြေဩဇာသည် စိုက်ပျိုးသီးနှံတစ်ပင်ချင်းမှလိုအပ်သောအာဟာရဓာတ်များကို မျှတစွာရရှိသောကြောင့် အပင်များလျင်မြန်စွာ အားပြည့်စေခြင်း၊ ဓာတ်ပြုကွဲဆုံးရှုံးမှုမရှိခြင်း၊ မြေဆီလွှာတွင်ပါဝင်သော N,P,K,S..Organic Matter နှင့် အခြားဓာတ်ပေါင်းများမှာ သီးနှံသက်တမ်းတစ်လျှောက် အာဟာရဖြည့်တင်းပြီးသည့်တိုင် နောက်သီးနှံများအတွက်ပါ ကောင်းမွန်ခြင်း၊ သဘာဝပစ္စည်းများဖြင့် ပြုလုပ်ထားသည့်အတွက် သုံးစွဲသည့်တောင်သူများအနေဖြင့် မြေဩဇာသုံးစွဲခြင်းအန္တရာယ်မှ ရာနှုန်းပြည့်ကင်းဝေးစေပြီး သီးနှံပင်များ ပိုမိုဖွံ့ဖြိုး၍ အထွက်တိုးစေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

*** ကျောဝိုးမှအဆက်**

အဆိုပါဆုချီးမြှင့်ပွဲအခမ်းအနားကို ယင်းနေ့နံနက် ၉ နာရီ မိနစ် ၂၀ မှစတင်ပြီးမြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV-HD၊ MRTV Parliament၊ MWD HD၊ MWD Variety HD Channel၊ မြန်မာ့အသံရေဒီယို၊ သဇင် FM၊ MOI Website၊ MOI Youtube၊ MRTV App အပါအဝင် MRTV Online Platform တို့မှ တိုက်ရိုက်(LIVE)ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။ (သတင်းစဉ်)

မြတ်နိုးဖွယ်ရာမြန်မာကဗျာ

ချစ်ခင်ပန်း

* မေတ္တာ ချစ်ပန်း၊ ပွင့်လန်း သန်ရှင်
စာဆို့ရင်ထဲ၊ အမြဲ ထာဝစဉ်
ပန်ဆင် ကြူမွှေး၊ ခွင့်ပေး သည်ပင်
မပန်လဲ၊ စိတ်ထဲမငြိုငြင်။

* မိုးပေါ် ငွေလ၊ ရွှန်းပသည့်သွင်
ငွေကြယ်စိန်ပြောက်၊ ထွန်းတောက်သည်ပင်
ပိုးစုန်းငယ်လဲ၊ မြိုင်ထဲ ပျော်ရွှင်
အလှများ၊ အင်အားကိုယ်စီပင်။

* ပေးယူ တူမျှ၊ ရကြစေချင်
ကိုယ်ပြုသည်က၊ ကိုယ့်ဘဝကံပင်
ဉာဏ်စဉ် နိမ့်မြင့်၊ တွေးချင့် ဆင်ခြင်
ရှေ့ခရီး၊ ဝေးနီးအမှန်မြင်။

* လောကတစ်ဝှမ်း၊ ငြိမ်းချမ်းစေချင်
ကဗျာ ချိုအေး၊ ဖွဲ့ရေးသီဆင်
လေးပေါ့ တိမ်နက်၊ ချိန်စက်စေချင်
ကဗျာတော၊ သာမောကာရန်ဆင်။

* ဘဝခရီး၊ နီးဝေး ဆင်ခြင်
နေဝင် မီးငြိမ်း၊ ပွဲသိမ်းမည်ပင်
မောဟ မှောင်တော၊ နစ်မြောနေလျှင်
နွေအရောက်၊ ကြွေခြောက်ရွက်ဝါသွင်။

* ချစ်ခြင်းကိုရှု၊ ကြောင်းပြုမြော်မြင်
ကဗျာတစ်ပုဒ်၊ ရေးထုတ်ဆင်ယင်
မိတ်ဆွေတို့တွက်၊ မပျက်သန့်ရှင်
ချစ်ခင်ပန်း၊ ပွင့်လန်းစာဆို့ရင်။ ။

မြင်းမူမောင်နိုင်မိုး

သဇင်(FM)အသံလွှင့်အစီအစဉ်

၁-၁၂-၂၀၂၄(တနင်္ဂနွေ)

၁။ ၀၈:၀၀	မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ	၃။ ၁၃:၅၀	Music Crazy
၂။ ၁၀:၄၀	နိပါတ်တော်လာ သိမှတ်စရာ	၄။ ၁၃:၅၅	Sporty Zone
		၅။ ၁၄:၂၀	Relaxing Moment
		၆။ ၂၁:၄၀	အသံလွှင့်ဇာတ်လမ်း

ဆောင်းရာသီ အအေးဓာတ်နှင့် ကျန်းမာကြစေရေးအကြောင်း

ရှေးလူကြီးများက ရေချိုးချိန်ကို နွေ ၉၊ မိုး ၁၀၊ ဆောင်း ၁၁ ဟုဆိုကြသည်။ ဆောင်းရာသီတွင် နံနက် ၁၁ နာရီရေချိုးခြင်းက သင့်လျော်ပါသည်။ ချမ်းအေး၍ ရေချိုးရခက်နေပါက ဦးစွာသွားတိုက်ပါ။ ပြီးမှ ရေချိုးပါ။ သွားတိုက်နေစဉ် လည်ကုပ်နွေး၊ ချိုင်းပူသွားသဖြင့် ရေချိုးရန် မချမ်းနိုင်တော့ပါ။ အအေးကြောက်သူများက ရေနွေးစပ်ပြီးချိုးပေးနိုင်သည်။ သို့သော် ရာသီဥတုမည်မျှအေးပါစေ ရေနွေးနှင့် ခေါင်းမလျှော်သင့်ပါ။ မိမိခန္ဓာကိုယ်တွင်းအပူချိန် ထက်ပို၍ပူသောရေနွေးဖြင့် ခေါင်းလျှော်ခြင်းက ဆံသားကို ကာကွယ်ပေးသည့် သဘာဝအဆီဓာတ်ကို ဆုံးရှုံးသွားကာ ဆံသားများကိုခြောက်သွေ့ကြမ်းတမ်းစေသည်။ ရေနွေးဖြင့် ခေါင်းလျှော်ခြင်းက မျက်စိကို ထိခိုက်စေသည်။

ဆောင်းရာသီ ရေချိုးမကြောက်သင့်သော အကြောင်းရင်း

ဆောင်းရာသီ အအေးဓာတ်ကြောင့် ခန္ဓာကိုယ်ပြင်ပမှ အသားအရေက အေးနေသော်လည်း ခန္ဓာကိုယ်တွင်းအပူက ရာသီဥတုမရွေး ခန္ဓာကိုယ်တွင်းအပူဓာတ်ရှိစမြဲသာဖြစ်သည်။ ဆောင်းရာသီတွင် အအေးဒဏ်ကြောင့် ရေချိုးကြောက်သူများသည် နေ့စဉ်ရေချိုးသူများထက် လေးလံထိုင်းမှိုင်းနေတတ်ပြီး ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။ ရေချိုးခြင်းက ခန္ဓာကိုယ်တွင်းရှိ အပူ၊ အခိုးများကို ဖယ်ရှားလိုက်ပြီး စိတ်ကိုကြည်လင်လန်းဆန်းစေသည်။ ရေမချိုးသူများသည် ခန္ဓာကိုယ်တွင်း အခိုးငုပ်ခြင်း၊ မသန့်ရှင်းခြင်း၊ လေချုပ်ခြင်း၊ သွားနာခြင်း၊ မျက်စိဝေဝါးခြင်း၊ ဆံပင်ကျွတ်ခြင်း၊ ခေါင်းမူး၊ ခေါင်းကိုက်ခြင်းတို့ဖြစ်နိုင်သည်။

ဆောင်းရာသီတွင် ပုံမှန်ရေချိုးခြင်းကြောင့် အဆစ်အမျက်ကိုက်ခဲခြင်းနှင့် ဇက်ကြောတက်ခြင်း ဝေဒနာများမှလည်း ကာကွယ်ရာရောက်သည်။ အကယ်၍ အလွန်ချမ်းအေးသောဒေသတွင် နေထိုင်သူဖြစ်ပါက မိမိနေထိုင်ရာ ပတ်ဝန်းကျင်၊ ရာသီဥတုအအေးဓာတ်ပိုသော နေ့ရက်ပေါ်မူတည်ပြီး တစ်ရက်ခြားတစ်ကြိမ်ခန့် ရေနွေးစပ်၍ ရေချိုးသင့်သကဲ့သို့ ရေနွေးဖြင့် ရေချိုးခြင်းကလည်း အကြောအခြင်များကိုပြေစေကာ ညောင်းညာကိုက်ခဲမှုဝေဒနာများကို သက်သာပြေလျော့စေသည်။

ဆောင်းရာသီနှင့်ရောဂါပြဿနာ

ဆောင်းရာသီရောက်သည့်အခါ အအေးမိသဖြင့် ချောင်းဆိုး၊ အဆုတ်ပူ၊ ပန်းနာရင်ကျပ်၊ တုပ်ကွေးဖျားနာနှင့် အပူကန်လည်ချောင်းနာများ ခံစားရတတ်သည်။

အအေးမိ၊ နှာစေး၊ ချောင်ဆိုးခြင်း

ဆောင်းရာသီတွင် အရွယ်သုံးပါးမရွေး အအေးမိ၊ နှာစေး၊ ချောင်ဆိုးခြင်းဝေဒနာများ တွေ့ကြုံရတတ်သည်။ သို့သော် ကိုယ်ခံအားကောင်းနေပါက အဆိုပါဝေဒနာများကို မတွေ့ကြုံနိုင်ပေ။ ကိုယ်ခံအားကောင်းမွန်စေရန် ဗီတာမင် C မြင့်မားစွာပါရှိသည့် လိမ္မော်သီး၊ သံပရာသီး၊ ရှောက်သီး၊ ဂရိတ်ဖရု စသည့် အသီးများကို စားပေးပါ။ မုန်လာဥနီ၊ မုန်လာဥဖြူ၊ ရွှေဖရုံသီး၊ ကန်စွန်း၌၊ စိမ်းစား၌၊ အာဒါလွတ်၌၊ ကြက်သွန်နီ စသည့် မြေအောက်မြစ်လျှောက် သစ်၌သစ်ဖုများစားပေးပါ။ ငါး၊ အမဲသား၊ ရွှေဖရုံညွှန့်၊ မုန်လာရွက်၊ ဆန်လုံးညို၊ ရေနွေးကြမ်း၊ တလည်းသီး၊ မျှစ်၊ ချဉ်ပေါင်ရွက်၊ ပန်းဂရုတ်ပွ၊ ကျောက်ဖရုံသီး၊ ကြက်ဟင်းခါးသီး၊ ခရမ်းချဉ်သီး၊ စောင်းလျားသီး၊ ချဉ်စော်ကားသီး၊ ပြည်ပန်းညိုရွက်၊ ဒန့်သလွန်ရွက်နှင့် မဲဇလီဖူး၊ မဲဇလီရွက်တို့ကလည်း ဆောင်းတွင်းဓာတ်စာများဖြစ်သည်။ အပူငြိမ်းဝမ်းမှန်စေရန် သဘော်သီးမှည့်၊ ဖီးကြမ်းငှက်ပျောသီးမှည့်စားပါ။ မန်ကျည်းမှည့်ဖျော်ရည်ထဲကို ဆားထည့်သောက်ပါ။ ဗီတာမင် C ကြွယ်ဝပြီး အမျှင်ဓာတ်များသော ဂေါဖီ

ရာသီတုပ်ကွေးဖျားနာခြင်း

ကြက်သားနှင့် ကြက်ရိုးစွပ်ပြုတ်က ကိုယ်ခံအားကောင်းစေရုံသာမက တုပ်ကွေးကြောင့် အအေးမိ၊ နှာစေး၊ ချောင်းဆိုးနှင့် ဖျားနာခြင်းအမျိုးမျိုးတို့အတွက်

''ဆောင်းရာသီတွင် အကြော်အလှော်ဟင်းလျာများက ရင်ပူစေနိုင်၍ အသား၊ ငါးများကို ဆီဖြင့်ကြော်စားခြင်းထက် ချက်ပြုတ်၍ စားခြင်းက ပိုသင့်လျော်သည်။ အဆီများသောနို့နှင့် နို့ထွက်ပစ္စည်းများဖြစ်ကြသည့် ချိစ်၊ မလိုင်၊ ခရင်မ်များ၊ ခရင်မ်ဓာတ်ကဲ့ထားသော ကွတ်ကီးများက နှာခေါင်း၊ လည်ချောင်း၊ ရင်ခေါင်းတို့ကို ပိတ်ဆို့စေသည့်အပြင် အစာမကြေခြင်းကိုပါ ဖြစ်စေနိုင်သည်။ ဂျုံဖြင့်ပြုလုပ်ထားသောအစားအစာများကလည်း ဆောင်းရာသီတွင် အစာမကြေခြင်းကို ဖြစ်စေသည်။ ဓာတုဆေးဝါးသုံး၍ ဖြူဆွတ်အောင်ပြုပြင်ထားသော သကြားများက သွေးဆဲလ်များကို ထိခိုက်စေနိုင်ပြီး ကိုယ်ခံစွမ်းအားယုတ်လျော့စေသဖြင့် အအေးမိ၊ ဖျားနာ၊ ချောင်းဆိုး၊ ကူးစက်ပိုးများကို ခံနိုင်ရည်မရှိတော့ပေ။ အဖြူရောင်သကြားများနှင့် ပြုလုပ်ထားသော အချို ရည်များကိုရှောင်ပါ။

ကူးစက်ပိုးများကို ခံနိုင်ရည်မရှိတော့ပေ. . .''

ထုပ်ကို ဆောင်းရာသီဓာတ်စာဟင်းခါးပူပူလေး အဖြစ် မကြာခဏချက်၍ သောက်သုံးပေးနိုင်သည်။

အဆုတ်ပူရောဂါ

ရေများများသောက်ပါ။ ငှက်ပျောဖူးက ချဲသလိပ်ပျော်ကျစေပြီး အသက်ရှူလမ်းကြောင်း ပွင့်စေသည်။ ပူပူစပ်စပ်စားပါ။ ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ သဘာဝအပူဓာတ်က သွေးလည်ပတ်စီးဆင်းမှုကို အားကောင်းစေပြီး ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။ တရုတ်နံနံ၊ ဟင်းနုနယ်၊ မုန်လာဥနီ၊ ရွှေဖရုံသီး၊ ပန်းငရုတ်ပွ၊ ဘယ်ရီသီး အမျိုးမျိုး၊ လိမ္မော်သီး၊ နာနတ်သီး၊ ဂရိတ်ဖရု၊ အစိမ်းရောင်ပဲသီးအမျိုးမျိုး၊ ပဲစေ့များ၊ အခွံမာသီး၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီအဖြူ၊ ပန်းဂေါ်ဖီစိမ်း၊ ကိုက်လန်၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီများက အဆုတ်ကို အားကောင်းစေသည်။

ပန်းနာရင်ကျပ်ရောဂါ

ပန်းနာရင်ကျပ်ဖြစ်ပါက မုန်ညင်းဆီကို ပရုတ်ဆီနှင့်ရော၍ ကျောနှင့်ရင်ဘတ်အနှံ့ စိမ့်ဝင်သွားအောင် ပွတ်နယ်လိမ်းပေးပါ။ ပျားရည်က ချဲများကို ပျော်ကျစေပြီး အသက်ရှူလမ်းကြောင်းကို ပွင့်စေနိုင်သဖြင့် ပျားရည်ရနံ့ကို ရှူရှိုက်ပေးပါ။ ရေနွေးပူပူတစ်ခွက်ထဲတွင် ပျားရည်လက်ဖက်ရည်ဇွန်းတစ်ဇွန်း ရောဖျော်၍ တစ်နေ့သုံးကြိမ်သောက်ပါ။ ကြက်သွန်ဖြူ ၁၀ မြွှာကို နွားနို့ ၃၀ မီလီလီတာဖြင့်ပြုတ်၍ တစ်နေ့တစ်ကြိမ်သောက်ပါ သို့မဟုတ် ရေနွေးဆူဆူတွင် ကြက်သွန်ဖြူလေးမြွှာခတ်၍ ငါးမိနစ်ခန့် အအေးခံပါ။ နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ်သောက်ပေးခြင်းဖြင့် ပန်းနာရင်ကျပ်ရောဂါကို သိသိသာသာ လျော့ကျစေသည်။

ရောဂါတုပ်ကွေးဗိုင်းရပ်စ်ကူးစက်ခြင်း

ရောဂါတုပ်ကွေးဗိုင်းရပ်စ်ပိုးသည် လေထဲတွင် ရောနှောနေသော ရေငွေ့ပေါက်များ (droplets) ပေါ်တွင် တွယ်ကပ်နေတတ်သည်။ ထိုရေငွေ့ပေါက်များကို ရှူသွင်းမိခြင်း၊ ထိုရေငွေ့ပေါက်များ ကပ်နေသော ပစ္စည်းများကို လက်ဖြင့်ထိတွေ့ပြီးနောက် မျက်နှာ၊ နှာခေါင်း၊ ပါးစပ်တို့ကို လက်ဖြင့်ပွတ်သပ်ခြင်းတို့ကြောင့် ကူးစက်ခံရတတ်သည်။ ထို့ကြောင့် ရောဂါတုပ်ကွေးဗိုင်းရပ်စ်ပိုးကူးစက်ခံရသူများသည် ရောဂါလက္ခဏာများ ပြသနေသည့် ကာလတစ်လျှောက်လုံး အိမ်တွင်းသမားတော်ဖြစ်သည်။ ကြက်သွန်ဖြူထဲတွင် Antiviral (ခေါ်) အေးမိခြင်းကိုဖြစ်စေသော ဗိုင်းရပ်စ်ပိုးများကို တားဆီးကာကွယ်နိုင်သည့် ဂုဏ်သတ္တိနှင့် Antibacterial ခေါ် ဗက်တီးရီးယားပိုးမွှားများအန္တရာယ်မှ ကာကွယ်နိုင်သော သဘာဝစွမ်းအင်များ ပါရှိနေသည်။ ထမင်းစားစဉ် ကြက်သွန်ဖြူကို အနည်းဆုံးတစ်မြွာ ထည့်၍ စားပေးသင့်သည်။ ဒိန်ချဉ်ထဲရှိ Probiotics (ခေါ်) ခန္ဓာကိုယ်အကျိုးပြုဗက်တီးရီးယားများက ကိုယ်ခံစွမ်းအားကို တိုးတက်မြင့်မားလာစေသည်။ ကိုယ်ခံစွမ်းအားမြှင့်တင်ပေးနိုင်သော ဟင်းနုနယ်၊ ပန်းဂေါ်ဖီစိမ်း၊ ဖရဲသီး၊ ဂရိတ်ဖရုစားပေးပါ။ ကမာကောင်ကလည်း တုပ်ကွေးရောဂါကိုကောင်းကျိုးပြုသည်။

ဆောင်းရာသီအပူကန်လည်ချောင်းနာ

ချင်းပါးပါးခုနစ်လွှာကို သဘာဝထန်းလျက်ခဲအညို သုံးလုံးထည့်ကာ ရေသုံးခွက်တစ်ခွက်တင်ကျိ၍သောက်ပါ။ ဟင်းလျာများတွင် ကြက်သွန်ဖြူများများထည့်ချက်ပါ သို့မဟုတ် ကြက်သွန်ဖြူများများထည့်၍ ဆန်ပြုတ်ကျိသောက်ပါ။ ကင်ပွန်းချဉ်ရွက်ကို ဟင်းချို၊ ချဉ်ဟင်းချက်၍စားပါ။ ကြက်ဟင်းခါးသီးအခြောက်ကို ကျောက်ပျဉ်ပေါ်သွေး၍ နာကျင်နေသော လည်ချောင်းတစ်ပြင်လုံးကို လိမ်းပေးပါ။ ကြက်ဟင်းခါးသီးပြုတ်ရည်သောက်ပါ။ ပျဉ်းတော်သိမ်ရွက်လက်တစ်ဆုပ်စာခန့်ကို ရေစင်စင်ဆေးပြီး အိုးသန့်သန့်တွင် သုံးခွက်တစ်ခွက်တင်ပြုတ်ပါ။ ယင်းရေခပ်နွေးနွေးဖြင့် ပလုတ်ကျင်းပါ။ ချက်ချင်းထွေးမပစ်ဘဲ ငုံနိုင်သမျှငုံထားပါ။ ပျဉ်းတော်သိမ်ရွက်ပြုတ်ရည်က အာသီးရောင်ခြင်းအတွက်လည်း ကောင်းကျိုးပြုသည်။ ရေနွေးကိုပွက်ပွက်ဆူအောင် ကျိုပြီး ပင်စိမ်းရွက်ခတ်သောက်ပါ သို့မဟုတ် ပလုတ်ကျင်းပေးပါ။

မန်ကျည်းသီးမှည့်ကို ဆား၊ အညိုရောင်ထန်းလျက်တို့ဖြင့် ဖျော်ရည်လုပ်သောက်ပြီး ယင်းမန်ကျည်းသီးအဖတ်တွေကို ဝါးစားပါ။ (ရေခဲမထည့်ရ) သံပရာရည်ကို အပူပေးကာ ပျားရည်ဖြင့်ရောရ၍ လျက်ပေးပါ။ ဒန့်သလွန်ပင်မြစ်ကို ထုထောင်းကြိတ်ခြေ၍ အရည်ကိုညှစ်ယူကာ စားပွဲတင်ဇွန်း တစ်ဇွန်းခန့် နေ့စဉ်သောက်ပါ။ လည်ချောင်းနာသာမက အသံဝင်၊ အသံပျက်ခြင်းကိုလည်း ပျောက်ကင်းစေသည်။ ဆီးဖြူရွက်ကို ရေဖြင့် သုံးခွက်တစ်ခွက်တင်ကျိ၍ အာလုတ်ကျင်းပါ၊ စိမ်းစား၌၊ ဖရဲသီးစားပါ။ စွန်ပလွံသီးမှည့် သို့မဟုတ် စွန်ပလွံသီးယိုစားပါ။ ခရမ်းကစော့သီးစားပါ သို့မဟုတ် ခရမ်းကစော့သီးပင်၏ အရွက်ပြုတ်ရည်သောက်ပါ။ ခံတက်ရွက်သုပ်စားပါ သို့မဟုတ် ခံတက်ရွက်ပြုတ်ရည်သောက်ပါ။ ကြောင်ပန်းရွက်သုပ်စားပါ သို့မဟုတ် ကြောင်ပန်းရွက်ပြုတ်ရည်သောက်ပါ။ ကန်စွန်းရိုးနီကို အညိုရောင်ထန်းလျက်ဖြင့် ပြုတ်သောက်ပါ။ ရေခဲနွေးနွေးတစ်ခွက်ထဲကို ဆားလက်ဖက်ရည်ဇွန်းဖြင့် လေးပုံတစ်ပုံခန့်ထည့်ပါ။ ထိုအရောအနှောထဲကို ပိုးသေစေနိုင်သော အာနိသင်ဖြစ်အောင် ပလုတ်ကျင်းဆေးရည်လက်ဖက်ရည်ဇွန်းတစ်ဇွန်းထည့်၍ ပလုတ်ကျင်းပေးပါ။

ဆောင်းရာသီရှောင်ရန် အစားအစာများ

အေးမြသောရာသီတွင် အစာကြေညက်ခဲသော ဆီနှင့် အဆီအအိမဲ့များလျှော့စားပါ။ အာလူးကြော်၊ ကြက်ကြော်၊ ဒိုးနတ် စသည့် ဆီကြော်မုန့်များ၊ မြေပဲ၊ ဗာဒံစေ့၊ သီဟိုဠ်စေ့ စသည့်အစေ့အဆန်များ၊ ကြက်အူချောင်း၊ ဝက်အူချောင်းများကိုရှောင်ပါ။ အဆီအနှစ်နှင့် ငရုတ်သီးများသည့် ဟင်းလျာအစပ်များက ရင်ပူစေသည်။ ဆောင်းရာသီတွင် ခရမ်းသီးက ကောင်းကျိုးမပြုပေ။ ကော်ဖီနှင့်ချောကလက်ဖျော်ရည်များကလည်း ရင်ပူစေသည်။ ခန္ဓာကိုယ်တွင်း ရေဓာတ်ခန်းခြောက်မှုမဖြစ်ရအောင် ကဖိန်းဓာတ်ပမာဏကို နည်းနိုင်သမျှ လျှော့သောက်ပါ။

ဆောင်းရာသီတွင် အကြော်အလှော်ဟင်းလျာများက ရင်ပူစေနိုင်၍ အသား၊ ငါးများကို ဆီဖြင့်ကြော်စားခြင်းထက် ချက်ပြုတ်၍စားခြင်းက ပိုသင့်လျော်သည်။ အဆီများသော နို့နှင့် နို့ထွက်ပစ္စည်းများဖြစ်ကြသည့် ချိစ်၊ မလိုင်၊ ခရင်မ်များ၊ ခရင်မ်ဓာတ်ကဲ့ထားသော ကွတ်ကီးများက နှာခေါင်း၊ လည်ချောင်း၊ ရင်ခေါင်းတို့ကို ပိတ်ဆို့စေသည့်အပြင် အစာမကြေခြင်းကိုပါ ဖြစ်စေနိုင်သည်။ ဂျုံဖြင့်ပြုလုပ်ထားသောအစားအစာများကလည်း ဆောင်းရာသီတွင် အစာမကြေခြင်းကို ဖြစ်စေသည်။ ဓာတုဆေးဝါးသုံး၍ ဖြူဆွတ်အောင်ပြုပြင်ထားသော သကြားများက သွေးဆဲလ်များကို ထိခိုက်စေနိုင်ပြီး ကိုယ်ခံစွမ်းအားယုတ်လျော့စေသဖြင့် အအေးမိ၊ ဖျားနာ၊ ချောင်းဆိုး၊ ကူးစက်ပိုးများကို ခံနိုင်ရည်မရှိတော့ပေ။ အဖြူရောင်သကြားများနှင့် ပြုလုပ်ထားသော အချို ရည်များကိုရှောင်ပါ။

အချုပ်အားဖြင့်ဆိုသော် ဆောင်းလေဆော့သွေးကျန်းမာရေးအတွက် ခြေထောက်ကို နွေးနွေးထားပြီး ချင်းစိမ်း၊ ချင်းယို၊ ချင်းခြောက်မှုန့်စားပေးပါ။ ဆောင်းညများတွင် လက်မောင်းနှင့် ခြေထောက်အောက်ပိုင်းတို့ကို နွေးနွေးထွေးထွေးထားပါက နှစ်ခြိုက်စွာအိပ်ပျော်စေပြီး အအေးမိ၍ ကိုယ်လက်ကိုက်ခဲခြင်းများ မဖြစ်စေနိုင်တော့ပေ။ ရာသီဥတုမည်မျှအေးအေး ညအခါ ဦးထုပ်ဆောင်းမအိပ်ပါနှင့်။ မျက်စိနှင့်ဦးနှောက်ကို ထိခိုက်စေပြီး ဆံပင်ကျွတ်စေပါသည်။

ပေါက်ပေါက်

နေပြည်တော်အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၃၀

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် ခုတင်-၅၀ ဆုံ ပြည်သူ့ဆေးရုံအတွင်း/အပြင်၌ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကျန်းမာရေးဝန်ထမ်းများ၊ သူနာပြုများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ဆေးရုံအတွင်း/အပြင်ပတ်ဝန်းကျင်သန့်ရှင်းသာယာရေး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာအုပ်စု ဝန်ပြန်ကျေးရွာရှိ ဘမ်ဘူးဝါးကုန်ထုတ်သမဝါယမအသင်း လီမိတက်သို့သွားရောက်၍ အသေးစားအိမ်တွင်းစက်မှုလက်မှုလုပ်ငန်းရှင်မျိုးတူစုအဖွဲ့(နေပြည်တော်)နှင့်တွေ့ဆုံ၍ လက်မှုပစ္စည်းများကို တီထွင်ဆန်းသစ်ပြီး အရည်အသွေးပြည့်ဝသည့် ထုတ်လုပ်မှုစွမ်းအားများတိုးတက်ကောင်းမွန်လာရန် ကြိုးစားဆောင်ရွက်စေလိုကြောင်း မှာကြားပြီး ဝါးလက်မှုလုပ်ငန်း ထုတ်ကုန်ပစ္စည်းများ၊ ဝါးမှထွက်ရှိသည့် ထုတ်ကုန်များကို လှည့်လည်ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် တပ်ကုန်းမြို့နယ် အောင်ဇေယျရပ်ကွက်အတွင်းရှိ တပ်ကုန်းစိုက်ပျိုးရေးသုတေသနခြံသို့ ရောက်ရှိစစ်ဆေးပြီး ထောက်ပံ့ငွေများပေးအပ်ကာ စိုက်ပျိုးရေးသုတေသနခြံအတွင်း နေကြာမျိုးစေ့ထုတ်စိုက်ခင်းနှင့် အစေ့ထုတ်ပြောင်းစိုက်ခင်းများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တပ်ကုန်းမြို့နယ် ရောက်ကုန်းကျေးရွာအုပ်စု နောင်ခမ်းကျေးရွာ၌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး အမှာစကားပြောကြား၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် တပ်ကုန်းမြို့နယ် ရောက်ကုန်းကျေးရွာ၌ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဆောင်ရွက်သည့် စက်ရေတွင်းအမှတ်(၁)မှ ဆောင်းသီးနှံစိုက်ပျိုးရန်အတွက် မြေအောက်ရေဖြင့် တစ်ကွင်းတစ်ဆက်တည်းစိုက်ပျိုးရေပေးဝေခြင်းလုပ်ငန်းနှင့် တပ်ကုန်းမြို့နယ် ကင်းသာရေထိန်းတမံပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလိုက်လံစစ်ဆေးခြင်းနှင့် မီးငြိမ်းသတ်ခြင်းသရုပ်ပြသ



တောင်တွင်းကြီး နိုဝင်ဘာ ၃၀

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ရွှေကြာအင်း (၁) ရပ်ကွက်ရှိမြို့မဈေးကြီး၌ ဈေးများမီးလောင်ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး လိုက်လံစစ်ဆေးခြင်းနှင့် မီးငြိမ်းသတ်ခြင်း သရုပ်ပြသခြင်းကို နိုဝင်ဘာလ ၃၀ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်ဦး၊ မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးစောမောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ဈေးတာဝန်ခံများနှင့်တာဝန်ရှိသူတို့က ပွင့်လင်းရာသီကာလတွင် ဈေးဆိုင်ခန်းများ၌ မီးသတ်ဆေးဘူးများ စနစ်တကျထားရှိခြင်း ရှိ၊ မရှိ၊ မီးသတ်ဆေးဘူးများကောင်းမွန်ခြင်း ရှိ၊ မရှိတို့ကိုကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ဆိုင်ခန်းများတွင် တပ်ဆင်ထားသည့် လျှပ်စစ်မီးကြိုးများကောင်းမွန်ခြင်း ရှိ၊ မရှိ၊ မြို့မဈေးအတွင်း၌ မီးငြိမ်းသတ်ရေးအတွက် ဆောင်ရွက်ထားရှိသောရေလှောင်ကန်များ၊ အမြင့်တင်ရေစင်များ၊ မီးချိတ်မီးကပ်၊ မီးသတိပေးစာတန်းများ၊ လျှပ်စစ်ဝိုင်ယာသွယ်တန်းမှုစနစ်များ ကောင်းမွန်ခြင်းရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးပြီး မီးငြိမ်းသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်ခြင်းတို့ကို သရုပ်ပြဆောင်ရွက်ကြောင်းသိရသည်။

နောင်နောင်(ဗိဿနိုးမြေ)

အင်္ဂလန်ပရီးမီးယားလိဂ်
ပွဲစဉ်(၁၃) ဘောလုံးပွဲရလဒ်များ

ဘရိုက်တန်	၁	- ၁	ဆောက်သမ်တန်	နော်တင်ဟမ်	၁ - ၀ အစ်ဆွစ်
ဘရန့်ဖို့	၄	- ၁	လက်စတာ	ဝုလ်ဗ်	၂ - ၄ ဘုန်းမောက်
ပဲလေ့	၁	- ၁	နယူးကာဆယ်		

စာဆိုန္တဲပျော် လနတ်တော်

✧ ဝသန်ယွန်းစ၊ ဆောင်းလပန်းချီ
ငွေနှင်းရည်စု၊ ဓနုလရာသီ
မြောက်ပြန်လေချီ၊ ရွှင်ကြည်လန်းဆန်း
ဝင်းပရွှန်းစို၊ ဟေမန်ပျို
ရင်ကိုအေးမြ စွမ်းသည်နှင့်လေး။

✧ တော်ဝင်မြတ်ပန်း၊ ကြိုင်လျှမ်းသဇင်
မဟာပိန္နဲ၊ ဆင်နွဲရှေးအစဉ်
မိဂသီစန်းယှဉ်၊ သန့်စင်ငွေလ
ထွတ်ခေါင်တင့်ကျော်၊ လနတ်တော်
ကောက်လှော်မုန့်ဆန်း ရသည်နှင့်လေး။

✧ ရေလွှာမြင့်မှ၊ တင့်ကြွရွှေကြာ
စာပေဖွံ့ဖြိုး၊ လူမျိုးမြင့်မည်သာ
ရှေးမင်းမြန်မာ၊ ပေစာမြတ်နိုး
ဂုဏ်ပြုပူဇော်၊ စာဆိုတော်
ထွန်းပေါ်ကဝိ တိုးသည်နှင့်လေး။

✧ စာပေကောင်းကျိုး၊ သယ်ပိုးစာဆို
နတ်တော်နှင်းဆမ်း၊ လဆန်းတစ်ရက်ကို
ဂုဏ်ပြုကြိုဆို၊ စာဆိုတော်နေ့
စာပေဂုဏ်အင်၊ ကမ္ဘာတွင်
ပြိုင်ယှဉ်မြန်မာ မွေ့သည်နှင့်လေး။

✧ ကျေးဇူးအောက်မေ့၊ ချမ်းမြေ့သာယာ
စာပေဟောပြော၊ မမောမပန်းရှာ
သက်ကြီးဆရာ၊ ပူဇော်ညွတ်နူး
စာပေဆုရှင်၊ မြတ်ဂုဏ်အင်
နှစ်စဉ်ချီးမြှင့် ထူးသည်နှင့်လေး။

✧ စာဆိုရည်စူး၊ ဖော်ကျူးနတ်တော်
ကလောင်လက်နက်၊ ထက်မြက်စွဲကိုင်ပျော်
တစ်ဝန်းပြည်ပေါ်၊ စည်တော်ခြိမ့်သဲ
ပြည်နန်းဦးသျှောင်၊ စာဂုဏ်ရောင်
ထွန်းပြောင်ဖိုးထိုက် မြဲသည်နှင့်လေး။

✧ ဆင်နွဲသဘင် စာဆိုရှင် ဂုဏ်အင် တင့်တော့သည်။
ရွှင်ကဲသဇင် ခွာညိုယဉ် စုံလင် ပွင့်တော့သည်။ ။

မောင်မင်းသိမ်း(သရက်)

မြောင်းမြမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဂျုတ် ၄၇၉၁ ဧက လျာထားစိုက်ပျိုးလျက်ရှိ



မြောင်းမြ နိုဝင်ဘာ ၃၀

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဂျုတ် ၄၇၉၁ ဧက လျာထားစိုက်ပျိုးလျက်ရှိကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်၏ပြောကြားချက်အရ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြောင်းမြမြို့နယ်၌ ဂျုတ် ၄၇၉၁ ဧက ကို နိုဝင်ဘာလတတိယပတ်က စတင် စိုက်ပျိုးလျက်ရှိကြောင်း၊ ဂျုတ်စိုက်ပျိုးရာတွင် အခက်အခဲမရှိစနစ်တကျစိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

''ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ လျာထားချက်အတိုင်း ဂျုတ်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ဒီနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ ဂျုတ်စိုက်ပျိုးရာမှာ စျေးကွက်ဝင်ငွေပြီး အထွက်နှုန်းကောင်းတဲ့ အပြင် ဒေသရာသီဥတုနဲ့ကိုက်ညီတဲ့သီးနှံအမျိုးအစားကို ရွေးချယ်စိုက်ပျိုးမှာပါ။ တောင်သူတွေကလည်း စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရာမှာ မျိုးကောင်းမျိုးသန့်တွေကို စနစ်တကျရွေးချယ်စိုက်ပျိုးလာတာတွေ့ရပါတယ်။ စိုက်ပျိုးထားတဲ့ သီးနှံတွေ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့နဲ့ အထွက်နှုန်းကောင်းမွန်စေဖို့ အသိပညာပေး၊ နည်းပညာပေးလုပ်ငန်းတွေကို ဆောင်းသီးနှံတွေမစိုက်ပျိုးမီ ကြိုတင်စီမံဆောင်ရွက်ပေးနေပါတယ်။ ဆက်လက်ပြီးလည်း ဆောင်ရွက်ပေးမှာပါ" ဟု ဒေါ်ခင်ဌေးမြင့်ကပြောသည်။

မြောင်းမြမြို့နယ်၌ စိုက်ပျိုးမည့် ဂျုတ်များ အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ အထွက်နှုန်းကောင်းမွန်စေရန် စသည့်လုပ်ငန်းများကို ခရိုင်နှင့်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ကွက်များအထိ ကွင်းဆင်း၍ တောင်သူများနှင့် တွေ့ဆုံကာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သုတကျော်

အမျိုးသားအားကစားပွဲတော်၌ ပါဝင်ယှဉ်ပြိုင်ရန် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု မြန်မာ့ရိုးရာသိုင်းအားကစားသမားများ စခန်းသွင်းလေ့ကျင့်

ရန်ကုန် နိုဝင်ဘာ ၃၀

နေပြည်တော်၌ လာမည့်ဒီဇင်ဘာလတွင်ကျင်းပမည့် အမျိုးသားအားကစားပွဲတော်၌ ပါဝင်ယှဉ်ပြိုင်ရန် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု မြန်မာ့ရိုးရာသိုင်းအားကစားသမားများ စခန်းသွင်းလေ့ကျင့်ခြင်းကို ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ ပဒေသာအားကစားကွင်း၌ ပြုလုပ်နေကြောင်း မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ရန်ကုန်တိုင်းဒေသကြီး မြန်မာ့သိုင်းဆပ်ကော်မတီမှ သိရသည်။

အဆိုပါ အမျိုးသားအားကစားပွဲတော်ကို ဒီဇင်ဘာလ ၉ ရက်မှ ၂၂ ရက်အထိ နေပြည်တော်၌ ကျင်းပမည်ဖြစ်ရာ မြန်မာ့ရိုးရာသိုင်းအားကစားကိုလည်း ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"အမျိုးသားအားကစားပွဲတော်မှာ ဝင်ရောက်ယှဉ်ပြိုင်ကြမယ့် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု သိုင်းအားကစားသမားတွေကို ရွေးချယ်ပြီးပါပြီ။ ရွေးချယ်ပြီးတဲ့ အားကစားသမားတွေကို တောင်ဥက္ကလာပမြို့နယ်က ပဒေသာအားကစားကွင်းမှာ စခန်းသွင်းလေ့ကျင့်ပေးနေပါပြီ" ဟု မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ရန်ကုန်တိုင်းဒေသကြီး မြန်မာ့သိုင်းဆပ်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးကြည်ဝင်းကပြောသည်။


အဆိုပါ စခန်းသွင်းလေ့ကျင့်နေသည့် ကစားသမားများတွင် သိုင်းအားကစားအတွက် ၁၆ ဦးနှင့် ဗိုဗီနမ်အားကစားအတွက် ၃၃ ဦးပါဝင်ကြောင်း သိရသည်။

"လက်ရှိရွေးချယ်ထားသူတွေက လက်ရွေးစင်ကစားသမားတွေဖြစ်ပါတယ်။ အခုစခန်းသွင်းတော့လည်း ပြန်လည်လေ့ကျင့်ကြတာဖြစ်လို့ ပြိုင်ပွဲဝင်ဖို့ အဆင်သင့်ဖြစ်နေပါပြီ။ ဒီဇင်ဘာလ ၇ ရက်မှာ နေပြည်တော်ကို ကြိုပြီးသွားကြမှာပါ။ ပြိုင်ပွဲက ဒီဇင်ဘာလ ၁၀ ရက်နဲ့ ၁၁ ရက်နေ့တွေမှာ ကျင်းပမှာပါ" ဟု ရန်ကုန်တိုင်းဒေသကြီး မြန်မာ့သိုင်းအသင်းနည်းပြချုပ် ဦးအောင်ခိုင်မင်းကပြောသည်။

ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု သိုင်းအားကစားသမားများမှာ ပြီးခဲ့သည့် တံခွန်စိုက်ပြိုင်ပွဲများ၌လည်း ဆုတံဆိပ်အသီးသီးရရှိထားကြောင်း သိရသည်။

ခန့်ခန့်

ဘားအံမြို့နယ်၌ စိုက်ပျိုးရေရရှိရန် ဆိုလာတပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကွင်းဆင်းစစ်ဆေး



ဘားအံ နိုဝင်ဘာ ၃၀

ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဘားအံခရိုင် ဘားအံမြို့နယ် ဝင်းကျန်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆိုလာတပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို နိုဝင်ဘာလ ၃၀ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဒေါ်ခင်ဇာဝင့်၊ ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ) ဒေါ်နန်းအဲဖော်အွာနှင့် ခရိုင်/မြို့နယ် တာဝန်ခံ အင်ဂျင်နီယာဝန်ထမ်းများက ဝင်းကျန်ကျေးရွာ၌ စိုက်ပျိုးရေရရှိရေး လုပ်ငန်းကော်မတီဝင်များနှင့် တွေ့ဆုံ၍ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆိုလာတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုငွေ ငွေကျပ် ၂၆ ဒသမ ၆၃၇ သန်းဖြင့် ဝင်းကျန်ကျေးရွာ၌ အကျယ် ၄ လက်မခွဲ၊ အနက်ပေ ၂၀၀ စက်ရေတွင်းတူးဖော်ခြင်း၊ Pump တပ်ဆင်ခြင်းနှင့် ဆိုလာတပ်ဆင်ခြင်း လုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဇွန်လ တတိယပတ်က စတင်တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကိုသက်

ကြံခင်းမြို့နယ်၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲကျင်းပ

ကြံခင်း နိုဝင်ဘာ ၃၀

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ်ရှိ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲကို နိုဝင်ဘာလ ၂၉ ရက်က ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားကို အခြေခံပညာအထက်တန်းကျောင်း (ချောင်းမြောင်)မှ ကျောင်းသား၊ ကျောင်းသူများက အလှဆုံးပန်းများပွင့်ကြပြီသချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းလှိုင်က လူငယ်များကျန်းမာကြံခိုင်ရန်နှင့် အသိပညာဗဟုသုတများရရှိစေရန် အထောက်အပံ့ဖြစ်စေသော ဥဏ္ဏာစမ်းပဟေဠိပြိုင်ပွဲ၊ စကားပုံဆက်နှင့် အရုပ်ဆက်ပြိုင်ပွဲများ၊ ခန္ဓာကိုယ်ကျန်းမာကြံခိုင်စေမည့် ခါးလှည့်ကွင်းကစားခြင်း၊ ရိုးရာကစားနည်းများကို ထည့်သွင်းပေးခြင်းဖြင့် ကလေးငယ်များ၏ ဦးနှောက်ဖွံ့ဖြိုးမှုကို အထောက်အကူရရှိစေမည်ဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများကို အသိပညာဗဟုသုတများ၊ ဆောင်ရန်ရှောင်ရန်များနှင့် စာပေဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများအကြောင်းကို ဟောပြောပေးပါသော စာရေးဆရာ တက္ကသိုလ်စိုးစံ၊ စာဖတ်ရှုနိုင်မြှင့်တင်ရေးပွဲတော်တွင် ပါဝင်ကူညီပေးသော ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့၊ ချင်းဝါးညှပ်အကအဖွဲ့တို့ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဂုဏ်ပြုဆုငွေနှင့်မှတ်တမ်းလွှာများပေးအပ်ပြီး ဥဏ္ဏာပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိသူများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူး သောင်းထွဋ်လွင်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေနှင့် မှတ်တမ်းလွှာများပေးအပ်သည်။ ဆက်လက်၍ ကြံခင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မိုးမြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက သီဆိုကပြဖျော်ဖြေကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုကြောင်း သိရသည်။

ဖြိုးဝေလင်း(ပြန်/ဆက်)

လူငယ်နှင့် နူတ်မှုစွမ်းရည်

စင်ခြောက်၊ စင်ကြောက်၊ ပရိသတ်ကြောက်ခြင်း

လယ်တွင်းသားစောချစ်



ပရိသတ်ရှေ့ စင်ပေါ်တက်၍ စကားပြောလျှင် စင်မြင့်သည် ဖြစ်စေ၊ နိမ့်သည်ဖြစ်စေ၊ စင်ခြောက်ခြင်း၊ စင်ကြောက်ခြင်းကို ခံစားရသည်။ အဓိကမှာ ပရိသတ်ကိုကြောက်ခြင်းဖြစ်သည်။ ဟောပြောပွဲတွင် ဆရာအဖြစ် ကိုယ်တိုင်ပင် ဟောပြောခဲ့ဖူးသည်။ ဟောပြောပွဲတွင် ဆရာအဖြစ် ဟောပြောခဲ့ဖူးသူများ၏ ဟောပြောပုံကို ကြည့်ရှုခဲ့ရ

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့်မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုံးပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

မြန်မာနိုင်ငံ “စီးပွားရေးပညာ နှစ်(၁၀၀)”ရာပြည့်အလှူရှင်များဂုဏ်ပြုပွဲအခမ်းအနားသို့ အခမ်းအနားကျင်းပရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်ချီးမြှင့်

နေပြည်တော် နိုဝင်ဘာ ၃၀

မြန်မာနိုင်ငံ “စီးပွားရေးပညာ နှစ်(၁၀၀)” ရာပြည့်အလှူရှင်များ ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Aureum Palace Hotel Lake View Hall ၌ကျင်းပသည်။

ဦးစွာအခမ်းအနားကျင်းပရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မြန်မာနိုင်ငံ “စီးပွားရေးပညာ နှစ် (၁၀၀)” ရာပြည့်အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှစေတနာသဒ္ဓါတရားထက်သန်စွာ လှူဒါန်းပေးခဲ့ကြသည့် စီးပွားရေးတက္ကသိုလ်များမှ စီးပွားရေးဘွဲ့ရလုပ်ငန်းရှင်များ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ စီးပွားရေးအဖွဲ့အစည်းများ၊ ငွေကြေးများလှူဒါန်းကြသကဲ့သို့ ဝန်ဆောင်မှုများ၊ နေရာထိုင်ခင်းများစီစဉ်ပေးခဲ့သည့် ဟိုတယ်လုပ်ငန်းရှင်များနှင့် ဘဏ်လုပ်ငန်းရှင်များကို ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားသည်။


ထို့နောက် ပြည်ထောင်စုဝန်ကြီးက “စီးပွားရေးပညာ နှစ် (၁၀၀)” ရာပြည့်အခမ်းအနားအတွက် ငွေကျပ်သိန်း ၁၀၀ နှင့်အထက် အလှူရှင် ခုနစ်ဦးကိုလည်းကောင်း၊ အခမ်းအနားကျင်းပရေးဦးဆောင်ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက ဆရာကြီး၊ ဆရာမကြီးများနှင့် ဧည့်သည်



တော်များကို တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေးတို့တွင် ကူညီပံ့ပိုးပေးခဲ့ကြသည့်အလှူရှင်ကိုဦးကိုလည်းကောင်း၊ ဦးဆောင်ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က ငွေကျပ်သိန်း ၂၀ နှင့်အထက်အလှူရှင် ခြောက်ဦးကိုလည်းကောင်း၊ ဦးဆောင်ကော်မတီအဖွဲ့ဝင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌဦးဇော်မင့်နိုင်ထက ငွေကျပ် ငါးသိန်းနှင့်အထက် အလှူရှင် ခြောက်ဦးကိုလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး အလှူရှင်များကိုယ်စား အလှူရှင် ဦးဇေယျသူရမွန် (Zeya & Associates Co.,Ltd.) က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

၃၀-၁၁-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၁၇:၃၀)နာရီအချိန် တိုင်းထွာချက်အရ ဆိုင်ကလုန်းမုန်တိုင်း “ဖန်ဂယ်လ် (FENGAL)” လမ်းကြောင်းပြမြေပုံ



❐ ကျောပုံးမှအဆက်

အရှေ့-အရှေ့မြောက်ဘက် ရေမိုင် ၄၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ ဗဟိုချက်လေဖိအား ၉၉၄ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၅၀ နှုန်းခန့်ဖြစ်သည်။

ဆိုင်ကလုန်းမုန်တိုင်း “ဖန်ဂယ်လ်”၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါဆိုင်ကလုန်းမုန်တိုင်း “ဖန်ဂယ်လ်” သည် အနောက်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားနိုင်ပြီး ယနေ့ညပိုင်းတွင် အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်းကမ်းခြေကို ပူဒူချယ်ရီမြို့ (Puducherry) အနီးမှဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါဆိုင်ကလုန်းမုန်တိုင်း “ဖန်ဂယ်လ်”၏အရှိန်ကြောင့် နောက် ၂၄ နာရီအတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲမိုးရွာနိုင်သည်။

(မိုး/ဇလ)

ကုန်ထုတ်လမ်းကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှု ၆၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီး

တောင်ငူ နိုဝင်ဘာ ၃၀

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် သဖန်းပင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ပြန်လည်ပြုပြင်နေမှုအခြေအနေများကို တာဝန်ရှိသူများက နိုဝင်ဘာလ ၃၀ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်ငူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ငုဝါထွေးနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ သဖန်းပင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းကျောက်ရောမြေခင်းခြင်းလုပ်ငန်းပြန်လည်ပြုပြင်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးရာ ကုမ္ပဏီမှတာဝန်ရှိတစ်ဦးက လုပ်ငန်းတိုးတက်မှုအခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို မှာကြားသည်။

တောင်ငူမြို့နယ် သဖန်းပင်ကျေးရွာ၌ လမ်းအပိုင်း(၁)ကို အရှည်ပေ ၄၀၄၀၊ အကျယ် ၁၀ ပေ၊ အမြင့် ၆ လက်မနှင့် လမ်းအပိုင်း(၂)ကို အရှည်ပေ ၁၂၄၀၊ အကျယ် ၁၀ ပေ၊ အမြင့် ၁ ပေရှိသည့် ကျေးလက်ကုန်ထုတ်လမ်းကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုရန်ပုံငွေကျပ် ၁၉ ဒသမ ၉၅ သန်းဖြင့် အောက်တိုဘာလ ၂၀ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၆၀ ရာခိုင်နှုန်းကျော်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ချိုလေး

စာပေအလင်းရောင်ထွန်းညှိပေးကြသည့် စာဆိုတော်များ

၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့ထုတ် သတင်းစာများတွင် ၂၀၂၃ ခုနှစ်အတွက် အမျိုးသား စာပေတစ်သက်တာဆုရရှိသူ စာပေပညာရှင် ခြောက်ဦးနှင့် အမျိုးသားစာပေဆုရရှိသူများစာရင်း ကို ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီက ထုတ်ပြန်ကြေညာ သည့်သတင်းကို ဖတ်လိုက်ရသည်။ မြန်မာစာပေ အကျိုးကို ထူးချွန်ပြောင်မြောက်စွာ ဘဝ တစ်သက်တာလုံး အားထုတ်ရေးသားပြုစုခဲ့သည့် ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြု သည့်အနေဖြင့် အမျိုးသားစာပေတစ်သက်တာဆုရှင် များကို ရွေးချယ်ချီးမြှင့်ခြင်းဖြစ်သည်။

မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ အားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်များ ကို နိုင်ငံတော်က အသိအမှတ်ပြုသောအားဖြင့် စာပေပညာရှင်ဆရာကြီး ဒေါက်တာမင်းတင်မွန် (ပါရဂူမင်းနန္ဒာ)၊ စာပေပညာရှင်ဆရာကြီး ဒေါက်တာ တိုးလှ၊ စာပေပညာရှင်ဆရာကြီး ဦးညွန့်ဆွေ (မောင် ဆွေသက်)၊ စာပေပညာရှင်ဆရာကြီး ဦးသန်းဆွေ (မောင်သန်းဆွေ-ထားဝယ်)၊ စာပေပညာရှင်ဆရာကြီး ဒေါက်တာကျော်ဝင်း(သမိုင်း)နှင့် စာပေပညာရှင် ဆရာကြီး ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)တို့အား ၂၀၂၃ ခုနှစ်အတွက် အမျိုးသား စာပေတစ်သက်တာဆုရှင်များအဖြစ် ပြန်ကြားရေး ဝန်ကြီးဌာန အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေး ကော်မတီမှ ရွေးချယ်ချီးမြှင့်ခဲ့သည်။

ထို့ပြင် အမျိုးသားစာပေဆုများအဖြစ် ဝတ္ထု ရှည်ဆုတွင် စစ်သူကြီးမဟာမင်းထင်နော်ရထာ စာအုပ်ဖြင့် ကြည်မင်းဝေ၊ ဝတ္ထုတိုဆုတွင် လောက ပြတင်း မဂ္ဂဇင်းဝတ္ထုများစာအုပ်ဖြင့် မနှင်းဖွေး၊ ကဗျာ(ဂန္ဆဝင်)ဆုတွင် အမေပေးသောကဗျာများ စာအုပ်ဖြင့် စဆနိုင်၊ စာပဒေသာဆုတွင် အမေ့အပြုံး နှင့် အဖေ့မျက်ရည်စာအုပ်ဖြင့် မြင်းမူမောင်နိုင်မိုး၊ မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆုတွင် ပျောက်ကွယ် ခဲ့သော တော်ဝင်ကျွန်းဘုန်းကြီးကျောင်းများစာအုပ် ဖြင့် ဉာဏ်လင်းတင့်၊ ကလေးစာပေဆုတွင် ပုလဲ စိုးနံ့သာ၊ လူငယ်စာပေဆုတွင် ကပ္ပတိန်သာစိန်၊ ဘာသာပြန်(သုတ)ဆုတွင် မင်းအောင်မင်း၊ သုတ ပဒေသာ(ဝိဇ္ဇာ)ဆုတွင် ပျံချီ သုတပဒေသာ (ရိုးရိုးသိပ္ပံ) ဆုတွင် ပါမောက္ခကိုကိုအောင် သုတပဒေသာ (အသုံးချသိပ္ပံ) ဆုတွင် ဒေါက်တာတင်ထွန်းဦး၊ နိုင်ငံရေးစာပေဆုတွင် နေဇင်လတ်၊ အင်္ဂလိပ်ဘာသာ (သုတ)ဆုတွင် Terence Tan၊ ရသစာတမ်း (အက် ဆေး)ဆုတွင် နေမျိုးနှင့် ရည်ညွှန်းစာပေဆုတွင် သုတေသီမောင်မောင်တို့က အသီးသီးရရှိခဲ့ကြ သည်။

နတ်တော်လသည် စာပေမွေ့လျော်သည့်လဖြစ် သည်နှင့်အညီ စာဆိုတော်များကို အလေးအမြတ်ပြု၍ စာဆိုဆုနှင်းသဘင်များ ကျင်းပသည့်ကာလဖြစ် သည်။ စာဆိုတော်နေ့ရောက်တိုင်း မြန်မာစာပေ လောကဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်သန် မျှော်မှန်းပြီး အသိပညာပေးနိုင်စွမ်းရှိသော ပုဂ္ဂိုလ် များ၊ အဖွဲ့အစည်းများကို ဂုဏ်ပြုချီးမြှောက်ခြင်းသည် နိုင်ငံတော်၏ မွန်မြတ်လှသည့် အစဉ်အလာကောင်း တစ်ရပ်ဖြစ်သည်။

စာဆိုတော်များ၏စေတနာကောင်းများမှဖြစ်ထွန်း ပေါ်ပေါက်လာသည့် စာပေအဖူးအပွင့်များသည် လေ့လာ၍မကုန်နိုင်အောင် များပြားလွန်းလှ သည်။ ယနေ့နိုင်ငံဖွံ့ဖြိုးမှုရလဒ်များသည် စာပေ ကရသည့် အသိပညာ၊ အတတ်ပညာများက အများဆုံးပါဝင်သည်။ စာပေကပေးစွမ်းသည့် သုတ၊ ရသအဖုံဖုံတို့သည် အလွန်အဖိုးအနှုံ့ ထိုက်တန်သည်။ ထို့ကြောင့် လူသားများအတွက် စာပေအသိအမြင်နှင့် ပညာဗဟုသုတများကို ပေးစွမ်းသည့်စာဆိုတော်ကြီးများ၏ဂုဏ်ရည်ကို ဖော်ထုတ်ပြသသည့်အနေဖြင့် နတ်တော်လရာသီတွင် စာဆိုတော်နေ့အခမ်းအနားများကို ကျင်းပကြခြင်း ဖြစ်သည်။

စာပေသည် အနုပညာအားလုံး၏ ကိန်းဝပ်ရာ၊ ဂီတ၊ ရုပ်ရှင်၊ သဘင် စသည့် အနုပညာနယ်ပယ်များ ဖြာထွက်ရာ ပင်ရင်းနယ်ပယ်ကြီးဖြစ်သည့်အတွက် အမျိုးသားယဉ်ကျေးမှုအစုစုတို့ ပုံရိပ်ထင်ရာ

လူသားများအတွက် စာပေအသိအမြင်နှင့် ပညာဗဟုသုတများကိုပေးစွမ်းသည့် စာဆိုတော်ကြီးများ၏ဂုဏ်ရည်ကို ဖော်ထုတ်ပြသသည့်အနေဖြင့် နတ်တော်လရာသီတွင် စာဆိုတော်နေ့အခမ်းအနားများကို ကျင်းပကြခြင်းဖြစ် . . .

အရင်းအမြစ်လည်းဖြစ်ကာ မြန်မာ့သမိုင်း၊ မြန်မာ့ စိတ်ထားတို့ကို နိုင်ငံတကာသိအောင် ဖော်ပြနိုင် သည့် ဆက်သွယ်ရေးကြားခံတစ်ခုလည်း ဖြစ် သည်။ မြန်မာစာပေလောကသည် ရှည်လျားသည့် မြန်မာ့သမိုင်းကြောင်းအဆက်ဆက်တွင် ထွန်းပြောင် ခိုင်မြဲခဲ့ပြီး နိုင်ငံနှင့်ပြည်သူကို အစဉ်ထာဝရ အကျိုးပြု လျက်ရှိသည်။ စာဆိုတော်တို့၏ ကလောင်သွား များသည် မြန်မာနိုင်ငံသမိုင်းတွင် တိုင်းပြည်၏ စစ်မှန်သည့်ခွန်အားများဖြစ်ခဲ့ပြီး တိုင်းချစ်ပြည်ချစ် စိတ်ရှိစေရန်၊ ဇာတိသွေး ဇာတိမာန်တက်ကြွလာ စေရန်၊ မြန်မာစာပေကို ချစ်မြတ်နိုးစေရန်၊ လောကဓံ ကို ကြံ့ကြံ့ခံနိုင်ရန် စာပေဖြင့် တွန်းအားပေးလှုံ့ဆော် ခဲ့ကြသည့် ထာဝရအဖိုးတန်အကျိုးရှိနေသည့် အမွေအနှစ်များပင်ဖြစ်သည်။

၁၉၄၇ ခုနှစ်ဩဂုတ်လတွင် တည်ထောင်ခဲ့သည့် စာပေဗိမာန်သည် တိုင်းရင်းသားပြည်သူများ နိုင်ငံ တကာဗဟုသုတတိုးပွားရန်အတွက် ဘာသာပြန် စာပေများ ထုတ်ဝေခဲ့သကဲ့သို့ မြန်မာစာပေဖွံ့ဖြိုး ရေးအတွက် ၁၉၄၈ ခုနှစ်တွင် "စာပေဗိမာန်ကာလ ပေါ်ဝတ္ထုဆု" ကို စတင်ချီးမြှင့်ခဲ့သည်။ "စာပေဗိမာန် ကာလပေါ်ဝတ္ထုဆု" ကို "စာပေဗိမာန်ဆု"၊ "အနုပညာ ဆိုင်ရာစာပေဆု"၊ "အမျိုးသားစာပေဆု" စသည်ဖြင့် ဆုအမည်ကို ပုံသဏ္ဌာန်အမျိုးမျိုးပြောင်းလဲခဲ့ပြီး ဆုချီးမြှင့်မည့် ဘာသာရပ်များ၊ ဆုငွေများကိုလည်း တိုးတက်ချီးမြှင့်ခဲ့သည်။

ထို့ပြင် ဘာသာရပ်များကိုလည်း တိုးမြှင့် သတ်မှတ်ပြီး ချီးမြှင့်လာခဲ့သည်မှာ အမျိုးသား စာပေဆုတွင် ဆုချီးမြှင့်မည့် ဘာသာရပ် (၁၉) မျိုးနှင့် "စာပေဗိမာန်စာမူဆု" တွင် ဘာသာရပ်(၁၃)မျိုးအထိ ဆုချီးမြှင့်ပေးလျက်ရှိသည်။

ထို့ပြင် နိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ ထမ်းဆောင်ခဲ့ကြသည့်၊ တစ်သက်တာလုံးစာပေကို တစိုက်မတ်မတ် အားထုတ်ရေးသားပြုစုခဲ့သည့် စာပေပညာရှင်ကြီး များကိုလည်း အသိအမှတ်ပြုသည့်အနေဖြင့် "အမျိုးသားစာပေတစ်သက်တာဆု" ကို ၂၀၀၁ ခုနှစ်မှစပြီး နှစ်စဉ်ချီးမြှင့်ပေးအပ်ခဲ့သည်။ စာပေ ပညာရှင်များကို ချီးမြှင့်သည့်ဆုငွေများကိုလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်ချီးမြှင့်ခဲ့ပါ သည်။

အမျိုးသားစာပေတစ်သက်တာဆုကို ချီးမြှင့်ရာ တွင် စာပေပညာရှင်ကြီးများကို အလေးအမြတ် ထားသည့်အနေဖြင့် တစ်နှစ်ထက်တစ်နှစ် အရေ အတွက်တိုး၍ ချီးမြှင့်ခဲ့သည်။ ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုကို လေးဦးချီးမြှင့်ခဲ့ ပြီး ယခုနှစ်တွင် ၂၀၂၃ ခုနှစ်အတွက် အမျိုးသား စာပေတစ်သက်တာဆုကို စာပေပညာရှင် ခြောက်ဦး အထိ တိုးမြှင့်ချီးမြှင့်ခဲ့သည်။

ပထမအကြိမ် စာဆိုတော်နေ့ကျင်းပ

မြန်မာနိုင်ငံတွင် ဇာတိသွေး၊ ဇာတိမာန်တက် ကြွရန် ပါတော်မူနေ့၊ အမျိုးသားနေ့ကို ကျင်းပ သကဲ့သို့ အမျိုးသားစိတ်ဓာတ်ထက်သန်ရေးအတွက် စာပေတွင်လည်း နေ့တစ်နေ့ရှိသင့်ကြောင်း စာရေး ဆရာများက ဆွေးနွေးကြသည်။ အစိုးရကပါကူညီ လျှင် ပိုမိုအောင်မြင်မည်ဟုတိုင်ပင်ပြီး အစိုးရအဖွဲ့၏ ဝန်ကြီးအချို့နှင့်ဆွေးနွေးကြသည်။ ထိုသို့ဖြင့် ရက်ရွေးကြရာ ဂျာနယ်ကျော်ဦးချစ်မောင်က ရှေးမြန်မာဘုရင်များ နတ်တော်လတွင် ဘွဲ့နှင်းသဘင် ဆင်ယင်သည်ကိုသတိရကာ နတ်တော်လဆန်း ၁ ရက်နေ့ကိုရွေးရန် အကြံပေးခဲ့သည်။ ထိုအကြံပေး ချက်ကိုကန့်ကွက်သူမရှိသဖြင့် အတည်ပြုခဲ့သည်။

ထို့နောက် စာဆိုတော်နေ့ကျင်းပရေးနာယက အဖွဲ့နှင့် အလုပ်အမှုဆောင်အဖွဲ့တစ်ခုကိုဖွဲ့ရန် သဘောတူကြသည်။ အလုပ်အမှုဆောင်အဖွဲ့တွင် အမျိုးသားတက္ကသိုလ်ကျောင်းအုပ်ဆရာကြီး ဦးဖေ မောင်တင်ကဥ္စာ၌၊ ဂျာနယ်ကျော်ဦးချစ်မောင်က ဆော်သြသူဖြစ်သည်။ ထို့နောက် ပထမအကြိမ် မြောက် စာဆိုတော်နေ့ကို သက္ကရာဇ် ၁၃၀၆ ခု နတ်တော်လဆန်း ၁ ရက် (၁၉၄၄ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်) ညနေပိုင်းတွင် ကန်တော်ကြီးစောင်းရှိ မြိုင်ဇာတ်ရုံ၌ ကျင်းပခဲ့သည်။ ထိုမှစတင်၍ စာဆိုတော်နေ့ကို အစဉ်အဆက်ကျင်းပလာခဲ့ကြ သည်။

ကောင်းမွန်သည့်ပစ္စုပ္ပန်၊ ငြိမ်းချမ်းသာယာဝပြောသည့် အနာဂတ်ကို တည်ဆောက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံ တော်နှင့် တိုင်းရင်းသားပြည်သူများအားလုံးအတွက် ကောင်းမွန်သည့်ပစ္စုပ္ပန်၊ ငြိမ်းချမ်းသာယာဝပြော သည့်အနာဂတ်ကို တည်ဆောက်လျက်ရှိသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတည်ဆောက်ရေး တွင် နိုင်ငံသူ နိုင်ငံသားများ၏ ပညာနှင့် တွေးခေါ် မြော်မြင်နိုင်စွမ်းမြင့်မားရန် အထူးအရေးကြီးပါသည်။ အထူးသဖြင့် မိမိတို့နိုင်ငံ၏ လူဦးရေအများဆုံး နေထိုင်သည့် ကျေးလက်ဒေသများတွင် ပညာရေး အားနည်းခဲ့ရာ ပညာရေးအားနည်းချက်နှင့်အတူ တွေးခေါ်မြော်မြင်မှုတွင် လိုအပ်ချက်များရှိခဲ့ပါ သည်။ အဆိုပါလိုအပ်ချက်များကိုပြုပြင်ရန် ဘက်စုံ ပညာရေးစနစ်နှင့် စာမတတ်သူပပျောက်ရေးလုပ်ငန်း များကိုလည်း ဆောင်ရွက်လျက်ရှိသည်။

စာပေသည် လူမျိုး၏ ယဉ်ကျေးမှုမဏ္ဍိုင်ဖြစ်ကာ စာအုပ်မျိုးစုံသည် လူသားများ၏ ခေတ်ကြေးမုံဖြစ် သည်။ စာအုပ်စာပေများသည် လူ့မိတ်ဆွေများဖြစ်ပြီး စာပေမြင့်မှ လူမျိုးတင့်မည်ပင်ဖြစ်သည်။ စာပေသည် နိုင်ငံ၏ ယဉ်ကျေးမှုအဆင့်အတန်းနှင့် အမျိုးသားရေး စိတ်ဓာတ်ကို မြှင့်တင်ပေးသည်။

"စာပေမှ ပေးသော အသိပညာသည် ဘဝ တစ်လျှောက်လုံးကို ထွန်းလင်းတောက်ပစေသည်။ အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်အောင်လည်း အသိဉာဏ်ကိုရင့်ကျက်စေသည်။ စာဆိုတော်များ၏ စာပေအလင်းတိုင်များ ထွန်းညှိခဲ့မှုကြောင့် လောကီ လောကုတ် ယဉ်ကျေးမှုများ ပြန့်ပွားလာခဲ့သည်။

"သူတည်းတစ်ယောက် ကောင်းဖို့ရောက်မူ သူတစ်ယောက်မှာ ပျက်လင့်ကာသာ ဓမ္မတာတည်း" အစချီ မျက်ဖြေလင်္ကာဖြင့် အသက်ပေါင်းများစွာကို ကယ်တင်ခဲ့သော အနန္တသူရိယအမတ်ကြီးမှ အစပြုသော ရဟန်းစာဆို လူပုဂ္ဂိုလ်စာဆို အမျိုးသမီး စာဆိုအသီးသီးသည် ခေတ်အသီးသီးတွင် ထွန်းကားခဲ့ သည်။ "မှတ်ဖွယ်မှတ်ရာ ထိုထိုစာကို ရှာ၍မပြတ် အိမ်တွင်းဖတ်"ဟူသော ရှင်မဟာရဋ္ဌသာရ၏ အဆုံးအမ နှင့် "စာပေဝတ္ထု၊ ရတုကဗျာ၊ ပျို့လင်္ကာနှင့် သာသည် သီချင်း၊ အဲစောင်းငြင်းကို၊ မကင်းမပြတ်၊ ဖတ်ရွတ် လေ့ကျက်၊ တီးမှုတ်လျက်သာ၊ နေကောင်းစွာ၏" ဟူသော ဝန်ကြီးပဒေသရာဇာ၏ အမှာစကား သည် စာဆိုတို့ ကွယ်ပျောက်သွားသည့်တိုင် မပျောက် ကွယ်နိုင်သည့် စာအမြဲတေများဖြစ်သည်။

တိုင်းပြည်၏ ခွန်အားများ

စာဆိုနှင့်သူ၏စာသည် ရေနှင့်ကြာပမာ ဒွန်တွဲ နေသည်။ သူတို့ရေးသောစာကိုဖတ်ရတိုင်း နှစ်သက် ခြင်းရသနှင့်အတူ သူတို့ဂုဏ်ကျေးဇူးကိုလည်း အောက်မေ့ရသည်။ စာကဗျာကိုဖတ်၍ နှစ်သက် ရသော ခံစားမှုမှတစ်ဆင့် ဘဝသင်ခန်းစာ ဘဝအသိ မြောက်မြားစွာလည်း ရရှိနိုင်သည်။ စာဆိုတော်များ၏ ကလောင်သွားသည် တိုင်းပြည်၏ခွန်အားများပင် ဖြစ်ပေသည်။ ထိုကဲ့သို့ မြင့်မြတ်သော ဂုဏ်ဒြပ်ကြီးများ သော စာဆိုတို့၏ ကျေးဇူးကို အစဉ်သတိရလေးစား အတုယူကာ နိုင်ငံနှင့် လူမျိုးအကျိုးအတွက် နေ့ဂင်း လူငယ်လူရွယ်များသည်လည်း စာပေရေးသားခြင်း၊ စာပေဖတ်ရှုခြင်းဖြင့် နိုင်ငံနှင့်လူမျိုးအကျိုး ထမ်းဆောင် နိုင်ရန် ကြိုးပမ်းကြရပါမည်။ အချုပ်အားဖြင့်ဆိုသော် နတ်တော်လ စာဆိုတော်နေ့ စာပေဆုချီးမြှင့်ပွဲ၏ အနှစ်သာရများသည် စစ်မှန်သော အမျိုးသားရေး လက္ခဏာရပ်များဖြစ်ပြီး နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှု တည်ဆောက်ရေးကဏ္ဍ၏ သမိုင်းမှတ်တမ်း ပုံရိပ် ကောင်းများပင်ဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက် ရပါသည်။ ။

ငွေလရောင်

မဟာအောင်မြေမြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် နိုဝင်ဘာ ၃၀


မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့က ရတနာဘူမိုအရှေ့ရပ်ကွက်၊ ရတနာကောသဘုရားဝင်းအတွင်းရှိ မန်းသီရိန်ဓမ္မာရုံ၌ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသရေးအဖွဲ့က သံဃာတော် ၄၆ ပါးနှင့် ဒေသခံပြည်သူ ၁၅၅ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများနှင့် ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များနှင့် ဒေသခံပြည်သူများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



နယ်မြေခံတပ်မတော်သားများက ပုဗ္ဗသီရိမြို့နယ်ရှိ အခြေခံပညာကျောင်း၌ သန့်ရှင်းရေးဆောင်ရွက်စဉ်။



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်မီးသတ်တပ်ဖွဲ့ဝင်များက တောင်ငူမြို့ရှိ အထွေထွေရောဂါကုဆေးရုံကြီး၌ သန့်ရှင်းရေးဆောင်ရွက်စဉ်။

နေပြည်တော် နိုဝင်ဘာ ၃၀

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိအခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်အပါအဝင်မြို့နယ် ၅ မြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ရှိ ကျိုင်းတုံတက္ကသိုလ်၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့ရှိ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်အပါအဝင်မြို့နယ်(၁၇)မြို့နယ်တို့၌လည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များက အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ မိုင်းခတ်မြို့ ပြည်သူ့ဆေးရုံ၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌လည်းကောင်း နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ဆေးရုံဝင်းအတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။



နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်လူမှုရေးအသင်းအဖွဲ့များက ကော့သောင်းမြို့ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ သန့်ရှင်းရေးဆောင်ရွက်စဉ်။



နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်လူမှုရေးအသင်းအဖွဲ့များက ကျိုင်းတုံတက္ကသိုလ်၌ သန့်ရှင်းရေးဆောင်ရွက်စဉ်။

အလားတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ခြင်ခိုအောင်နိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့်ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

ညအပူချိန်လျော့နည်းခဲ့သောဒဏ်ခန်းများ၏ ၃၀-၁၁-၂၀၂၄ ရက်နေ့ အနိမ့်ဆုံးအပူချိန်များ

မြို့အမည်	ဒီဂရီဆဲလ်စီးယက်	ဒီဂရီဖာရင်ဟိုက်
ဟားခါးမြို့	၅.၄	၄၁.၇
ပူတာအိုမြို့	၆.၆	၄၃.၉
မြစ်ကြီးနားမြို့	၈.၂	၄၆.၈
မချမ်းဘောမြို့နှင့်တီးတိန်မြို့	၉.၈	၄၉.၆
ဟဲဟိုးမြို့	၁၀.၀	၅၀.၀
ပြင်ဦးလွင်မြို့	၁၁.၂	၅၂.၂

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၁˚c	/	၃၀˚c
ရန်ကုန်	၂၂˚c	/	၃၂˚c
မန္တလေး	၂၁˚c	/	၃၂˚c

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

KNDF နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ပစ်ခတ်မှုကြောင့် သံဃာတော် ၁ ပါးပျံလွန်တော်မူခဲ့ပြီး ၂ ပါးထိခိုက်ဒဏ်ရာရရှိ




ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် ထီးစဲခါးရေတံခွန်ကျောင်းတိုက်ရှိ သံဃာတော်များအား ကျန်းမာရေးဆိုင်ရာများလျှောက်ထားပြီး နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းစဉ်။

နေပြည်တော် နိုဝင်ဘာ ၃၀

ကယားပြည်နယ်၊ လွိုင်လင်လေးမြို့နယ်၊ ထီးစဲခါးကျေးရွာရှိ ထီးစဲခါးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညာဝံသ အမှူးပြုသော သံဃာတော် ၅ ပါးသည် ယနေ့နံနက် ၈ နာရီခန့်တွင် ကျောင်းတိုက်၌ စေတီတော် အသစ်တည်ထားကိုးကွယ်ရန် လိုအပ်သည့် ပစ္စည်းများဝယ်ယူရန်အတွက် မန္တလေးမြို့သို့ မော်တော်ယာဉ်ဖြင့် ထွက်ခွာလာစဉ် နံနက် ၈ နာရီ ၄၅ မိနစ်ခန့်တွင် လွိုင်ကော်-ဆီဆိုင် သွားကားလမ်း၊ အောင်ကလပ်ကျေးရွာ အနီးသို့အရောက်၌ KNDF နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သဖြင့် သံဃာတော်များဖြစ်ကြသည့် ဥဖူးပဲညောဘာသ၊ ဥဖူးစန္ဒိမာနှင့် ဥဖူးပဏ္ဍိတတို့တွင် လက်နက်ငယ်ကျည် ထိမှန်ဒဏ်ရာများ ရရှိခဲ့ပြီး ဥဖူးစန္ဒိမာသည် ရရှိခဲ့သည့်ဒဏ်ရာများဖြင့် ပျံလွန်တော်မူခဲ့ကြောင်း သိရှိရသည်။

ထိုသို့ဖြစ်စဉ်ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်နှင့်တစ်ပြိုင်နက် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါနေရာသို့ အမြန်ဆုံးသွားရောက်ပူးပေါင်းခဲ့ရာ အကြမ်းဖက်သမားများသည်ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး ၎င်းတို့၏ပစ်ခတ်မှုကြောင့် ပျံလွန်တော်မူခဲ့ရသည့် ဆရာတော်ဥဖူးစန္ဒိမာ၏ ရုပ်ကလာပ်တော် အား လွိုင်ကော်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ ပင့်ဆောင်ခဲ့ကြသည်။ ဆရာတော်၏ရုပ်ကလာပ်တော်အား ကယားပြည်နယ်ဝန်ကြီးချုပ်ဦးဇော်မျိုးတင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့ပြင် လက်နက်ငယ်ကျည်ထိမှန် ဒဏ်ရာရရှိခဲ့ကြသည့် သံဃာတော် ၂ ပါးကိုလည်း တောင်ကြီးမြို့ရှိနယ်မြေခံတပ်မတော်ဆေးရုံသို့ပင့်ဆောင်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိပြီး အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများက သွားရောက်ဖူးမြော်၍ နဝကမ္မဝတ္ထုငွေ၊ သက်နှံနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

အကြမ်းဖက် သမားများအနေဖြင့် ၎င်းတို့အပေါ် လိုလားထောက်ခံခြင်းမရှိသော အပြစ်မဲ့ပြည်သူများကိုသာမက ကိုးကွယ်ယုံကြည်ရာဖြစ်သော ရဟန်းသံဃာများကိုပင် အကြောင်းအမျိုးမျိုးပြစွပ်စွဲ၍ သတ်ဖြတ်ခြင်းများကို ကျူးလွန်လျက်ရှိသည်။ ယခုကဲ့သို့ အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် လမ်းကြောင်းများပေါ်၌ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ခြင်းများကို ကာကွယ်တားဆီးနိုင်ရေးအတွက် ဒေသခံပြည်သူများအနေဖြင့်လည်း အကြမ်းဖက်သမားများ၏ လှုပ်ရှားသွားလာမှုများနှင့် မသင်္ကာဖွယ်လှုပ်ရှားမှုများ တွေ့ရှိရပါက သက်ဆိုင်ရာသို့ သတင်းပေးပို့ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း သတင်းရရှိသည်။ (၁၀၀)


အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ဒဏ်ရာရရှိခဲ့သော ဆရာတော် ဥဖူးပဏ္ဍိတတို့အား ကျန်းမာရေးအခြေအနေများအား မေးမြန်းလျှောက်ထားစဉ်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများလေ့ကျင့်နေမှုကို ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း ကြည့်ရှုအားပေးပြီး ဓာတ်အားခွဲရုံများမှဓာတ်အားဖြန့်ဖြူးပေးနေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၃၀

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် ဒုတိယဝန်ကြီးဦးအေးကျော်နှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ဧမ္မူသီရိမြို့နယ်ရှိ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း၌ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ထွင်ထင်ရောက်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများ စခန်းသွင်းလေ့ကျင့်နေမှုကို ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဧမ္မူသီရိမြို့နယ်ရှိ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြု ဘောလုံး (အမျိုးသား)အသင်း၊ ဖူဆယ် (အမျိုးသား)အသင်း၊ ဘော်လီဘော (အမျိုးသား၊ အမျိုးသမီး)အသင်း၊ ပိုက်ကျော်ခြင်း (အမျိုးသား)အသင်း၊ ပြေးခုန်ပစ် (အမျိုးသား၊ အမျိုးသမီး)နှင့် ဂေါက်သီးရိုက် (အမျိုးသား) အသင်းတို့မှ အားကစားသမားများ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးပြီး အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ အားကစားအသင်းများအနေဖြင့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အဆင့်အတန်းရှိရှိ ပါဝင်ယှဉ်ပြိုင်နိုင်ရေးနှင့် အောင်မြင်မှုများရရှိနိုင်ရေးအတွက် စခန်းသွင်းလေ့ကျင့်ရာတွင် စည်းကမ်းလိုက်နာပြီး အုပ်ချုပ်သူ/နည်းပြများ၏ သင်ကြားပြသမှုအတိုင်း စနစ်တကျလေ့ကျင့်သွားကြရန်၊ ကြံ့ခိုင်မှုကောင်းမွန်အောင် ကျန်းမာရေးနှင့်နေထိုင်စားသောက်ရေး ဂရုစိုက်နေထိုင်သွားရန်မှာကြားကာ ချီးမြှင့်ထောက်ပံ့ငွေများနှင့် အင်အားဖြည့်အစားအစာများပေးအပ်သည်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှအားကစားနည်းခြောက်မျိုးကို သွားရောက်ဖူးမြော်ခဲ့ကြပြီး အန္တိမစျာပနပူဇော်ပြုလုပ်ရန်အတွက် တာဝန်ရှိသူများထံ အုပ်ချုပ်သူ၊ နည်းပြနှင့် ပြိုင်ပွဲဝင်အားကစားသမား ၁၁၃ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဥတ္တရသီရိမြို့နယ်အတွင်းရှိ နေပြည်တော် အမှတ်(၁) ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံနှင့် ဧမ္မူသီရိမြို့နယ်အတွင်းရှိ ၃၃/၁၁ ကေဗွီ ဝဏ္ဏသိဒ္ဓိအားကစားခွဲရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အားကစားပွဲများကျင်းပရာ အဆောက်အအုံများသို့ လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ ဓာတ်အားစဉ်ဆက်မပြတ် ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေး၊ ဗို့အားပြည့်ပြည့်ဝဝဖြင့် အသုံးပြုနိုင်ရေး၊ ဓာတ်အားခွဲရုံသုံး လျှပ်စစ်ပစ္စည်းများ၊ ထရန်စဖော်မာများနှင့် ဓာတ်အားလိုင်းများကြံ့ခိုင်ကောင်းမွန်စေရေး ပုံမှန်ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများအား စနစ်တကျစစ်ဆေးဆောင်ရွက်သွားရန် မှာကြားကာ ဓာတ်အားခွဲရုံများမှ အားကစားရုံများသို့ ဓာတ်အားဖြန့်ဖြူးပေးထားမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



❍ **ကျောဖုံးမှအဆက်**

မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲတွင် Junior Lions အသင်းက ရမှတ် ၅၁ မှတ်ဖြင့် အဆင့်(၂)နေရာတွင်ရပ်တည်နိုင်ခဲ့ပြီး ISPE အသင်းက ရမှတ် ၄၆ မှတ်ဖြင့် အဆင့်(၃)နေရာတွင်ရပ်တည်ခဲ့ကာ ရှမ်းယူနိုက်တက်ယူ-၂၀ အသင်းက နောက်ဆုံးပွဲစဉ်တွင် ရှုံးနိမ့်ခဲ့သော်လည်း ရမှတ် ၅၂ မှတ်ဖြင့် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ သွင်းဂိုး ၁၅ ဂိုးဖြင့် သွင်းဂိုးအများဆုံးကစားသမားဆု ရရှိခဲ့သည့် ရန်ကုန်ယူနိုက်တက် ယူ-၂၀ အသင်းမှ စိုင်းဇေယျာကျော်အား ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် သုံးသိန်းကို မြန်မာနေရှင်နယ်လိဂ်စီအီးအို ဦးစိုးမိုးကျော်ကလည်းကောင်း၊ တတိယဆုရရှိခဲ့သည့် ISPE အသင်းအား တစ်ဦးချင်းကြေးတံဆိပ်ဆုများကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးစည်သူဝင်းကလည်းကောင်း၊ ဆုကြေးငွေကျပ်သိန်း ၁၀၀ ကို Essential Motor by BYD မှ Head of Operations ဦးကျော်နိုင်ဦးကလည်းကောင်း၊ ဒုတိယဆုရခဲ့သည့် Junior Lions အသင်းအား တစ်ဦးချင်း ငွေတံဆိပ်ဆုများနှင့် ဆုကြေးငွေကျပ်သိန်း ၁၂၀ ကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးမိုးကလည်းကောင်း ချီးမြှင့်ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့် ရှမ်းယူနိုက်တက်အသင်းအား တစ်ဦးချင်း ရွေတံဆိပ်ဆုနှင့် အတူ ဆုကြေးငွေကျပ်သိန်း ၁၅၀ ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးထိပ်ခွန်နောင်မြင့်ဝေကလည်းကောင်း၊ ချန်ပီယံဆုဖလားကို မြန်မာနေရှင်နယ်လိဂ်ကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းသိန်းကလည်းကောင်း အသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **စည်သူအောင်**

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအောင်မြင်ခြင်းဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံ့စီးပွားတိုးတက်ရေးအတွက်လည်း များစွာအထောက်အကူဖြစ်စေနိုင်မည်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက တိုင်းဒေသကြီးအတွင်း မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တွံတေးမွေးမြူရေးဒုန်အတွင်းရှိ ဦးစိုးအောင်၏ ဆိတ်မွေးမြူရေးခြံ၌ ဆိတ်များမွေးမြူထားမှုအခြေအနေကို ကြည့်ရှုစဉ်။

❖ ဒုန်များအလိုက် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်သကဲ့သို့ Green Zone Area များကိုလည်း ဖော်ဆောင်ပေးရန်လို၊ လမ်းဘေးဝဲယာတစ်လျှောက် မြက်နှင့်အရိပ်ရလေကာပင်များကိုလည်း စိုက်ပျိုးရန်လို၊ ဒုန်များအလိုက် လျှပ်စစ်မာတ်အားရရှိရေးအတွက်လည်း ဆောင်ရွက်ရန်လိုပြီး နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ခြင်းများကို ဆောင်ရွက်မည်ဆိုပါက မွေးမြူရေးလုပ်ငန်းများအတွက် အထောက်အကူဖြစ်စေနိုင်မည်ဖြစ် . . .

❖ လက်ရှိဆောင်ရွက်ထားသည့်အခြေအနေများအရ ရန်ကုန်တိုင်းဒေသကြီး၏ အသားဗူလုံမှုကို အတိုင်းအတာတစ်ခုအထိ အထောက်အကူပြုနိုင်သည်ကိုတွေ့ရှိရပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်မြင်စေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက် . . .

★ **ရှေ့ဖုံးမှအဆက်**

မွေးမြူရေးလုပ်ငန်းများအလိုက် မျိုးခြံများ ဆောင်ရွက်ထားရှိမှု၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ပစ္စည်းထုတ်လုပ်နိုင်မှု၊ အစာစပ်စက်ရုံများမှ အစာများထုတ်လုပ်ပေးလျက်ရှိမှု၊ မွေးမြူရေးဒုန်များအလိုက် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ငါး၊ ပုစွန်၊ ကဏန်းမွေးမြူထားရှိမှု၊ ရွှေမုယင်းဒေသရှိ ငါးမွေးမြူရေးကန်များနှင့်ငါးထုတ်လုပ်နိုင်မှု၊ တိုင်းဒေသကြီးအတွင်း မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ တွံတေးမွေးမြူရေးဒုန်အား အုပိုင်းအလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှုနှင့် တိရစ္ဆာန်အမျိုးအစားအလိုက်မွေးမြူထုတ်လုပ်ရှိမှု၊ ရေရှိရေးဆောင်ရွက်ပေးထားမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရေရှိရေးသည်အဓိကကျပြီး ဒုန်များအလိုက်ရှိ မွေးမြူရေးလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် လုံလောက်သည့်ရေပမာဏပေးဝေနိုင်ရေး စနစ်တကျတွက်ချက်ဆောင်ရွက်ပေးရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့်တိရစ္ဆာန်အစာနှင့်ပတ်သက်၍လည်း ဒုန်များအလိုက် ရပ်ဝေးမှ မှာယူမည်ဆိုပါက ကုန်ကျစရိတ်များ ပိုမိုများပြားနိုင်မည်ဖြစ်ကြောင်း၊ သွင်းအားစုနှင့် ထုတ်လုပ်မှုကုန်ကျစရိတ်များ နည်းပါးမည်ဆိုပါက စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနိုင်မည်ဖြစ်သဖြင့် ဒုန်များအလိုက် ဒေသတွင်းထွက်ရှိသည့် ကုန်ကြမ်းများဖြင့် တိရစ္ဆာန်အစာထုတ်လုပ်နိုင်ရေးဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများကိုလည်း တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်မည်ဖြစ်ကြောင်း။

ဒုန်များအလိုက် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်သကဲ့သို့ Green Zone Area များကိုလည်း ဖော်ဆောင်ပေးရန်လိုကြောင်း၊ လမ်းဘေးဝဲယာတစ်လျှောက် မြက်နှင့် အရိပ်ရလေကာပင်များကိုလည်း စိုက်ပျိုးရန်လိုကြောင်း၊ ဒုန်များအလိုက် လျှပ်စစ်ဓာတ်အားရရှိရေးအတွက်လည်း ဆောင်ရွက်ရန်လိုပြီး နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ခြင်းများကို ဆောင်ရွက်မည်ဆိုပါက မွေးမြူရေးလုပ်ငန်းများအတွက် အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသန္တရမွေးမြူခြင်းမဖြစ်စေလိုဘဲ စီးပွားဖြစ်စနစ်တကျမွေးမြူဆောင်ရွက်သွားရန်လိုကြောင်း၊ လှောင်မွေးသည့်စနစ်ဖြစ်သဖြင့် တိရစ္ဆာန်များအတွက်လိုအပ်သည့် ရေနှင့်အစာများကို အပြည့်အဝကျွေးမွေးနိုင်ရန်လိုကြောင်း၊

စနစ်ကျနသည့်မွေးမြူရေးစနစ်ကိုဖော်ဆောင်သွားရန်လိုပြီး မည်ကဲ့သို့မွေးမြူမည်၊ထုတ်ကုန်များအား ကုန်ချောအဆင့်သို့ မည်ကဲ့သို့ထုတ်လုပ်မည်၊ ရေရှည်အကျိုးစီးပွားနှင့် စဉ်ဆက်မပြတ်သည့် ထုတ်လုပ်မှုဖြစ်စေရေး မည်ကဲ့သို့ဆောင်ရွက်မည်ကို စနစ်တကျဖြင့် တွက်ချက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ (Agro Base Industry) ကို ဖော်ဆောင်သွားရမည်ဖြစ်ပြီး တန်ဖိုးမြင့်စက်မှုကုန်ထုတ်လုပ်ငန်းများကို ထုတ်လုပ်နိုင်ရမည်ဖြစ်ကြောင်း။

မွေးမြူရေးဇုန်များအလိုက် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အစီအမံများ၊ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကိုလည်း ကြိုတင်တွက်ချက်ပြင်ဆင်ဆောင်ရွက်ထားရှိရန် လိုကြောင်း၊ လက်ရှိဆောင်ရွက်ထားသည့် အခြေအနေများအရ ရန်ကုန်တိုင်းဒေသကြီး၏ အသားဖူလုံမှုကို အတိုင်းအတာတစ်ခုအထိ အထောက်အကူပြုနိုင်သည်ကို တွေ့ရှိရပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်မြင်စေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ရေအရင်းအမြစ်များတွင် မိုးကောင်းသောက်ရေ၊ ဆည်ရေ၊ မြစ်ချောင်းရေ၊ မြေအောက်ရေ ဟူ၍ရှိပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့်ရေကို



မြေပြင်အချက်အလက်များနှင့် ကိန်းဂဏန်းအချက်အလက်များ တူညီမှုရှိစေရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ လူသားတို့၏ နေ့စဉ်ဘဝတွင် စားဝတ်နေရေးဟူ၍ရှိပြီး စားရေးသည် အဓိကအရေးကြီးသည့် အချက်ဖြစ်ကြောင်း၊ အုပ်ချုပ်သူ အစိုးရတာဝန်ရှိသူများအနေဖြင့် ပြည်သူများ၏ စားရေးတွင် ဖူလုံမှုရှိစေရေး၊ အခြေခံစားကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ရရှိရေး၊ ပတ်ဝန်းကျင်ကောင်းရရှိစေရေး ဖြေရှင်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ဖြင့် မှာကြားသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တွံတေးမွေးမြူရေးဇုန်အတွင်းရှိ ဦးမြင့်နိုင်၏ ငုံးမွေးမြူရေးခြံ၌ ငုံးများမွေးမြူထားမှုအခြေအနေကို ကြည့်ရှုစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တွံတေးမွေးမြူရေးဇုန်အတွင်းရှိ ဦးစိုးအောင်၏ ဆိတ်မွေးမြူရေးခြံ၊ ဦးအောင်လင်းဦး၏ ရွှေဘဲ(အသားတိုးဘဲ) မွေးမြူရေးခြံ၊ ဦးဇာရား၏ ဥစားဘဲမွေးမြူရေးခြံ၊ ဦးမြင့်နိုင်၏ ငုံးမွေးမြူရေးခြံ၊ ဦးကျော်မင်း၏ နို့စားနွားမွေးမြူရေးခြံနှင့် ဒေါ်လဲ့ရည်ဝင်း၏ဝက်မွေးမြူရေးခြံတို့အား

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
တွံတေးမွေးမြူရေးဇုန်အတွင်းရှိ
ဦးကျော်မင်း၏ နို့စားနွားမွေးမြူရေးခြံ၌
နွားများမွေးမြူထားမှုအခြေအနေကို
ကြည့်ရှုစဉ်။



တကျဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ လျောင်မွေးစနစ်ဖြင့် မွေးမြူခြင်းဖြစ်သဖြင့် အစာ၊ ရေနှင့်အခြားလိုအပ်ချက်များ ပြည့်ဝစွာရရှိစေရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

အဆိုပါတွံတေးမြို့နယ်ရှိ တွံတေးမွေးမြူရေးဇုန်အား ရန်ကုန်တိုင်းဒေသကြီး အတွင်းနေထိုင်ကြသော ပြည်သူလူထုသက်သာချောင်ချိရေးနှင့် အာဟာရပြည့်ဝသည့် စားသောက်ကုန်များ စားသုံးနိုင်ရေး သားငါးထုတ်လုပ်မှု လုံလောက်မှုရှိစေရန် ရည်ရွယ်၍ ၂၀၂၃ ခုနှစ် ဇွန်လအတွင်း မြေဧရိယာ ၅၈၁ ဒသမ ၅၄ ဧကပေါ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မွေးမြူရေးဇုန်အား အပိုင်း ၃ ပိုင်းခွဲခြား၍ ဆောင်ရွက်ခြင်းဖြစ်ပြီး ဇုန်များအလိုက် ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါး၊ ငုံး၊ ဘဲများကို မွေးမြူထားရှိကြောင်း၊ မွေးမြူရေးလုပ်ငန်းများအောင်မြင်မှုရရှိစေရေး တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် နိုင်ငံတော်အစိုးရမှလည်း လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
တွံတေးမွေးမြူရေးဇုန်အတွင်းရှိ
ဦးမြင့်နိုင်၏ ငုံးမွေးမြူရေးခြံ၌
ငုံးများမွေးမြူထားမှုအခြေအနေကို
ကြည့်ရှုစဉ်။

မဖြစ်မနေရရှိအောင် ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ နိုင်ငံတကာတွင် အောင်မြင်လျက်ရှိသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို လေ့လာကြည့်မည်ဆိုပါကလည်း ရေသည် အဓိကအရင်းအမြစ်ဖြစ်သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ခြင်းဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံ့စီးပွားတိုးတက်ရေးအတွက်လည်း များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ကိန်းဂဏန်းအချက်အလက်များအရ အောင်မြင်မှုရရှိနေသည်၊ အထွက်နှုန်းကောင်းနေသည်ကို ကျေနပ်နေ၍မရဘဲ မြေပြင်လက်တွေ့၌ အမှန်တကယ်အောင်မြင်မှုရှိရန်လိုကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဌာနအလိုက်မှ တာဝန်ရှိသူများအနေဖြင့်

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects Twantay farming zone



Senior General Min Aung Hlaing gives guidance to officials during his tour of Twantay farming zone.

NAY PYI TAW November 30

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, accompanied the entourage, the Yangon region chief minister, the Yangn command commander and officials, inspected progress of work at Twantay breeding zone in Twantay Township, Yangon Region this morning.

The Senior General heard a report on breeding of local beef cattle and milk cows, local red Muscovy ducks, quails, establishments of category-wise farms for producing farm animals, production of livestock and livestock products, production of mixed feed, zone-wise farming, fish, prawn, crab farms, fish farms and production at Shwemuyin area, plans for development of farming business in the region, sector-wise implementation of Twantay breeding zone, species-wise farming and production, and water availability, presented by Yangon Region Chief Minister U Soe Thein and farming officials.

In response, the Senior General said water is the essential need in farming, pointing out the requirement of systematic calculations and plans for ensuring adequate water supply zone wise. As zone-wise transport cost for animal feed depends on distance, zones should reduce cost for animal feed inputs and production by using their own raw materials. They can recycle waste materials into animal feed.



Senior General Min Aung Hlaing inspects a pig farm.



Senior General Min Aung Hlaing inspects a duck farm.

In addition to zone-wise farms, green zone areas must also be set up. Grass and windbreakers shade trees must be planted along the roads on both sides. In striving for zone-wise power availability, harnessing of solar power will benefit the farms. Officials must conduct commercial-scale farming and not traditional farming. As caged-breeding is applied, adequate water and feed supply has become a must. Breeding and finished good production methods must be carefully taken into account for ensuring long term benefits and continuous production, followed by the establishment of agro-based industry that will produce value-added goods.

Zones must conduct careful calculation and preparations for natural disaster prevention and animal infectious disease control programs. Currently, Yangon Region's meat demand can be fulfilled to a certain degree. More efforts are needs for the success of farming.

Water sources consist of rainwater, dam water, river water, and groundwater. It is essential to ensure an adequate supply of water to support agricultural

See Page - 19 ●●

●● From Page - 18

and farming activities. Examining successful international farming practices reveals that water is a critical resource. The success of agricultural and farming activities not only drives socio-economic development but also significantly contributes to the nation's economic growth. In agriculture and farming, it is not enough to rely solely on statistical achievements or high yields; true success must be achieved at the practical level. Therefore, officials from the relevant departments must ensure alignment between on-ground data and statistical data. Among the fundamental needs of human life, food is a primary factor. As the saying goes, "One needs a full stomach to keep the precepts" He urged government officials to ensure food security for the population, provide basic food products at affordable prices, and maintain a healthy environment.

Then, the Senior General, accompanied by team members, visited several farms in the Twantay Farming Zone, including U Soe Aung's goat farm, U Aung Lin Oo's broiler duck farm, U Zar Yar's layer duck farm, U Myint Naing's quail farm, U Kyaw Min's dairycattle farm, and Daw Lei Yi Win's pig farm. During the visit, they inquired about operations and provided recommendations based on the explanations given by those in charge of the farms.

Later, the Senior General met with officials at the farming zone briefing center and stated that farming activities have now commenced in the zone. While the system has not yet reached a fully modern level, it has developed to a stage where farming can be conducted in an organized manner. Despite the farming zone being in operation for just over a year, it is essential to approach the work systematically from the outset, as the saying goes, "A good start makes a good end." With the farming system in place, food, water, and other essential needs will be adequately provided, ensuring all requirements are met.

The Twantay Farming Zone, located in Twantay Township, was established in June 2023, covering an area of 581.54 acres. The initiative aims to ensure sufficient livestock and fish production to support the welfare of the people in Yangon Region and provide access to nutritious food products. The farming zone is reported to be divided into three sections, with chickens, pigs, goats, cows, fish, quails, and ducks raised in each area. Officials and business owners are collaborating to ensure the success of the farming operations, and the state government will provide the necessary support. **100**

Ridge gourd demand surges in Bogale Township

BOGALE November 30

There is a good purchase of locally grown ridge gourds in Bogale Township, Ayeyawady Region, said Daw Thin Thin, a greengrocer from Bogale Township.

In Bogale Township, the locally grown ridge gourds have been traded in the market since the first week of October. Currently, the number of ridge gourds which has been sold per daily reached between 18,000 and 25,000, and the trade has been good. It is reported that the market price of 100 ridge gourds is up to Ks-27,000.

"Other townships are buying more of the ridge gourds that come from this side.At present, up to 25,000 ridge gourds are being sold daily. Ridge gourd is a local product from Bogale Township.The quality of the ridge gourds that are trading well now is good.As it is a local product, consumers will be able to eat cheap and clean food products.As the purchase of local produce is good, farmers who grow vegetables have more incomes." she said.

SMK

Phaungpyin Township cultivates over 800 acres of winter sunflowers

PHAUNGPYIN November 30

A total of 813 acres of sunflowers have been planted during this year's winter crops planting season in Phaungpyin Township, Mawlaik District, Sagaing Region, according to statistics from the Department of Agriculture for Mawlaik District.

During the 2024-2025 winter crops planting season, 2,436 acres of winter sunflowers are planned to be planted in Phaungpyin Township, and 813 acres have been planted since October this year.

"In order to reduce palm oil imported from abroad, we are expanding the cultivation of sunflower, an oilseed crop. The production of sunflower oil per acre is more than that of other peanuts and sesame seeds. Sunflower is only planted in winter," said Daw Kywe Kywe Hlaing, head of the Department of Agriculture for Mawlaik District.

It is reported that the Department of Agriculture of the township is speeding up the educational courses in order to be able to expand the cultivation of sunflower in Phaungpyin Township.

SK

Maize plantations harvested in Myaung Township

MYAUNG November 30

Local farmers in Myaung Township of Sagaing Region have so far harvested 2,162 acres of maize planted in monsoon this year, according to Sagaing District Agriculture Department.

They planted 2,162 acres of maize in the township this monsoon. Starting from August this year, local farmers reaped 2,162 acres of maize, which yielded 42.15 baskets per acre.

Daw Thida Lwin, Head of Sagaing District Department of Agriculture explained: "Local farmers have harvested all 2,162 acres of maize plantations in Myaung Township. They grow maize separately but mix it with pigeon pea, too. Now, all maize plantations have been harvested in the township."

This year, officials of the Township Agriculture Department conducted the training course for enhancement of capacity of local farmers and staff members of the department to grow maize with the field demonstration. Moreover, officials explained prevention of pests and techniques to make natural fertilizers and pesticides.

In Myaung Township, maize yields more than 40 baskets per acre. Local farmer needs to cost some Ks-500,000 per acre of growing maize. **SMK**

Dabayin Township reaps more than 2,000 acres of black gram this year

DABAYIN November 30

A total of 2,084 acres of black gram has been harvested in Dabayin Township of Sagaing Region, according to YeU District Agriculture Department.

In 2024-2025 monsoon season, local authorities earmarked 1,672 acres of black gram in Dabayin Township but local farmers planted 2,084 acres of crops exceeding the target cultivation. Local farmers started harvesting of black gram in September this year, yielding more than 18 baskets per acre.

U Zaw Myint Tun, Head of YeU District Department of Agriculture stated: "Local farmers planted 2,084 acres of black gram in Dabayin Township. We helped them exceed the target cultivation in addition to necessary technology, techniques for prevention of pests, and quality strains of crops. So far, they have harvested all acres of black gram."

This year, township officials provided suitable strains of crops, correct agricultural techniques, prevention of pests and making natural fertilizers for local farmers.

Moreover, the relevant township Agriculture Department cooperated with local farmers in boosting production of crops with provisions of quality strains of crops and inputs in addition to post-harvest technology.

SK

Trump's tariff threat should be taken seriously: Trudeau

OTTAWA November 30

Canadian Prime Minister Justin Trudeau said Friday incoming U.S. President Donald Trump's threats on tariffs should be taken seriously.

"One of the things that is really important to understand is that Donald Trump, when he makes statements like that, he plans on carrying them out," Trudeau was quoted as saying in Prince Edward Island. "There's no question about it."

"He would be actually not just be harming Canadians, he'd actually be raising prices for American citizens as well and hurting American industry and businesses," said Trudeau.

According to the report, the prime minister said that Canada can take the same approach to working with Trump as it did during his first term as president.

Trudeau on Wednesday night held a virtual meeting with all 13 premiers to discuss Trump's tariff threat. Deputy Prime Minister Chrystia Freeland called on the premiers to make use of all of their contacts, channels, and abilities to relay important information and messages to Americans and people of influence.

They agreed to continue working closely together to advocate for Canada's interests and the deep economic ties that drive prosperity on both sides of the border, across all sectors of the economy.

Trump vowed on Monday to impose a 25 percent tariff on all products from Canada and Mexico as soon as he takes office, saying that he will keep them in place until both countries crack down on drugs and immigrants entering the United States illegally from their territories.

For the first nine months of this year, Canada exported more than 300 billion U.S. dollars in goods to the United States, according to Statistics Canada.

Xinhua

Zelensky complains about unfulfilled promises of west

MOSCOW November 30

Volodymyr Zelensky has complained about the failure of Ukraine's partners to meet demands to equip Ukrainian Armed Forces brigades.

In an interview with Sky News, Volodymyr Zelensky said that the US and European countries had promised to equip 10 military brigades for Ukraine. Zelensky noted the need to train military brigades given the shortage of troops in the Ukrainian Armed Forces.

"The real problem [is] with 10 brigades which our partners didn't equip. I asked them very much more than one year ago, that we need to equip these brigades. We made this solution with the US and European allies and for today totally Europe and the US equipped 2.5 brigades," he said.

Zelensky went on to grumble about the bureaucracy of the Kiev regime's sponsors, adding that "some bureaucracy, some decisions, some don't think is the priority."

Sputnik



124 killed in sectarian violence in NW Pakistan

ISLAMABAD November 30

The death toll of sectarian violence in Kurram district of Pakistan's northwest Khyber Pakhtunkhwa province rose to 124, local administration said on Saturday.

An official from the local administration of the district said the death toll rose after 16 more people died in armed clashes during the last 24 hours, adding that over 170 others were also injured.

The majority of the injured are admitted to different hospitals including those who are in critical condition, added the official.

The violence started after armed men attacked a convoy of passenger vehicles coming from the Parachinar area in the Mandori U chit area of the district on November 21, killing 52 people, including children and women.

The incident triggered armed clashes and attacks between two groups, including Shiite and Sunni Muslims, according to the official.

The tense situation and closure of the main highway have led to severe shortages of food, fuel, and medicine, as well as suspension of internet and mobile services, besides affecting daily life in the region as fear had gripped the population.

A high-level delegation of the provincial government visited the district after the attack on passenger coaches and held meetings with elders, leading to a ceasefire agreement, but clashes could not be stopped.

Deputy Commissioner of Kurram Javedullah Mehsud told media that efforts are being made to ensure a ceasefire by involving elders from both sides to announce a ceasefire after both sides refused to pay heed to the ceasefire arranged by the government delegation.

Xinhua

Terrorist infiltration in Aleppo: Syrian military readies reinforcements



CAIRO November 30

Terrorist groups have penetrated many areas of the Syrian city of Aleppo, the Syrian armed forces command said on Saturday, adding that the Syrian military is continuing to strike at the terrorist positions and is expecting the arrival of reinforcement.

"In light of the large flow of terrorists across the northern borders and the strengthening of their military and technical support, terrorist groups have entered many areas of the city of Aleppo in recent hours," the statement read.

The terrorists are unable to fortify strongholds in the city due to the continuing strikes launched by the Syrian military, the statement also said. The Syrian forces are expecting the arrival of reinforcements and their deployment in all areas of combat operations, the statement added.

Dozens of Syrian soldiers have been killed in recent days in combat operations against terrorist groups in the provinces of Aleppo and Idlib, the Syrian Armed Forces Command said, adding that the army has regrouped to save civilian lives and prepare for a counterattack.

"In recent days, armed terrorist groups that are part of the Nusra Front* have carried out a large-scale offensive in Aleppo and Idlib with the support of thousands of foreign terrorists, heavy weapons and a large number of drones... During the fighting, dozens of people from our armed forces were killed and there are also people who were wounded," the statement read.

Sputnik

Message sent by Chairman of the State Administration Council Prime Minister of the Republic of the Union of Myanmar Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing to the ceremony to mark the seventh Anniversary of Dawei National Day

Esteemed Dawei ethnic national brethren,

On the occasion of the seventh Dawei National Day organized on 1st Waxing of Nataw 1386 Myanmar Era, 1 December 2024, I extend my heartfelt greetings and best wishes to all national brethren residing across Myanmar together with Dawei ethnic people for physical and mental well-being and prosperity in all aspects of their lives.

Under the leadership of the Dawei ethnic organizing committee, the Dawei National Day has been held for the seven time on 1st Waxing of Nataw yearly, since 2017. So, I am proud of having a chance to send the message of felicitations to the ceremony to mark the Dawei National Day , showing the unity of Dawei ethnic people.

All national races including Dawei ethnics have been residing in Myanmar together through unity an fraternity for many years and they have been maintaining relations among national races. During the time when Myanmar fell under colonial rule, Dawei ethnic people showed off their brilliant courage and strong Union spirit by fighting colonialist, together with other patriotic national races. Likewise, they also sacrificed life and limbs in fighting in battles to regain independence of the State together with other patriotic national races showing their solidarity during the period of independence struggle. All national races including Dawei ethnics have to sharpen pariotism and spirit of sacrifice not to lose independence which is a legacy left by forefathers.

Dawei ethnics put faith in the Theravada Buddhism, as a common religion of other national races in Myanmar. It should take pride in activities of Dawei ethnics who have been preserving cultures and customs based on the Buddhism. As such, it is necessary to protect subtle cultural and adorable traditional cultural heritages of Dawei ethnics for long term existence.

Dawei region is located in the southern part of Myanmar, blessed with plentiful coastal resources, underground and aboveground as well as underwater and above-water natural resources. It is a region with abundant sound foundations and opportunities to operate manufacturing industries based on agriculture and livestock breeding, trading and tourism industry. Dawei region possesses proper transport links with other regions, located at the focal point of land roads and waterways. Being a strategic point for the economic sector, the region is gaining development momentum year by year, contributing to the economic growth of Myanmar. Moreover, as Dawei Special Economic Zone can support development of not only Myanmar but regional countries, resident Dawei ethnic people have to strive for improvement of the economy.

Currently, the State Administration Council has adopted and is implementing the roadmap in order to strengthen the path of democracy for the State while making utmost efforts for cementing the sound foundations to develop the country and boom socio-economy of the people. It can be seen that Dawei ethnic people support endeavours of the State and contribute to serving interest of the Union. So, Dawei ethnic people have to emphasize development of the entire Union based on economic opportunities from Dawei region.

Dawei ethnic people have to continue posting milestones in preserving fine historical records. Hence, I send this message of felicitations to the Dawei National Day while urging Dawei ethnic people to actively participate in development process of the State by correctly utilizing existing natural resources from Dawei region so as to show off their united strength based on the Union Spirit.

Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing
State Administration Council Chairman, Prime Minister

Pwintbyu Township cultivates over 500 acres of winter lablab beans

PWINBYU November 30

A total of 522 acres of lablab beans have been planted in this year's winter crops planting season in Pwintbyu Township,Magway Region, said Daw Moe Moe Wai, head of the Department of Agriculture for Pwintbyu Township. In order to increase crop production capacity and increase farmers' crop income in Pwintbyu Township this year, 3,697 acres of lablab beans have been earmarked to be planted. It is reported that 522 acres of lablab beanshave been planted since October this year.

"This year, in order to improve crop cultivation in Pwintbyu Township, to ensure food security and to increase farmers' crop income, 3,697 acres of lablab beans have been earmarked and farmers are being encouraged to cultivate the designated acres. Farmers have been working hard to cultivate lablab beansin rainy and winter seasons. In order to improve the yield and quality of crops, we are being supervised in the field to focus on planting good varieties, planting with the GAP system, and using natural pesticides to prevent diseases,"she said. **SK**

Myinmu Township harvests over 1,100 acres of rain-fed seed corn and millets

MYINMU November 30

The harvest of 1,195 acres of seed corn and millets planted this year in the rainy season has been completed in Myinmu Township, Sagaing District, Sagaing Region, according to statistics from the Department of Agriculture for Sagaing District.

In Myinmu Township, during this year rain crops planting season, 765 acres of seed corn and 1,047 acres of millets were planted, totaling 1,812 acres and the planted corn fields were harvested from August this year until today. Seed corn yielded 44.50 baskets per acre and millets yielded 15,000 corn ears per acre.

In Myinmu Township, in the cultivation of seed corn and millets, more than 50 baskets of seed corn are produced per acre, and the cost of planting one acre of seed corn is Ks-500,000. A total of 15,000 corn ears of millets are produced per acre, and the cost of planting one acre is over Ks-500,000.

SMK

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

ရုရှား-ယူကရိန်းပဋိပက္ခ ထရမ့်ကြားဝင်မှုနဲ့ တရုတ်အပေါ်သက်ရောက်မှု



ယူကရိန်းစစ်ပွဲဟာ ပြီးခဲ့တဲ့သီတင်းပတ်မှာ တင် ရက်ပေါင်း ၁၀၀၀ ပြည့်မြောက်ခဲ့ပြီး ပါပြီ။ ဒီလိုရက်ပေါင်း ၁၀၀၀ ပြည့်မြောက်ချိန်မှာ ယူကရိန်းက အမေရိကန်နဲ့ဗြိတိန်တို့ ထောက်ပံ့အသုံးပြုခွင့်ပေးထားတဲ့ တာဝေးပစ်ခုံးကျည်တွေနဲ့ ရုရှားနိုင်ငံအတွင်းပိုင်းထဲကို ပစ်ခတ်တိုက်ခိုက်လိုက်ပါတယ်။

ရုရှားဘက်ကလည်း ယူကရိန်းရဲ့တိုက်ခိုက်မှုကို တုံ့ပြန်တဲ့အနေနဲ့ အသံနှုန်းလွန် အမြင့်ပျံဒုံးကျည်အသစ်နဲ့တိုက်ခိုက်လိုက်ပါတယ်။ ဒီအခြေအနေဟာ အနာဂတ်မှာဖြစ်လာနိုင်တဲ့ တွေ့ဆုံဆွေးနွေးမှုများအတွက် တစ်ဦးကကျန်တစ်ဦးအပေါ်အသာစီးရရှိနိုင်စေရေးလုပ်ဆောင်မှုတစ်ခုဖြစ်တယ်လို့ လေ့လာသူများသုံးသပ်ထားတာတွေ့ရပါတယ်။

သူတို့နှစ်နိုင်ငံကြား တွေ့ဆုံဆွေးနွေးမှုတွေလုပ်လာနိုင်ခြေရှိတဲ့အကြောင်းရင်းက ဒေါ်နယ်ထရမ့်က နေစတာပါ။ ထရမ့်က သူသာသမ္မတဖြစ်ရင် ရုရှား-ယူကရိန်းပဋိပက္ခကို ၂၄ နာရီအတွင်း အဆုံးသတ်အောင်ဆောင်ရွက်ပေးနိုင်တယ်ဆိုတဲ့ ကတိစကားတစ်လုံးနဲ့အတူ သမ္မတအဖြစ်ရွေးကောက်ခံထားရသူဖြစ်ပါတယ်။ ဒါပေမဲ့လည်း ဒီပဋိပက္ခအပေါ် ဖြေရှင်းမှုရဲ့အကျိုးဆက်က တရုတ်နိုင်ငံအတွက် တော်တော်လေးကို ကျယ်ပြန့်သွားနိုင်တယ်လို့ လေ့လာသူများကဆိုထားကြပါတယ်။

ရုရှား-ယူကရိန်းပဋိပက္ခကာလတစ်လျှောက်လုံးမှာ တရုတ်နိုင်ငံက ကြားနေဝါဒနဲ့သာနေထိုင်ခဲ့တာဖြစ်ပြီး ငြိမ်းချမ်းရေးကိုလိုလားသူအဖြစ်ဖော်ဆောင်ခဲ့တာပါ။ ဒါပေမဲ့ တရုတ်နိုင်ငံက ရုရှားနဲ့ပိုမိုခိုင်မာတဲ့ဆက်ဆံရေးကိုတည်ဆောက်လာပြီး သူ့ရဲ့ပင်မစီးပွားဖက်များအနက်တစ်ဦးဖြစ်တဲ့ ဥရောပသမဂ္ဂနဲ့ ဆက်ဆံရေးကတော့တင်းမာလာပါတယ်။ တချို့လေ့လာသူတွေကတော့ ရုရှား-ယူကရိန်းပဋိပက္ခအဆုံးသတ်ခြင်းက တရုတ်-ဥရောပသမဂ္ဂ ဆက်ဆံရေးတင်းမာမှုကို တစ်နည်းနည်းနဲ့ပြေလျော့စေမယ်လို့ ပြောထားပါတယ်။

လက်ရှိမှာ ဒေါ်နယ်ထရမ့်ရဲ့ နိုင်ငံတော်တာဝန်များလွှဲပြောင်းရယူရေးအဖွဲ့က ရုရှား-ယူကရိန်းပဋိပက္ခအဆုံးသတ်စေရေးအတွက် များပြားလှစွာသောနည်းလမ်းများကို စဉ်းစားသုံးသပ်နေတယ်လို့ဆိုပါတယ်။ အဲဒီနည်းလမ်းတွေအနက် တချို့ဟာဆိုရင်လည်း မီဒီယာတွေဆီကိုပေါက်ကြားလာတာမျိုးတွေရှိပါတယ်။

ဒါကြောင့် ထရမ့်ရဲ့နည်းလမ်းက ရုရှားကိုအသာပေးတဲ့ဆုံးဖြတ်ချက်နဲ့ ရှေ့ဆက်ဖို့ဖြစ်နိုင်တယ်လို့ တော်တော်များများက ထင်ကြေးပေးထားကြတာပါ။ ဒီနေရာမှာ ဥရောပသမဂ္ဂအနေနဲ့စိုးရိမ်နေတာတစ်ခုက ထရမ့်ဟာ သူတို့လက်မခံနိုင်တဲ့နည်းလမ်းနဲ့ ပဋိပက္ခကိုဖြေရှင်းနိုင်တယ်ဆိုတဲ့အချက်ဖြစ်ပါတယ်။ ဆိုလိုတာက လက်ရှိယူကရိန်းကဆုံးရှုံးထားတဲ့နယ်မြေတွေကို ရုရှားဆီပေးဖို့ ယူကရိန်းကိုတွန်းအားပေးတဲ့အနေအထားဖြစ်လာမှာကိုပါ။

ယူကရိန်းသမ္မတဗိုလိုဒိုမာဇီလန်စကီက လက်ရှိဖြစ်ပွားနေတဲ့ပဋိပက္ခကိုအဆုံးသတ်ဖို့ဆိုရင် ခရိုင်းမီးယားဒေသအပါအဝင် ရုရှားနဲ့ပူးပေါင်းသွားတဲ့နယ်မြေတွေ၊ ရုရှားသိမ်းပိုက်ထားတဲ့နယ်မြေတွေအားလုံးကို ယူကရိန်းဆီပြန်ပေးဖို့နဲ့ အဲဒီနယ်မြေတွေကနေ ရုရှားတပ်တွေအားလုံးပြန်ဆုတ်ပေးဖို့ လိုအပ်တယ်ဆိုပြီးအတိအလင်းပြောထားပါတယ်။

ဒါပေမဲ့လည်း ဒီလအစောပိုင်းမှာတော့ သူ့ရဲ့လေသံပြောင်းလာတာကိုတွေ့ရပါတယ်။ ယူကရိန်းအနေနဲ့ ရုရှားနဲ့ပဋိပက္ခကိုသံတမန်နှုန်းလမ်းကနေတစ်ဆင့် လာမယ့်နှစ်မှာအဆုံးသတ်စေဖို့အတွက် ဆွေးနွေးညှိနှိုင်းရေးလမ်းကြောင်းကို ဖွင့်လှစ်ထားတယ်လို့ ပြောပါတယ်။ အဲဒီလိုပြောပြီးမကြာမီမှာပဲ ယူကရိန်းက ရုရှားရဲ့နယ်မြေတွေထဲကို တာဝေးပစ်ခုံးကျည်တွေနဲ့ပစ်ခတ်ပါတယ်။ ဒီတော့ သူ့ရဲ့သံတမန်ရေးနည်းလမ်းနဲ့ငြိမ်းချမ်းရေးလိုချင်တယ်ဆိုတာက တော်တော်လေးတော့ စဉ်းစားစရာကောင်းနေပါပြီ။

ဒါဆိုရင် ထရမ့်ကဖြေရှင်းပေးလာနိုင်တဲ့နည်းလမ်းကလည်း လက်တွေ့မှာအလုပ်ဖြစ်ပါ့မလားဆိုတာကိုစဉ်းစားသင့်ပါတယ်။ ထရမ့်က ယူကရိန်းကိုတွန်းအားပေးတဲ့အနေနဲ့ အမေရိကန်ကယူကရိန်းဆီကို လက်နက်တွေထောက်ပံ့ပေးမယ့်အစီအစဉ်ဖျက်သိမ်းလိုက်မယ်ဆိုရင်တောင်မှ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက အဲဒီနိုင်ငံကိုလက်နက်တွေထောက်ပံ့ပေးနေနိုင်ဆဲဖြစ်ပါတယ်။

တကယ်တော့ ဥရောပသမဂ္ဂဟာ ရုရှား-ယူကရိန်းပဋိပက္ခပြေလည်သွားမှာကို သိပ်လိုလားဟန်မရှိပါဘူး။ အကြောင်းရင်းကတော့ ထရမ့်ရဲ့အကူအညီပေးမှုနဲ့ အဲဒီပဋိပက္ခပြေလည်မှုဟာ ယူကရိန်းအနေနဲ့နယ်မြေတွေပေးလိုက်ရတဲ့အပြင် ရုရှားက ဥရောပသမဂ္ဂအပေါ် အထက်စီးကနေဆက်ဆံလာနိုင်တဲ့အခြေအနေမျိုးကြောင့်ဖြစ်ပါတယ်။ ဒါကြောင့် ဥရောပသမဂ္ဂနဲ့ ယူကရိန်းတို့က ဘယ်လိုအချိန်မှာ ငြိမ်းချမ်းရေးစကားဝိုင်းထဲဝင်ထိုင်နိုင်လည်းဆိုရင် ယူကရိန်းရဲ့လုံခြုံရေးကိုဘက်စုံအာမခံနိုင်တဲ့ အခြေအနေမျိုးရမှသာဖြစ်နိုင်တယ်လို့ ရန်းမင်တက္ကသိုလ်မှဩဇာနှုန်းကြားရေးမှူးဝမ်းယီဝေကသုံးသပ်ထားတာတွေ့ရပါတယ်။ အဓိကက ယူကရိန်းဟာ NATO အဖွဲ့ဝင်ဖြစ်လာတဲ့အခါမှသာဖြစ်ပါတယ်။

တစ်ချိန်တည်းမှာပဲ ရုရှား-ယူကရိန်းပဋိပက္ခမှာ တရုတ်နိုင်ငံရဲ့ကြားနေဝါဒက ဥရောပသမဂ္ဂအနေနဲ့ တရုတ်နိုင်ငံအပေါ်တင်းမာမှုတွေကို ပိုမိုမြင့်တက်လာစေပါတယ်။ တရုတ်နိုင်ငံက ကြားနေတယ်လို့ဆိုထားပေမယ့်လည်း ရုရှားနိုင်ငံနဲ့ ပိုမိုခိုင်မာတဲ့ဆက်ဆံရေးကိုထူထောင်လာတဲ့အတွက်ပါ။

ဒါ့အပြင် ဥရောပသမဂ္ဂက တရုတ်နိုင်ငံကတင်သွင်းတဲ့ လျှပ်စစ်သုံးယာဉ်တွေအပေါ် သွင်းကုန်စည်းကြပ်အခွန် ပိုမိုတိုးမြှင့်ကောက်ခံလိုက်တဲ့အတွက်လည်း သူတို့ကြားကဆက်ဆံရေးက ပိုလို့သာဆိုးလာရပါတယ်။

အကယ်၍များ ထရမ့်ရဲ့ကြိုးပမ်းမှုကြောင့် ရုရှားနဲ့ယူကရိန်းတို့ကြား ငြိမ်းချမ်းရေးရသွားတယ်ဆိုရင်တောင်မှ ဥရောပသမဂ္ဂနဲ့တရုတ်တို့ကြားကဆက်ဆံရေးဟာ လိပ်ခဲတည်းလည်းအခြေအနေမှာသာဆက်ရှိနေနိုင်တယ်လို့ လေ့လာသူများကပြောထားပါသေးတယ်။ လတ်တလောမှာတော့ တရုတ်နဲ့ဥရောပသမဂ္ဂတို့က သူတို့ကြားတင်းမာမှုကို ဖြေရှင်းဖို့အတွက် ဆွေးနွေးမှုတွေလုပ်နေပါတယ်။

နောက်တစ်ချက်က အမေရိကန်အနေနဲ့ ရုရှား-ယူကရိန်းပဋိပက္ခကို ပြေလည်အောင်ဖြေရှင်းဖို့ကြိုးပမ်းလာတာဟာ အမေရိကန်က ရုရှားအပေါ်အနိုင်ရရှိစေဖို့နဲ့ တစ်ဆက်တည်းမှာပဲ တရုတ်နိုင်ငံအပေါ် ဖိအားပေးနိုင်စေဖို့ဖြစ်တယ်လို့ သုံးသပ်ရပါတယ်။ ဒါပေမဲ့ မတူညီတဲ့အင်အားစုတွေက ဘယ်လိုမျိုးတုံ့ပြန်ပြီး အင်အားချိန်ခွင်လျှာကိုထိန်းညှိကြမလဲဆိုတဲ့အပေါ်မူတည်ကာ ထွက်ပေါ်လာနိုင်တဲ့ရလဒ်ကလည်း ရှုပ်ထွေးနိုင်တယ်လို့ ရှန်ဟိုင်းရှိတုန်ဂျီတက္ကသိုလ်မဂ္ဂမနီရေးရာလေ့လာရေးဌာနမှဥက္ကဋ္ဌန်ကြားရေးမှူးကျန်းချန်ရောင်းကပြောပါတယ်။

သူဆိုလိုချင်တဲ့အဓိကအချက်က အမေရိကန်အနေနဲ့ ရုရှား-ယူကရိန်းပဋိပက္ခမှာကြားဝင်ရခြင်းဟာ တရုတ်နိုင်ငံနဲ့ရုရှားနိုင်ငံတို့ကြားက ဆက်ဆံရေးကိုဖျက်ဆီးချင်တဲ့အတွက်ကြောင့်လို့ဆိုထားပါတယ်။ အပေါ်မှာပြောခဲ့သလိုမျိုးပဲ ရုရှား-ယူကရိန်းပဋိပက္ခပြေလည်သွားရင် အမေရိကန်နဲ့ရုရှားတို့ကြားဆက်ဆံရေး ပိုမိုကောင်းမွန်လာမယ့်အတွက်ကြောင့် ဖြစ်ပါတယ်။

တစ်ဆက်တည်းမှာပဲ အင်ဒို-ပစိဖိတ်ဒေသမှာရှိတဲ့ အမေရိကန်ရဲ့မဟာမိတ်နိုင်ငံများကလည်း ထရမ့်လက်ထက်ဖြစ်ပေါ်လာနိုင်တဲ့ သူတို့ကြားကဆက်ဆံရေးအခြေအနေကို မျှော်တလင့်လင့်ဖြစ်နေတာတွေ့ရပါတယ်။ ဒီနေရာမှာ ထရမ့်အနေနဲ့ ရုရှား-ယူကရိန်းပဋိပက္ခအပေါ်ဖြေရှင်းမှုကလည်း တော်တော်လေးတာသွားတဲ့အနေအထားပါ။

တကယ်လို့ ထရမ့်ရဲ့စွမ်းဆောင်ရည်က ကျေနပ်လောက်စရာကောင်းတယ်လို့ ထင်မြင်ယူဆကြရင် တောင်တရုတ်ပင်လယ်အတွင်း ပိုင်နက်အငြင်းပွားမှုများနဲ့ ထိုင်ဝမ်ကျွန်းကိစ္စတို့ကိုပါ အမေရိကန်ကိုဖြေရှင်းပေးဖို့တောင်းဆိုလာနိုင်ပါတယ်။

ဒါဆိုရင် အင်ဒို-ပစိဖိတ်ဒေသမှာ အမေရိကန်ရဲ့လွှမ်းမိုးမှုက တရုတ်နိုင်ငံအတွက် စိုးရိမ်စရာကိစ္စတစ်ခုဖြစ်လာနိုင်ပါတယ်။ တစ်ချိန်တည်းမှာပဲ ဒေသတွင်းအရေးကိုဝင်မရှုပ်ဖို့ တရုတ်ကအမေရိကန်ကိုဟန့်တားလာနိုင်တဲ့အတွက် ဒေသတွင်းနိုင်ငံများနဲ့ တရုတ်နိုင်ငံတို့ကြားဆက်ဆံရေးဟာ အဖုအထစ်ဖြစ်လာနိုင်ပါတယ်။

ထရမ့်ဟာ တရုတ်နိုင်ငံအပေါ် စီးပွားရေးအရအနိုင်ယူဖို့အတွက် အင်မတန်မှပြင်းပြင်းပြပြရှိလှပါတယ်။ ဒါကြောင့်လည်း တရုတ်နိုင်ငံအပေါ် ကုန်သွယ်ရေးနဲ့ သွင်းကုန်စည်းကြပ်အခွန်တိုးမြှင့်ကောက်ခံမှုတွေနဲ့ထိန်းချုပ်ဖို့လုပ်ဆောင်လာနေတာပါ။ တကယ်လို့များ ထရမ့်က ရုရှား-ယူကရိန်းပဋိပက္ခကိုဖြေရှင်းလိုက်နိုင်တယ်ဆိုရင် အမေရိကန်အနေနဲ့တရုတ်နိုင်ငံအပေါ် သဘောထားကပိုမိုတင်းမာလာနိုင်ပါတယ်။ အဲဒီအချိန်ကျရင် တရုတ်နဲ့အမေရိကန်တို့ကြားကဆက်ဆံရေးကပိုမိုဆိုးဝါးသွားစေနိုင်ပါတယ်။

ဒါပေမဲ့လည်း ရုရှား-ယူကရိန်းပဋိပက္ခကအချိန်တိုအတွင်း ပြီးဆုံးသွားမယ့်အလားအလာတော့မရှိပါဘူး။ အဲဒီပဋိပက္ခပြီးဆုံးဖို့ဆိုရင် တစ်ဖက်နဲ့တစ်ဖက် အနိုင်အရှုံးကွဲကွဲပြားပြားဖြစ်မှသာရပါလိမ့်မယ်။ ဒါကြောင့် ရုရှား-ယူကရိန်းပဋိပက္ခကြားမှာ ထရမ့်ရဲ့ကြားဝင်မှုကြောင့် တရုတ်အပေါ်သက်ရောက်မှုက အများထင်ထားသလိုမျိုးဖြစ်လာနိုင်မှာ မဟုတ်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

Ref: SCMP

ကိုထက်

တရုတ်က ကီလိုမီတာ ၃၀၀၀ ရှိ အစိမ်းရောင်ခါးပတ်ကွင်းဖန်တီးမှု အောင်မြင်ပြီးစီးပြီဟုဆို

ပေကျင်း၊ သဘာဝပတ်ဝန်းကျင်

တရုတ်နိုင်ငံက ၎င်းတို့နိုင်ငံ၏အကြီးဆုံးကန္တာရဖြစ်သော တာကလာမာကန်၌ ကီလိုမီတာ ၃၀၀၀ ရှိသော အစိမ်းရောင်ခါးပတ်ကွင်းဖန်တီးမှုသည် အောင်မြင်ပြီးစီးသွားပြီဖြစ်ကြောင်း နိုင်ငံပိုင် People's Daily သတင်းဌာနက နိုဝင်ဘာလ ၂၉ ရက်တွင်ဖော်ပြထားသည်။

အဆိုပါကန္တာရသည် ရှင်းကျန်းဒေသမြောက်ပိုင်းနှင့်အနောက်ပိုင်းတို့တွင်တည်ရှိပြီး အစိမ်းရောင်ခါးပတ်ကွင်းဖန်တီးမှုအတွက် နှစ်ပေါင်း ၄၆ နှစ်ကြာမြင့်ခဲ့သည်ဟု သတင်းဌာန၏ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

အလုပ်သမားများသည် ကန္တာရဒေသ၏တောင်ပိုင်းစွန်းတွင် မီတာ ၁၀၀ အကွာအဝေးရှိသော သစ်ပင်များကိုစိုက်ပျိုးခြင်းဖြင့် ၄၆ နှစ်ကြာစီမံကိန်းကိုအဆုံးသတ်နိုင်ခဲ့ခြင်းဖြစ်သည်။

အစိမ်းရောင်ခါးပတ်ကွင်းဖန်တီးမှုဆိုသည်မှာ အဆိုပါကန္တာရပတ်ပတ်လည်၌ သစ်ပင်များစိုက်ပျိုးသည့်စီမံကိန်းဖြစ်ပြီး ၎င်းကိုမဟာအစိမ်းရောင်တံတိုင်းဟုပင် ခေါ်ဝေါ်ထားသည်။

ထိုစီမံကိန်းကို ၁၉၇၈ ခုနှစ်ကတည်းကစတင်ခဲ့ခြင်းဖြစ်ပြီး ဟက်တာပေါင်းသန်း ၃၀ ကျော်ရှိသည့် မြေပေါ်တွင် သစ်ပင်များကို ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးထားခြင်းဖြစ်သည်။

ယခုစီမံကိန်းကို အကောင်အထည်ဖော်ခြင်းသည် တရုတ်တစ်နိုင်ငံလုံး၌သစ်တောဖုံးလွှမ်းမှုဧရိယာ ၂၅ ရာခိုင်နှုန်းအထက်ရှိလာစေရန်နှင့် ပေကျင်းမြို့သို့တစ်ခါတစ်ရံရောက်လာလေ့ရှိသော အဆိုပါကန္တာရမှသဲမုန်တိုင်းများကိုကာကွယ်ရန်ဖြစ်သည်ဟုသိရသည်။ **Ref: People's Daily**



အင်ဒိုနီးရှားက ပညာရေးအတွက်ဒေါ်လာ ၅ ဘီလီယံကျော်သုံးစွဲပြီး ကျောင်းဆရာများကို လစာနှစ်ဆတိုးမြှင့်ပေးမည်

ဂျကာတာ၊ ပြည်တွင်းရေး

သမ္မတအသစ် ပရာဘိုဝိုဆူဘီယန်တိုဦးဆောင်သော အင်ဒိုနီးရှားအစိုးရအဖွဲ့က နိုင်ငံတော်အသုံးစရိတ်မှနေ၍ လာမည့်နှစ် ပညာရေးကဏ္ဍအသုံးစရိတ်အတွက် အမေရိကန်ဒေါ်လာ ၅ ဒသမ ၂၁ ဘီလီယံသုံးစွဲရန်လျာထားကြောင်းနှင့် အစိုးရကျောင်းဆရာများကို လစာနှစ်ဆတိုးမြှင့်ပေးမည် ဖြစ်ကြောင်းသိရသည်။

ပရာဘိုဝိုဏ်အစိုးရအဖွဲ့သည် စိုက်ပျိုးရေးသမားများနှင့် ရွှေ့နေများအပါအဝင် အခြားကျွမ်းကျင်ဝန်ထမ်းများကို လစာများတိုးမြှင့်ပေးမည်ဖြစ်ကြောင်းကြေညာပြီးနောက် ယခုကဲ့သို့ပညာရေးအတွက်အသုံးစရိတ်ခွဲဝေမှုထွက်ပေါ်လာခြင်းဖြစ်သည်။

အစိုးရအဖွဲ့အသစ်အနေဖြင့် နိုင်ငံတော်အသုံးစရိတ်တွင် ပညာရေးကိုထိပ်တန်းဦးစားပေးအဖြစ်သတ်မှတ်ထားကြောင်း၊ ၂၀၂၅ ခုနှစ်အတွက် ပညာရေးအသုံးစရိတ်မှာ သမိုင်းတစ်လျှောက်အများဆုံးပမာဏဖြစ်ကြောင်း ပရာဘိုဝိုကပြောသည်။

အင်ဒိုနီးရှား၌ အစိုးရကျောင်းဆရာများ၏အခြေခံလစာမှာ ရူပီးယား ၃ ဒသမ ၇၅ သန်းမှ ၅ သန်းခွဲအထိရရှိလေ့ရှိကြောင်း သိရသည်။ **Ref: RTA**



ရုရှားက ဆီးရီးယား၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် ပါဝင်ကူညီပေး

မော်စကို၊ စစ်ရေး

ရုရှားစစ်လေယာဉ်များက ဆီးရီးယားအစိုးရ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် ပါဝင်ကူညီတိုက်ခိုက်ပေးနေသည်ဟု ပြည်ပရှိရုရှားတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူကပြောသည်။

ဟာယတ်တာရီယာအယ်ရှမ်းစစ်သွေးကြွအဖွဲ့က ဆီးရီးယားနိုင်ငံမြောက်ပိုင်းရှိအလက်ပိုမြို့နှင့် အိုင်ဒလစ်မြို့တို့ကိုနိုဝင်ဘာလ ၂၇ ရက်မှစ၍ တိုက်ခိုက်မှုများလုပ်ဆောင်လာခြင်းဖြစ်သည်။ ယင်းသို့တိုက်ခိုက်လာမှုသည် ၂၀၂၀ ပြည့်နှစ်တွင် ရုရှားနှင့် တူကီယဲတို့၏ကြားဝင်ဖျန်ဖြေပေးမှုဖြင့်ရရှိထားသော စစ်ပြေငြိမ်းရေးသဘောတူညီချက်ကို ချိုးဖောက်ခြင်းဖြစ်သည်။

ထို့ကြောင့် ဆီးရီးယားနိုင်ငံ၌အခြေစိုက်ထားသည့်ရုရှားလေတပ်က အကြမ်းဖက်သမားများ၏ ပစ်မှတ်အများအပြားကို ဒုံးကျည်များ၊ ဗုံးများဖြင့်တိုက်ခိုက်မှုများလုပ်ကာ ဆီးရီးယားအစိုးရကို ကူညီထောက်ပံ့ပေးခြင်းဖြစ်ကြောင်း၊ ထိုသို့တိုက်ခိုက်မှုများကြောင့် အကြမ်းဖက်သမားအနည်းဆုံးအယောက် ၂၀၀ ကျော်သေဆုံးထားကြောင်းသိရသည်။ **Ref: RT**

သတင်းတိုကဏ္ဍ

အပစ်အခတ်ရပ်စဲရေးနှင့်ပတ်သက်၍ ယူကရိန်းသမ္မတ၏ရပ်တည်ချက်ပြောင်းလဲလာ

ရုရှားနိုင်ငံနှင့်လက်ရှိဖြစ်ပွားနေသော ပဋိပက္ခများချုပ်ငြိမ်းစေမည့် အပစ်အခတ်ရပ်စဲရေးနှင့်ပတ်သက်၍ ယူကရိန်းသမ္မတ ဗိုလိုဒိုမာဒီလန်စကီ၏ရပ်တည်ချက်ပြောင်းလဲလာကြောင်းသိရသည်။

ဇီလန်စကီက ယူကရိန်းနိုင်ငံ၏ နယ်စပ်ကို ၁၉၉၁ ခုနှစ်ကအတိုင်းပြန်လည်ရရှိရေးနှင့် ရုရှားတပ်ဖွဲ့များက ထိုနယ်စပ်အတိုင်းပြန်လည်ဆုတ်ခွာပေးမှသာလျှင် အပစ်အခတ်ရပ်စဲမည်ဖြစ်ကြောင်း ယခင်ကပြောထားသည်။ သို့သော် ယခုတွင်မူ ရုရှား၏ထိန်းချုပ်မှုအောက်ရှိ ယူကရိန်းနယ်မြေများကိုပြန်မရလျှင်နေပါစေ ယူကရိန်းနိုင်ငံက NATO အဖွဲ့ဝင်နိုင်ငံဖြစ်လျှင် အပစ်အခတ်ရပ်စဲမည်ဟု ပြောလာခြင်းဖြစ်သည်။

နိုင်ငံက NATO အဖွဲ့ဝင်ဖြစ်ရေးသည် အလွန်အရေးကြီးကြောင်း၊ ရုရှားကထိန်းချုပ်ထားသည့်နယ်မြေများကိုပြန်လည်ရရှိရေးမှာ နောက်ပိုင်းတွင်သံတမန်နည်းလမ်းဖြင့် ဖြေရှင်းနိုင်ကြောင်း ဇီလန်စကီကအင်တာဗျူးတွင်ပြောခြင်းဖြစ်သည်။ ရုရှားကမူ NATO တပ်ဖွဲ့၏နယ်မြေချဲ့ထွင်မှုကိုကန့်ကွက်ထားသည်။ **Ref: RT**

ဆယ်စုနှစ်အတွင်း အဆိုးဝါးဆုံးသောရေလွှမ်းမိုးမှုနှင့် ရင်ဆိုင်ရနိုင်ဟု မလေးရှားအစိုးရသတိပေး

မလေးရှားနိုင်ငံရှိ ပြည်နယ်အများအပြား၌ ရေလွှမ်းမိုးမှုများဖြစ်ပွားသောကြောင့် လူလေးဦးသေဆုံးကာ ပြည်သူ ၁၂၀၀၀ ကျော်ကို ဘေးကင်းရာသို့ရွှေ့ပြောင်းပေးထားပြီးနောက် ဆယ်စုနှစ်တစ်ခုအတွင်း အဆိုးဝါးဆုံးသောရေလွှမ်းမိုးမှုနှင့် ရင်ဆိုင်ရနိုင်ကြောင်း မလေးရှားအစိုးရတာဝန်ရှိသူများက နိုဝင်ဘာလ ၃၀ ရက်တွင်သတိပေးထားသည်။

အောက်တိုဘာလမှ မတ်လအတွင်းဖြစ်ပေါ်သော မလေးရှားနိုင်ငံ၏ မုတ်သုံရာသီအတွင်း နိုင်ငံအရှေ့ပိုင်းရှိဒေသများတွင် ရေလွှမ်းမိုးမှုမှာဖြစ်ပွားလေ့ရှိသော်လည်း ယခုနှစ်မှာမူ လူအမြောက်အများကိုဘေးကင်းရာသို့ရွှေ့ပြောင်းပေးရသည့်နှစ်ဖြစ်သည်ဟု အမျိုးသားသဘာဝဘေးကွပ်ကဲမှုဌာနကထုတ်ပြန်ထားသည်။

၂၀၁၄ ခုနှစ်အတွင်းဖြစ်ပွားသောရေကြီးမှုများကြောင့် လူပေါင်းနှစ်သိန်းခွဲကို ဘေးကင်းရာသို့ရွှေ့ပြောင်းပေးရသော်လည်း ယခုနှစ်တွင်မူ ထိုနှစ်ကထက်ပိုမိုများပြားနိုင်သည်ဟုသိရသည်။ **Ref: RTA**

အမေရိကန်က ဒေါ်လာဘီလီယံ ၁၄၀ အသုံးပြုပြီး နျူကလီးယားလက်နက်များကို အဆင့်မြှင့်တင်ရန်စီစဉ်နေ

အမေရိကန်အစိုးရသည် ဒေါ်လာဘီလီယံ ၁၄၀ အသုံးပြုပြီး နျူကလီးယားလက်နက်များကို အဆင့်မြှင့်တင်ရန်စီစဉ်နေကြောင်း Roscongress Foundation ၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

အဆင့်မြှင့်တင်နေသည့်နျူကလီးယားလက်နက်များတွင် ရေငုပ်သင်္ဘောမှပစ်ခတ်နိုင်သည့် နျူကလီးယားဒုံးကျည်များ၊ မြေပြင်အခြေစိုက်နျူကလီးယားဒုံးကျည်များနှင့် မဟာဗျူဟာမြောက်ဗုံးကြဲလေယာဉ်များပါဝင်သည်ဟု ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်ကိုတွေ့ရသည်။

ထို့ပြင်အမေရိကန်သည် Minuteman III တိုက်ချင်းပစ်ဒုံးကျည်များနေရာတွင် အစားထိုးရန် LGM-35 Sentinel တိုက်ချင်းပစ်ဒုံးကျည်များကို ဖန်တီးထုတ်လုပ်နေကြောင်း၊ ထို့အတွက် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုများလုပ်ဆောင်နိုင်ရန် ကျိုးဘိုင်ဒင်အစိုးရက ဒေါ်လာ ၃ ဒသမ ၇ ဘီလီယံတောင်းဆိုထားသည်။

Sentinel တိုက်ချင်းပစ်ဒုံးကျည်များကို ၂၀၃၀ ပြည့်နှစ်တွင် ဖြန့်ကြက်ချထားကာ ၂၀၇၀ ပြည့်နှစ်အထိအသုံးပြုသွားမည်ဖြစ်ကြောင်းသိရသည်။ **Ref: Sputnik**

ဂါဇာ၌ အစ္စရေး၏တိုက်ခိုက်မှုကြောင့် အနည်းဆုံးပါလက်စတိုင်းပြည်သူ အယောက် ၄၀ သေဆုံး

နိုဝင်ဘာလ ၂၈ ရက်ညပိုင်းနှင့် ၂၉ ရက်တို့တွင် ဂါဇာကမ်းမြောင်ဒေသကို အစ္စရေး၏တိုက်ခိုက်မှုကြောင့် အနည်းဆုံးပါလက်စတိုင်းပြည်သူအယောက် ၄၀ သေဆုံးကြောင်း ဆေးဘက်ဆိုင်ရာတာဝန်ရှိသူများကပြောသည်။

အစ္စရေးစစ်ဘက်သည် ဂါဇာအလယ်ပိုင်းရှိ နျူဆီရတ်ဒုက္ခသည်စခန်းမှ ၎င်းတို့၏ တင့်များဆုတ်ခွာသွားပြီးနောက် ထိုစခန်းကိုတိုက်ခိုက်ခြင်းဖြစ်သည်။

အစ္စရေးတင့်များသည် နိုဝင်ဘာလ ၂၈ ရက်တွင် နျူဆီရတ်ဒုက္ခသည်စခန်း၏ မြောက်ပိုင်းနှင့်အနောက်ပိုင်းတို့မှ ဝင်ရောက်လာခြင်းဖြစ်ပြီး မြောက်ပိုင်းမှဝင်လာသောတင့်များမှာ ဆုတ်ခွာသွားသော်လည်း အနောက်ပိုင်းမှဝင်လာသောတင့်များမှာမူ တိုက်ခိုက်မှုများဆက်လက်လုပ်ဆောင်နေဆဲဖြစ်သည်ဟု တာဝန်ရှိသူများကပြောသည်။

တစ်ချိန်တည်းမှာပင် ဒုက္ခသည်စခန်းအတွင်းရှိနေအိမ်များ၌ပိတ်မိနေသူများ၏အကူအညီတောင်းခံမှုကို ကယ်ဆယ်ရေးအဖွဲ့များက ပေးအပ်နိုင်ခြင်းမရှိသေးကြောင်းသိရသည်။ **Ref: RTA**

၂၀၂၄ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၃၀

၂၀၂၄ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ (World AIDS Day) အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီခွဲက ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄)၌ ကျင်းပသည်။

ဦးစွာပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ၂၀၃၀ ပြည့်နှစ်တွင် HIV ပိုးကူးစက်မှုကင်းဝေးသော လူ့အဖွဲ့အစည်းတစ်ရပ်ပေါ်ထွက်လာစေရန်ရည်ရွယ်ပြီး ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးဌာနစိတ်သည် ခုခံအားကျဆင်းမှုကူးစက်ရောဂါဆိုင်ရာ အမျိုးသားမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၂၅)တွင်ပါရှိသည့် ဦးစားပေးနည်းဗျူဟာငါးရပ်နှင့်အညီ HIV/AIDS ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်မှ ART နှင့် ဆေးပစ္စည်းများ ဝယ်ယူရန် နှစ်စဉ်ဘဏ္ဍာငွေများ တိုးမြှင့်ချထားပေးလျက်ရှိရာ ART ဆေးကုသခြင်းလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ပေးနိုင်မှုကြောင့် HIV ပိုးရှိ လူနာများသည် သက်တမ်းစေ့နေလာနိုင်ကြောင်း။



သွားလာရခက်ခဲသော နေရာများမှ လူနာများအတွက်လည်း ဆေးပြတ်လပ်မှုမရှိအောင် ဆေးနှင့်ဆေးပစ္စည်းများရောက်ရှိအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ART ဆေးသောက်သုံးနေသူများ၏ တစ်ဦးချင်းအချက်အလက်များ မှတ်တမ်းတင်ခြင်း၊ လစဉ်အစီရင်ခံစာများ ပေးပို့ခြင်း၊ ဆေးနှင့်ဆေးပစ္စည်းစာရင်းများ မှတ်တမ်းတင်ခြင်း၊ တွက်ချက်ခြင်းတို့ကို အီလက်ထရောနစ်စနစ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း။

ယခုနှစ် "ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့" ဆောင်ပုဒ်ဖြစ်သည့် **"Take the rights path" "အေအိုင်ဒီအက်စ်ကင်းဝေးဖို့၊ သာတူညီမျှအလေးပေးလို့၊ အားလုံးဝိုင်းဝန်းပုံပိုးစို့"** ဆိုသည့်အတိုင်း HIV ကာကွယ်ရေးလုပ်ငန်းများကို လက်လှမ်းမီရန်ခက်ခဲသော ဦးတည်အုပ်စုဝင်များအပါအဝင် HIV ကာကွယ်ကုသရေး ဝန်ဆောင်မှုများကို လူတိုင်းသာတူညီမျှ လက်လှမ်းမီရရှိရန်အတွက် ဦးတည်အုပ်စုဝင်များ၊ HIV ပိုးရှိသူများအပါအဝင် အားလုံးပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီနှင့် ပိုစတာပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား/ကျောင်းသူများအား ဆုချီးမြှင့်ခြင်း၊ မြန်မာနိုင်ငံတွင် HIV/AIDS ရောဂါကာကွယ်ကုသရေးလုပ်ငန်းများနှင့်ပတ်သက်၍ ကြိုးပမ်းဆောင်ရွက်မှုမှတ်တမ်းတင်ဗီဒီယိုအားပြသခြင်း၊ တော်ဝင်ခရေအဖွဲ့ အလုပ်အမှုဆောင်ဥက္ကဋ္ဌက HIV ပိုးနှင့် နေထိုင်သူများကိုယ်စား အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များက အထိမ်းအမှတ်ပြခန်းငယ်အား လှည့်လည်ကြည့်ရှုကြသည်။

အခမ်းအနားကို ကျန်းမာရေးဝန်ကြီးဌာနနှင့် နီးနွယ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိသောပြည်သူလူထုအခြေပြု ကွန်ရက်များမှကိုယ်စားလှယ်များတက်ရောက်ကြသည်။

၂၀၁၁ ခုနှစ်တွင် HIV ပိုးရှိလူနာလေးသောင်းခန့်ကိုသာ ART ဆေးဖြင့်ကုသမှုပေးနိုင်ခဲ့ရာမှ ၂၀၂၄ ခုနှစ် စက်တင်ဘာလကုန်အထိရရှိထားသော စာရင်းဇယားများအရ လူနာနှစ်သိန်းတစ်သောင်းငါးထောင်ကျော်ထိ ကုသမှုပေးနိုင်ခဲ့ပြီး ၂၀၁၁ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ငါးဆအထိတိုးမြှင့်ကုသပေးနိုင်ကြောင်း၊ HIV ကူးစက်ခံရမှုအနေဖြင့် ၂၀၀၀ ပြည့်နှစ်တွင် အမြင့်ဆုံးဖြစ်ပွားခဲ့ပြီး အသစ်ကူးစက်မှုလူသုံးသောင်းနီးပါးရှိခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် လူတစ်သောင်းလေးရာကျော်ရှိရာ သုံးပုံတစ်ပုံခန့်အထိ ကျဆင်းလာကြောင်းသိရသည်။

(သတင်းစဉ်)

(၅၄)ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၃၀

(၅၄)ကြိမ်မြောက်တောင်သူနည်းပညာဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးဆောင်ခန်းမ၌ "သီးထပ်သီးနှံစိုက်ပျိုးနည်းစနစ်များနှင့်သုတေသနရလဒ်များ"ခေါင်းစဉ်ဖြင့် ကျင်းပသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာတင်ထွဋ်က သက်ဆိုင်ရာဌာနများအနေဖြင့် တောင်သူများနှင့်စဉ်ဆက်မပြတ်ထိတွေ့ကာ လုပ်ကွက်ငယ်တောင်သူများအတွက် အကျိုးအမြတ်များ ပိုမိုရရှိနိုင်စေမည့် တစ်ပိုင်တစ်နိုင် မျိုးစေ့ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ကူညီအားပေးရန်လိုကြောင်း။

ပညာရှင်များအနေဖြင့် တောင်သူများ၏ တိုင်းရင်းရိုးရာစိုက်ပျိုးနည်းပညာဗဟုသုတများ မှတ်တမ်းတင်ထားစေလိုကြောင်း၊ တောင်သူများအနေဖြင့်လည်း ရာသီဥတုနှင့် သက်ဆိုင်ရာဒေသဝန်ထမ်းများက အကူအညီပေးကြစေလိုကြောင်း၊ မိုးရွာသည့် ရက်နှင့် ပမာဏအနည်းအများ၏မှတ်တမ်းများနှင့်ပြက္ခဒိန်မှတ်တမ်းများကို နှစ်အလိုက် မှတ်တမ်းထားရှိစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးသုတေသနဦးစီးဌာန သုတေသနအရာရှိ ဦးကျော်မြိုင်က "သီးထပ်သီးနှံ စိုက်ပျိုးနည်းစနစ်များနှင့် သုတေသနရလဒ်များ"ခေါင်းစဉ်ဖြင့် သီးနှံပုံစံစိုက်ပျိုးမှုစနစ်များ (တစ်သီး၊ နှစ်သီးမှ သုံးသီးကို သီးလှည့်(Crop Rotation)၊ သီးထပ်(Sequential Cropping)၊ သီးညှပ်(Intercropping)၊ သီးရော(Mixed Cropping)နှင့် သီးနှံစုံအကန့်လိုက်(Strip Cropping)စိုက်ပျိုးမှုစနစ်)များကို တင်ပြဆွေးနွေးပြီး တောင်သူများက သိရှိလိုသည်များ မေးမြန်းကြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်ရှင်းလင်းဆွေးနွေးသည်။

ယနေ့ကျင်းပသည့် (၅၄)ကြိမ်မြောက်တောင်သူနည်းပညာဆွေးနွေးပွဲသို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဌာနများမှ တာဝန်ရှိသူများ၊ သုတေသီများ၊ စိုက်ပျိုးပညာပေးပညာရှင်များနှင့် ပုဗ္ဗသီရိမြို့နယ်မှ တောင်သူ ၄၀ တို့တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်များမှ လယ်ယာကဏ္ဍဆိုင်ရာတာဝန်ရှိသူများ၊ တောင်သူများက Zoom point ၄၀ မှ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(၅၀၀)

၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ပထမ (၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

နေပြည်တော် နိုဝင်ဘာ ၃၀

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်သည်။

မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်မိုးထစ်ချုန်းရွာနိုင်သည်။

တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ၄ ရက်မှ ၆ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၁ ရက်မှ ၃ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ညအပူချိန်

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ဒီဇင်ဘာလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့်အထက် ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒီဇင်ဘာလပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

မြူအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၆ ရက်မှ ၉ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၂ ရက်မှ ၅ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၁ ပေမှ ၂ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္ဓီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၁ ပေမှ ၂ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေဝက်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ ၂ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ၁ ပေခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဖောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ပေဝက်မှ ၁ ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၁ ပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ ဝေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ၁ ပေခွဲခန့်၊ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပြီး ဝေန်မြစ်ရေသည် သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ ၁ ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၁ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

(မိုး/ဇလ)

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၌ "ချိုချို"စိန်ရွှေရတနာဆိုင်မှ ငွေကျပ် ၇၅၄ သိန်းခန့် တန်ဖိုးရှိ ရွှေထည်ပစ္စည်းအလေးချိန် ၁၃ ကျပ်သားခန့်အား သေနတ်ဖြင့် ပစ်ခတ်ခြိမ်းခြောက်၍ လုယက်မှုကျူးလွန်ခဲ့သူ တရားခံအမျိုးသားနှစ်ဦးအား သက်သေခံရွှေထည်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၃၀

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ အောင်ရတနာရပ်ကွက်ရှိ "ချိုချို"စိန်ရွှေရတနာဆိုင်သို့ အမျိုးသားနှစ်ဦး(စိစစ်ဆဲ)က ဆိုင်ကယ်တစ်စီးဖြင့်ရောက်ရှိလာပြီး ဆိုင်အတွင်းဝင်ရောက်ကာ သေနတ်ဖြင့်ပစ်ခတ်ခြိမ်းခြောက်၍ ဆိုင်အတွင်းရှိမှန်ကောင်တာအား တူဖြင့်ထုခွဲကာ ဆွဲသီးပါရွှေဆွဲကြိုး ၂၀ ကုံး၊ ရွှေကလစ် ၁၅ ခု၊ ရွှေအလေးချိန် ၁၃ ကျပ်သားခန့်၊ စုစုပေါင်းတန်ဖိုးငွေကျပ် ၇၅၄ သိန်းခန့်အား လုယက်ယူဆောင်သွားခဲ့ပြီး သေနတ်ပစ်ခတ်ခဲ့မှုကြောင့် ဆိုင်ပိုင်ရှင်ဖြစ်သူ ဦးထွန်းထွန်းဦး(၅၉)နှစ်နှင့်ဆိုင်အပြင်လမ်းမပေါ်တွင်ရှိနေသည့် ဦးအောင်မျိုးမြင့်ပိုင်(၂၇)နှစ်တို့တွင် ကျည်ထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် မကွေးမြို့မရဲစခန်း(ပ)၁၂၃/၂၀၂၄၊ ရာဇသတ်ကြီးပုဒ်မ ၃၉၄ ဖြင့် အမှုရေးဖွင့်၍ တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးဆောင်ရွက်ခဲ့သည်။

အမှုမှတရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက်များအတွင်း လှည့်ကင်း၊ ပတ်ကင်းများဖြင့် စုံစမ်းရှာဖွေခြင်း၊ မြို့ဝင်၊ မြို့ထွက်စစ်ဆေးရေးဂိတ်များမှ ပိတ်ဆို့စစ်ဆေးရှာဖွေခြင်းများဆောင်ရွက်ခဲ့ရာ "ချိုချို" စိန်ရွှေရတနာဆိုင်အား သေနတ်ဖြင့်ပစ်ခတ်ခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းများ လုယက်မှုကျူးလွန်ခဲ့သူ တရားခံအောင်ဇော်ထွန်း(၄၉)နှစ် (ဘ) ဦးမြသောင်း၊ အောင်မြေသိမ်ကုန်းရပ်ကွက်၊ မင်းဘူးမြို့နယ်နေသူအား ယင်းနေ့ည ၇ နာရီခွဲတွင် မကွေးမြို့နယ်၊ ယင်းဆိပ်စစ်ဆေးရေးဂိတ်၌ ၎င်းစီးနင်းလာသည့် NewAnbo 125 အမျိုးအစား အနက်ရောင်ဆိုင်ကယ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ အောင်ဇော်ထွန်း၏ ထွက်ဆိုချက်အရ ၎င်းနှင့်အတူ အောင်မင်းသူ(ခ) မိုးသန်း(၃၄)နှစ် (ဘ)ဦးခင်မောင်ဦး၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး နေသူတို့နှစ်ဦးသည် "ချိုချို"စိန်ရွှေရတနာဆိုင်အား သေနတ်ဖြင့်ပစ်ခတ်ခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းများအား လုယက်ယူဆောင်ခဲ့ပြီး လုယက်ယူဆောင်လာသည့် ရွှေထည်ပစ္စည်းများအား ရှုးပင်လှကျေးရွာအနီးရှိ လျှိုတစ်ခုအတွင်း၌ဝှက်ထားခဲ့ကြောင်းသိရှိရသဖြင့် နိုဝင်ဘာလ ၂၉ ရက်



ဖမ်းဆီးရမိ(ဝဲမှယာ)တရားခံအောင်ဇော်ထွန်းနှင့်တရားခံအောင်မင်းသူ(ခ) မိုးသန်းတို့ကို သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

ဘေးလွယ်အိတ်အတွင်းမှ ရွှေဆွဲကြိုး ၁၈ ကုံး၊ ရွှေကလစ် ၅ ခုနှင့် အခင်းဖြစ်စဉ် အသုံးပြုခဲ့သည့် GLOCK 19 အမျိုးအစား ပစ္စတိုသေနတ် ၁ လက်၊ ကျည်အိမ် ၂ ခု၊ ၎င်းကျည် ၁၁ တောင့်တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ထွက်ပြေးတိမ်းရှောင်လျက်ရှိသည့် တရားခံအောင်မင်းသူ (ခ) မိုးသန်းအား နိုဝင်ဘာလ ၂၉ ရက်နေ့ည ၇ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ရွှေဆံတော်ဘုရားပေါ်ရှိ ကျားပျံမွှာရုံ၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံ အောင်ဇော်ထွန်းနှင့် အောင်မင်းသူ(ခ)မိုးသန်းတို့နှစ်ဦးအား ထပ်မံစစ်ဆေးချက်အရ လုယက်မှုကျူးလွန်စဉ် ပစ်ခတ်သုံးစွဲခဲ့သည့် GLOCK 19 အမျိုးအစား ပစ္စတိုသေနတ်နှင့်ကျည်အိမ် ၂ ခု၊ ၎င်းကျည် ၁၄ တောင့်အား တရားခံအောင်ဇော်ထွန်းမှ လွန်ခဲ့သည့် ၂၀၂၁ ခုနှစ်အတွင်း ကရင်ပြည်နယ်၊ မြဝတီမြို့နယ်တွင် သွားရောက်အလုပ်လုပ်ကိုင်စဉ် အမျိုးသားတစ်ဦးထံမှ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ "ချိုချို"စိန်ရွှေရတနာဆိုင်အားလုယက်မှုကျူးလွန်ရန် ၎င်းတို့နှစ်ဦးသည် လုယက်မှုမကျူးလွန်မီ နှစ်ရက်ခန့်ကြိုတင်၍ စိန်ရွှေရတနာဆိုင်၏ရောင်းချနေမှုအခြေအနေနှင့် လူဝင်၊ လူထွက်အခြေအနေများအားစောင့်ကြည့်ခဲ့ကာ လုယက်မှုကျူးလွန်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် သေနတ်ဖြင့် ပစ်ခတ်ခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းများလုယက်မှုကျူးလွန်ခဲ့သူ တရားခံအောင်ဇော်ထွန်းနှင့် အောင်မင်းသူ(ခ)မိုးသန်း တို့နှစ်ဦးအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပြီး အလားတူဒုစရိုက်မှုများ ကျူးလွန်နိုင်မှုမရှိစေရေး မိဘပြည်သူများအနေဖြင့် ဒုစရိုက်သမားများ၏လှုပ်ရှားသွားလာမှုများအား သိရှိပါက နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များထံ အသိပေးသတင်းပေးပို့တိုင်ကြားနိုင်ကြောင်းနှင့် ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။ (၁၀၀)

ပရိုးမီးယားလိဂ်ပြိုင်ပွဲတွင် ဘရိုက်တန်အသင်းနှင့် ဆောက်သမ်တန်အသင်းတို့ တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်



လန်ဒန် နိုဝင်ဘာ ၃၀

ပရိုးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၃) အဖြစ် ဘရိုက်တန်အသင်း အိမ်ကွင်းတွင် ဘရိုက်တန်အသင်းနှင့် ဆောက်သမ်တန်အသင်းတို့ကစားခဲ့ရာ တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံးအဓိကကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့ပြီး နှစ်သင်းစလုံး ဘောလုံးပိုင်ဆိုင်မှုကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများရှိခဲ့သော်လည်း ဘရိုက်တန်အသင်းက ဂိုးပေါက်ခြိမ်းခြောက်မှုများပိုမိုလုပ်ဆောင်နိုင်ခဲ့ပြီး ပွဲချိန် ၂၉ မိနစ်တွင် လမ်တေး၏ ခေါင်းတိုက်ဖန်တီးပေးမှုမှ တစ်ဆင့် တောင်ပံကစားသမား မီတိုမာက ဘရိုက်တန်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းတွင် အိမ်ရှင်ဘရိုက်တန်အသင်းက တစ်ဂိုးဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ဆောက်သမ်တန်အသင်း၏ ချေပဂိုးအတွက် ပြန်လည်ဖိအားပေးမှုများကြောင့် ပိုမိုအကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၅၉ မိနစ်တွင် ဒိုနက်စ်က ဆောက်သမ်တန်အသင်းအတွက် ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့ပြီး ပွဲချိန် ၆၇ မိနစ်တွင် အာချာက ဆောက်သမ်တန်အသင်းအတွက် ဒုတိယဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း ကွင်းလယ်ဒိုင်လူကြီး ရောဘတ်ဂျုန်းက VAR စနစ်ဖြင့် လူကွဲဘောသတ်မှတ်ခဲ့သည့်အတွက် ဆောက်သမ်တန်အသင်းအတွက် နစ်နာခဲ့ရသည်။

ဆက်လက်ပြီး လက်ကျန်ပွဲချိန်များတွင် ဘရိုက်တန်အသင်းက လူစားလဲမှုများပြုလုပ်ကာ ဦးဆောင်ဂိုး ပြန်လည်သွင်းယူနိုင်ရန်ကြိုးပမ်းခဲ့ရာမှ ဂိုးသွင်းခွင့်များရရှိခဲ့သော်လည်း ဆောက်သမ်တန်အသင်း ဂိုးသမားလမ်လီက အကောင်းဆုံးကာကွယ်မှုများပြုလုပ်နိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် အနိုင်အရှုံးရလဒ်မပေါ်ခဲ့ဘဲ တစ်ဂိုးစီသရေရလဒ်ဖြင့်ပွဲပြီးဆုံးခဲ့ကြောင်း သိရသည်။

စည်သူအောင်

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၃၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာလ ၂၉ ရက်နေ့တွင်အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "minmyat 612" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ ရွှေညောင်မြို့၊ မဟာအောင်မြေရပ်ကွက်နေ မင်းမြတ်စိုးအား ညနေ ၃ နာရီ၁၅ မိနစ်တွင်လည်းကောင်း၊ "Nay Win" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ ဘုရားကုန်းကျေးရွာနေ နေဝင်းလှိုင်(ခ)နေဝင်းအား ညနေ ၄ နာရီ ၃၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

EV Training of Trainers သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၃၀

EV Training of Trainers သင်တန်း (၂/၂၀၂၄) ဆင်းပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)၌ ကျင်းပရာ လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်ပစ္စည်းများ သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန်လှည့်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်သည်။

သင်တန်းဆင်းပွဲတွင် ဒုတိယဝန်ကြီးက EV သင်တန်းများကို အရည်အသွေး ပြည့်မီစွာ ဖွင့်လှစ်ကာ ကျွမ်းကျင်ပညာရှင်များကို စဉ်ဆက်မပြတ် မွေးထုတ်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်က အမှန်တကယ် အားထားရသော အရည်အသွေးပြည့်မီသည့် EV နည်းပညာရှင်များဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်) ကျောင်းအုပ်ကြီးက သင်တန်းသားများထံ သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ပြီး သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

သင်တန်းသို့ ပြင်ပ EV ကုမ္ပဏီများမှ သင်တန်းသား ၁၃ ဦးနှင့် ဝန်ကြီးဌာနများမှ သင်တန်းသား ၁၅ ဦး တက်ရောက်ကြကြောင်း သိရသည်။

(၅၀၀)

နိုင်ငံဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပိုစတာ၊ ဗီဒီယိုနှင့် ဆောင်းပါးပြိုင်ပွဲများ၌ ဆုရရှိသူများထုတ်ပြန်ကြေညာ

နေပြည်တော် နိုဝင်ဘာ ၃၀

အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ်ကျင်းပသည့် ပိုစတာ၊ ဗီဒီယိုနှင့်ဆောင်းပါးပြိုင်ပွဲများ၌ ဆုရရှိသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ပိုစတာပြိုင်ပွဲ

ပထမ - ဦးအောင်စည်သူ
ထုံးပေါက်တော(တောင်ရွာ)၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး

ဒုတိယ - မောင်ဝေယံကို
ကျွဲခြံရွာ၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး၊

တတိယ - မငွေကြယ်စင်ထွန်း
တောင်သာအုပ်စု၊ မြောက်လွတ်ကုန်းကျေးရွာ၊ ပျဉ်းမနားမြို့

ဗီဒီယိုပြိုင်ပွဲ

ပထမ - ဒေါ်နွဲ့ငိုးယွန်းယှဉ်
အမှတ်(၂၃၇)ပတ္တမြားရပ်ကွက်၊ ဟသံတမြို့၊ ဧရာဝတီတိုင်းဒေသကြီး

ဒုတိယ - မောင်ကောင်းခန့်တင်ကျော်
အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)

တတိယ - မယွန်းကြည်ပြာ
မမ(၂၆)၊ တိုက်(၁၀)၊ မြရည်နန္ဒာတိုက်ခန်း၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

ဆောင်းပါးပြိုင်ပွဲ

ပထမ - ဒေါက်တာအိအိသန့်
တိုက်အမှတ်(E2)၊ အခန်း(၃၃)၊ သုခတော်ဝင်အိမ်ရာ၊ နေပြည်တော်

ဒုတိယ - ဦးမြင့်လွင်ထွေး
အခန်း(၀၁)၊ တိုက်(၇၁၀)၊ ပိတောက်အိမ်ရာ၊ နေပြည်တော်

တတိယ - ဒေါ်ထွေးထွေးခိုင်
မကွေးပညာရေးဒီဂရီကောလိပ်၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး

တတိယ - ဦးဇင်မင်းစိုး
အမှတ်(၆၄)၊ (၆)ရပ်ကွက်၊ နီလာ(၃)လမ်း၊ ဘိုကလေးမြို့၊ ဧရာဝတီတိုင်းဒေသကြီး

ပြည်ပသို့ဆန်တန်ချိန် ၂ ဒသမ ၃ သန်းမှ ၂ ဒသမ ၅ သန်းအထိ တင်ပို့နိုင်ရန် ရည်မှန်းဆောင်ရွက်နေ

ရန်ကုန် နိုဝင်ဘာ ၃၀

ယခုနှစ်တွင် ပြည်ပသို့ဆန်တန်ချိန် ၂ ဒသမ ၃ သန်းမှ ၂ ဒသမ ၅ သန်းအထိ တင်ပို့နိုင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

ဆန်စပါးကဏ္ဍအနေဖြင့် နှစ်စဉ်နွေစပါးနှင့်မိုးစပါး ဧက ၁၇ သန်းနှင့် ၁၇ သန်းခွဲခန့် စိုက်ပျိုးထုတ်လုပ်ရာ ဆန်တန်ချိန် ၁၃ သန်းကျော် ၁၄ သန်း၀န်းကျင် နှစ်စဉ်ထုတ်လုပ်ကြောင်း၊ ယင်းထုတ်လုပ်မှုအနက်ပြည်တွင်းစားသုံးမှုဆန်ကိုဖယ်ထားပြီး ပိုလျှံသည့် ဆန်တန်ချိန် ၃ သန်းခန့်ရှိကြောင်း၊ ပိုလျှံသည့်ဆန်များကို ပြည်ပသို့စနစ်တကျ တင်ပို့ရောင်းချလျက်ရှိကြောင်းလည်း သိရသည်။

"ကျွန်တော်တို့နိုင်ငံအနေနဲ့က ဆန်စပါးပိုလျှံမှုဟာ တန်ချိန်သုံးသန်းလောက်ရှိပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ တန်ချိန်နှစ်သန်းကျော်ကိုနှစ်တိုင်း ပြည်ပကိုတင်ပို့ပါတယ်။ ဒီနှစ်မှာလည်း တန်ချိန် ၂ ဒသမ ၃ သန်းကနေ ၂ ဒသမ ၅ သန်းအထိ တင်ပို့ဖို့အတွက် ကျွန်တော်တို့ရည်မှန်းချက်ထားဆောင်ရွက်နေပါတယ်။ ပြီးတော့လစဉ် ရည်မှန်းချက်အတိုင်း တင်ပို့နေပါတယ်။ တင်ပို့တဲ့အခါမှာကျွန်တော်တို့ နိုင်ငံရဲ့ဆန်နှင့်ဆန်ကွဲကို အများဆုံး၀ယ်တာကတော့ ဥရောပနိုင်ငံတွေနဲ့အင်ဒိုနီးရှားနိုင်ငံဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်ကပြောသည်။

"နိုင်ငံတကာဈေးကွက်မှာတော့ မြန်မာနိုင်ငံအနေနဲ့ လတိုင်းဆန်တန်ချိန်နှစ်သိန်းနဲ့သုံးသိန်းကြားမှာ တင်ပို့ပါတယ်။ ပြည်ပတင်ပို့မှုကနေ အမေရိကန်ဒေါ်လာသန်းတစ်ရာ၀န်းကျင်လောက်ပေါ့နော်။ သန်းတစ်ရာ၊ တစ်ရာ့တစ်ဆယ်လောက် ကျွန်တော်တို့ လစဉ်ပို့ကုန်ကနေရရှိပါတယ်"ဟု ဦးရဲမင်းအောင်က ဆက်လက်ပြောသည်။

ပြီးခဲ့သည့်ရာဂိမုန်တိုင်းနှင့်ဆက်စပ်၍ စိုက်ပျိုးမြေဧရိယာများ ထိခိုက်မှုရှိသော်လည်း ကြီးကြီးမားမားမဟုတ်ကြောင်း၊ နိုင်ငံ၏ ဆန်စပါးဖူလုံမှု၊ ပိုလျှံမှုနှင့် ပြည်ပတင်ပို့မှုအပေါ် ထိခိုက်သည့် အတိုင်းအတာမရှိကြောင်း၊ ပျက်စီးလျော့နည်းသွားမှုအား ပြန်လည်ဖြည့်တင်းရန် စတင်စိုက်ပျိုးနေပြီဖြစ်ကြောင်းနှင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတွင် ရိတ်သိမ်းနိုင်ပြီဖြစ်ကြောင်း သိရသည်။

ပြည်ပသို့ဆန်တင်ပို့ရောင်းချမှုကြောင့် ပြည်တွင်းစားသုံးမှုကို ထိခိုက်စေမှုမရှိကြောင်း၊ နိုင်ငံတော်အစိုးရအဆက်ဆက် ကချမှတ်ခဲ့သည့် ဆန်စပါးမူဝါဒသည် ပြည်တွင်းဖူလုံပြီး ပိုလျှံမှသာပြည်ပကို တင်ပို့သည့်မူဝါဒဖြစ်ကြောင်း၊ ပြည်ပသို့တင်ပို့ရာတွင်လည်း ပြည်တွင်းစားသုံးမှုအင်မတန်နည်းသည့် ဆန်မျိုးကိုသာ တင်ပို့ခြင်းဖြစ်ပြီး ပြည်တွင်းစားသုံးသည့်ဆန်များမပါရှိရေး စိစစ်ကြပ်မတ်လျက်ရှိကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သိရသည်။

ဝန်းရံခ

မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲတွင် ဧရာဝတီယူနိုက်တက်အသင်း၊ ရတနာပုံအက်ဖ်စီအသင်းနှင့် Junior Lions အသင်းတို့နိုင်ပွဲရရှိ

ရန်ကုန် နိုဝင်ဘာ ၃၀

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၂၆)ပွဲစဉ်များကို ယနေ့ည နေပိုင်းတွင် ရန်ကုန်မြို့၌ကျင်းပရာ ဧရာဝတီယူနိုက်တက်အသင်း၊ ရတနာပုံအက်ဖ်စီအသင်းနှင့် Junior Lionsအသင်းတို့နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၂၆)ပွဲစဉ်များအဖြစ် ယနေ့ည နေ့ ၃ နာရီတွင် ပဒုမ္မာအားကစားကွင်း၌ ဒဂုံပေါ့အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ဧရာဝတီယူနိုက်တက်အသင်းက ၆ ဂိုး ၂ ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ဧရာဝတီယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ကောင်းထက်ကျော်၊ ဇင်မင်းရှိုင်း၊ နေလင်းအောင်နှင့် နိုင်လာတို့ကသွင်းယူပေးနိုင်ခဲ့သည်။

အလားတူညနေ ၃ နာရီတွင်တောင်ဒဂုံအားကစားကွင်း၌ ရတနာပုံအက်ဖ်စီအသင်းနှင့် ISPE အသင်းတို့ ကစားခဲ့ရာ ရတနာပုံအက်ဖ်စီအသင်းက ၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ရတနာပုံအက်ဖ်စီအသင်းအတွက် တစ်လုံးတည်းသောသွင်းဂိုးကို ပွဲချိန် ၄၇ မိနစ်တွင် ရာဇာထွန်းက သွင်းယူပေးနိုင်ခဲ့သည်။

ဆက်လက်ပြီးညနေ ၃ နာရီခွဲတွင်သုဝဏ္ဏအားကစားကွင်း၌ Junior Lions အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ကစားခဲ့ရာ Junior Lions အသင်းက ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး Junior Lions အသင်းအတွက် သွင်းဂိုးများကိုပွဲချိန်၁၆မိနစ်တွင်အောင်ဃီဟနှင့်ပွဲချိန် မိနစ်၅၀ တွင်ကြယ်ရောင်မင်းလေးတို့က သွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။

စည်သူအောင်

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁-၁၂-၂၀၂၄ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ဝိုးဒ	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနာ	စစ်ကွေ့	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၃၀၁၅	၃၀၉၅	၃၀၇၀	၃၀၂၅	၃၁၀၀	၃၁၁၀	၃၁၂၅	၃၀၇၅	၄၄၈၅	၃၂၉၅	၃၀၈၅	၃၁၀၀	၃၁၃၅	၃၁၂၀	၃၁၃၅	၃၅၄၀	၃၉၅၀
95 Ron	၃၁၈၀	၃၂၆၅	၃၂၄၀	၃၁၉၀	၃၂၆၅	၃၂၇၅	၃၂၉၀	၃၂၄၅	၄၅၆၀	၃၄၀၀	၃၂၅၀	၃၂၇၀	၃၂၉၀	၃၂၉၀	၃၃၀၀	၃၇၀၅	၄၁၀၀
HSD (500 ppm)	၂၆၅၅	၂၇၃၅	၂၇၁၀	၂၆၆၅	၂၇၄၀	၂၇၅၀	၂၇၆၅	၂၇၂၀	-	၂၈၇၅	၂၇၂၅	၂၇၄၀	၂၇၆၀	၂၇၇၅	၃၁၀၀	၃၁၀၀	၃၉၅၀
HSD (50 ppm)	၃၂၉၀	၃၃၇၀	၃၃၄၅	၃၃၀၀	၃၃၇၅	၃၃၈၅	၃၄၀၀	၃၃၅၀	၄၈၃၀	၃၅၁၀	၃၃၆၀	၃၃၇၅	၃၄၁၀	၃၃၉၅	၃၄၁၀	၃၈၁၅	-
HSD (10 ppm)	၃၂၉၀	၃၃၇၀	၃၃၄၅	၃၃၀၀	၃၃၇၅	၃၃၈၅	၃၄၀၀	၃၃၅၀	-	၃၅၁၀	၃၃၆၀	၃၃၇၅	၃၄၁၀	၃၃၉၅	၃၄၁၀	၃၈၁၅	-

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၈၅၅	၂၉၄၄
95 Ron	၃၀၂၀	၃၁၁၄
HSD (500 ppm)	၂၅၁၀	၂၅၈၉
HSD (50 ppm)	၃၁၂၅	၃၂၀၇
HSD (10 ppm)	၃၁၂၅	၃၂၀၇

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၄၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

(၁၃)ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပ

နေပြည်တော် နိုဝင်ဘာ ၃၀


(၁၃)ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေးနှင့် (၉)ကြိမ်မြောက် အာဆီယံအပေါင်း ၃ လူငယ်ဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေးတို့ကို ယနေ့တွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ MGallery ဟိုတယ်၌ ကျင်းပရာ အာဆီယံလူငယ်ဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေး၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏ ဒုတိယဝန်ကြီးနှင့် မြန်မာကိုယ်စားလှယ်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ လူငယ်ဆိုင်ရာဝန်ကြီးများ၊ အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာအာဆီယံဒုတိယအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများသည် In-person/Virtual စနစ်များဖြင့် တက်ရောက်သည်။



ဦးစွာ အာဆီယံလူငယ်ဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေး၏ ဥက္ကဋ္ဌပြည်ထောင်စုဝန်ကြီးက အာဆီယံလူငယ်ဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေးတို့ကို ယနေ့တွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ MGallery ဟိုတယ်၌ ကျင်းပရာ အာဆီယံလူငယ်ဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေး၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏ ဒုတိယဝန်ကြီးနှင့် မြန်မာကိုယ်စားလှယ်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ လူငယ်ဆိုင်ရာဝန်ကြီးများ၊ အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာအာဆီယံဒုတိယအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများသည် In-person/Virtual စနစ်များဖြင့် တက်ရောက်သည်။

ဦးစွာ အာဆီယံလူငယ်ဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေး၏ ဥက္ကဋ္ဌပြည်ထောင်စုဝန်ကြီးက အာဆီယံလူငယ်ဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေးတို့ကို ယနေ့တွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ MGallery ဟိုတယ်၌ ကျင်းပရာ အာဆီယံလူငယ်ဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေး၏ ဥက္ကဋ္ဌ အ

ပရီးမီးယားလိဂ် ပွဲစဉ် (၁၃) စပိန်လာလီဂါ ပွဲစဉ် (၁၅)နှင့် အီတလီစီးရီးအေ ပွဲစဉ် (၁၄) ပွဲကြိုသုံးသပ်ချက်



လီဗာပူး Vs မန်စီးတီး

ကစားမည့်ရက်/အချိန်

(၁-၁၂-၂၀၂၄ ည ၁၀:၃၀ နာရီ)

နှစ်သင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်

လီဗာပူး ၁ - ၁ မန်စီးတီး

မန်စီးတီး ၁ - ၁ လီဗာပူး

မန်စီးတီး ၄ - ၁ လီဗာပူး

နောက်ဆုံးကစားခဲ့တဲ့သုံးပွဲ အနိုင်၊ အရှုံးရလဒ်

လီဗာပူး	အိမ်(နိုင်)	ဝေး(နိုင်)	အိမ်(နိုင်)
မန်စီးတီး	ဝေး(ရှုံး)	အိမ်(ရှုံး)	အိမ်(သရေ)

ဒီနှစ်သင်းကြား လက်ရှိအခြေအနေအရ အတော်လေးကွာခြားမှုရှိနေပြီး လီဗာပူးအသင်းက ရလဒ်တွေဆက်တိုက်ကောင်းမွန်နေပြီး မန်စီးတီးအသင်းကတော့ ရလဒ်တွေဆက်တိုက်ဆိုးရွားနေပါတယ်။ လီဗာပူးအသင်းက နည်းပြဆလော့ လက်အောက်မှာ အကောင်းဆုံးပုံစံရှိနေပြီး ပရီးမီးယားလိဂ် ၁၂ ပွဲကစားပြီးချိန်မှာ ၁၀ ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ပြီး ရမှတ် ၃၁ မှတ်နဲ့ အမှတ်ပေးဇယားထိပ်ဆုံးမှာ ရပ်တည်နေပြီး မန်စီးတီးအသင်းကို ရမှတ်ရှစ်မှတ် ဖြတ်တောက်ထားနိုင်ပါတယ်။ လီဗာပူးအသင်းက ပြီးခဲ့တဲ့ စက်တင်ဘာလက နော်တင်ဟမ်အသင်းကိုရှုံးနိမ့်ပြီးနောက်ပိုင်း ပြိုင်ပွဲစုံရှုံးပွဲမရှိသေးသလို နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံခြောက်ပွဲဆက်တိုက် အနိုင်ရရှိထားတဲ့အထိ ပုံစံကောင်းရရှိနေပြီး ဒီဘောလုံးရာသီ ပရီးမီးယားလိဂ် အိမ်ကွင်းခြောက်ပွဲကစားပြီးချိန်မှာ နော်တင်ဟမ်အသင်းတစ်သင်းတည်းကိုသာရှုံးနိမ့်ထားပြီး အိမ်ကွင်း စွမ်းဆောင်ရည်ပိုင်း အကောင်းဆုံးအသင်းအဖြစ် ရပ်တည်နေပါတယ်။

မန်စီးတီးအသင်းကတော့ စံချိန်တင်ရလဒ်ဆိုးတွေ့ကြုံနေရပြီး ပရီးမီးယားလိဂ်သုံးပွဲဆက် ရှုံးနိမ့်ထားသလို နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံခြောက်ပွဲမှာလည်း ငါးပွဲရှုံးနိမ့်ထားပြီး တစ်ပွဲသရေရလဒ်နဲ့ နိုင်ပွဲပျောက်ဆုံးနေပါတယ်။ အခုပွဲစဉ်မှာလည်း ပြိုင်ဘက်အသင်းက ပုံစံကောင်းတွေ ဆက်တိုက်ရရှိနေတဲ့ လီဗာပူးအသင်းဖြစ်နေလို့ အဝေးကွင်းမှာ ရုန်းကန်ရဦးမှာပါ။ မန်စီးတီးအသင်းက ဟာလန်းဦးဆောင်နေတဲ့ တိုက်စစ်ပိုင်းက သွင်းဂိုးတွေရရှိနေတယ်ဆိုပေမယ့် အသင်းခံစစ်ပိုင်းက အတော်လေးဆိုးရွားနေပြီး နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံ ငါးပွဲမှာ ၁၅ ဂိုး ပေးခဲ့ရတဲ့အထိ အသင်းခံစစ်ပိုင်းက အမှားများနေလို့ လီဗာပူးအသင်းတိုက်စစ်ပိုင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ခက်ခဲမှာပါ။

လက်ရှိဘောလုံးရာသီ မန်စီးတီးအသင်းရဲ့ အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းကလည်း ကျဆင်းနေပြီး ပရီးမီးယားလိဂ်အဝေးကွင်းခြောက်ပွဲမှာ သုံးပွဲသာအနိုင်ရရှိထားပြီး တစ်ပွဲသရေနဲ့ နှစ်ပွဲရှုံးနိမ့်ထားပါတယ်။

ဒီနှစ်သင်းကြားတွေ့ဆုံမှုအပိုင်းမှာ လီဗာပူးအသင်းက ၁၅ ကြိမ်အနိုင်ရရှိထားပါတယ်။ မန်စီးတီးအသင်းက ၁၀ ကြိမ် အနိုင်ရရှိပြီး ၁၄ ကြိမ် သရေရလဒ်ထွက်ပေါ်ထားပါတယ်။ လက်ရှိခြေစွမ်းပိုင်းအရရော အိမ်ရှင်အားသာချက်ပါ အသာစီးမှာရှိနေတဲ့ လီဗာပူးအသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

ခန့်မှန်းရလဒ် - လီဗာပူး ၃ - ၁ မန်စီးတီး

ဆိုစီဒက်စ် Vs ဘတ်တစ်

ကစားမည့်ရက်/အချိန်

(၂-၁၂-၂၀၂၄ နံနက် ၂:၃၀ နာရီ)

နှစ်သင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်

ဘတ်တစ် ၀ - ၂ ဆိုစီဒက်စ်

ဆိုစီဒက်စ် ၀ - ၀ ဘတ်တစ်

ဘတ်တစ် ၀ - ၁ ဆိုစီဒက်စ်

နောက်ဆုံးကစားခဲ့တဲ့သုံးပွဲ အနိုင်၊ အရှုံးရလဒ်

ဆိုစီဒက်စ်	ဝေး(နိုင်)	ဝေး(ရှုံး)	အိမ်(နိုင်)
ဘတ်တစ်	အိမ်(သရေ)	ဝေး(ရှုံး)	ဝေး(ရှုံး)

အိမ်ကွင်းဆိုရင် အသင်းလိုက်ကစားပုံကောင်းမွန်တဲ့ ဆိုစီဒက်စ်အသင်းက အဓိက ကစားသမားတချို့ ဒဏ်ရာပြန်လည်သက်သာလာလို့ နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်ကောင်းတွေပြန်လည်ရရှိနေပါတယ်။ နောက်ပိုင်းပွဲစဉ်တွေမှာ အဓိကတိုက်စစ်ကစားသမား အိုဃာဘယ်ဇာဒဏ်ရာက ပြန်လည်သက်သာလာပြီးနောက် အသင်းတိုက်စစ်ပိုင်းကလည်း ပြန်လည်တိုးတက်မှုတွေရှိလာပြီး အိမ်ကွင်းဆိုရင် ဘာစီလိုနာအသင်းကိုတောင်အနိုင်ရယူနိုင်ခဲ့လို့ အခုပွဲစဉ်မှာလည်း ဘတ်တစ်အသင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်မှာပါ။ ဆိုစီဒက်စ်အသင်းက နောက်ဆုံးကစားခဲ့တဲ့ပြိုင်ပွဲစုံငါးပွဲမှာ နှစ်ပွဲရှုံးနိမ့်ကာ သုံးပွဲအနိုင်ရရှိခဲ့ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းနှစ်ပွဲမှာလည်း ဘာစီလိုနာအသင်းနဲ့ အေဂျက်ဇ်အသင်းတို့လို ထိပ်တန်းအသင်းကြီးတွေကို အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့တာပါ။ ဆိုစီဒက်စ်အသင်းက ဒီဘောလုံးရာသီအစပိုင်းမှာ ရုန်းကန်ခဲ့ရပေမယ့် အဓိက ကစားသမားတွေဒဏ်ရာက ပြန်လည်သက်သာလာချိန်မှာတော့ ရလဒ်ပိုင်း ပြန်လည်ကောင်းမွန်လာတာကို သတိပြုရမှာပါ။

ဘတ်တစ်အသင်းကတော့ နောက်ဆုံးကစားခဲ့တဲ့ပြိုင်ပွဲစုံ ငါးပွဲမှာ တစ်ပွဲသာအနိုင်ရရှိပြီး နှစ်ပွဲသရေရလဒ်နဲ့ နှစ်ပွဲရှုံးနိမ့်ထားတဲ့အထိခြေစွမ်းပိုင်းက ကျဆင်းနေပါတယ်။ ဆိုစီဒက်စ်အသင်းက စပိန်လာလီဂါအဝေးကွင်း ခုနစ်ပွဲကစားပြီးချိန်မှာ တစ်ပွဲသာအနိုင်ရရှိခဲ့ပြီး သုံးပွဲသရေရလဒ်နဲ့ သုံးပွဲရှုံးနိမ့်ထားလို့ အဝေးကွင်းခြေစွမ်းပိုင်းက အားရစရာမရှိသလို တိုက်စစ်ပိုင်းကလည်း ခြောက်ဂိုးသာရရှိထားလို့ ဆိုစီဒက်စ်အသင်း ခံစစ်ပိုင်းကို ကျော်ဖြတ်ဖို့ခက်ခဲမှာပါ။ ဘတ်တစ်အသင်းကွင်းလယ်ပိုင်းမှာလည်း အဓိက ကစားသမားအများစု ဒဏ်ရာကြောင့် အနားယူနေခဲ့ရလို့ လိုအပ်ချက်တွေရှိနေပြီး အခုပွဲစဉ်မှာ ဆိုစီဒက်စ်အသင်းကို ရင်ဆိုင်ဖို့ အတွက် ခက်ခဲနေမှာသေချာပါတယ်။

ဒီနှစ်သင်းကြားတွေ့ဆုံမှုအပိုင်းမှာ ဆိုစီဒက်စ်အသင်းက ၁၁ ကြိမ်အနိုင်ရရှိထားပါတယ်။ ဘတ်တစ်အသင်းက ရှစ်ကြိမ်အနိုင်ရရှိခဲ့ပြီး ၁၀ ကြိမ် သရေရလဒ်ထွက်ပေါ်ထားပါတယ်။ လက်ရှိ ခြေစွမ်းပိုင်းအရအိမ်ရှင်အားသာချက်ရှိနေတဲ့ ဆိုစီဒက်စ်အသင်းပဲ ရလဒ်ကောင်းမှာပါ။

ခန့်မှန်းရလဒ် - ဆိုစီဒက်စ် ၂ - ၁ ဘတ်တစ်

ဖိအိုရင်တီးနား Vs အင်တာမီလန်

ကစားမည့်ရက်/အချိန်

(၁-၁၂-၂၀၂၄ ည ၁၁:၃၀ နာရီ)

နှစ်သင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်

ဖိအိုရင်တီးနား ၀ - ၁ အင်တာမီလန်

အင်တာမီလန် ၄ - ၀ ဖိအိုရင်တီးနား

ဖိအိုရင်တီးနား ၁ - ၂ အင်တာမီလန်

နောက်ဆုံးကစားခဲ့တဲ့သုံးပွဲ အနိုင်၊ အရှုံးရလဒ်

ဖိအိုရင်တီးနား	အိမ်(နိုင်)	ဝေး(နိုင်)	အိမ်(နိုင်)
အင်တာမီလန်	အိမ်(သရေ)	ဝေး(နိုင်)	အိမ်(နိုင်)

ဖိအိုရင်တီးနားအသင်းက ဒီဘောလုံးရာသီ အီတလီစီးရီးအေပြိုင်ပွဲမှာ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကောင်းမွန်နေပြီး အိမ်ကွင်း ခြောက်ပွဲကစားပြီးချိန်မှာ လေးပွဲအနိုင်ရရှိထားပြီး နှစ်ပွဲသရေရလဒ်နဲ့ ရှုံးပွဲမရှိသေးပါဘူး။ ဒါပြင် ဖိအိုရင်တီးနားအသင်းက နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲမှာ တစ်ပွဲသာရှုံးနိမ့်ခဲ့ပြီး လေးပွဲအနိုင်ရရှိထားလို့ ခြေစွမ်းပိုင်းက တည်ငြိမ်မှုရှိနေတယ်ဆိုပေမယ့် နောက်ပိုင်းပွဲစဉ်တွေမှာ အင်တာမီလန်အသင်းနဲ့ တွေ့ဆုံတိုင်း ရုန်းကန်ရလေ့ရှိပါတယ်။ ဖိအိုရင်တီးနားအသင်းက အင်တာမီလန်အသင်းကို ၂၀၁၇ ခုနှစ်က အနိုင်ရရှိပြီး နောက်ပိုင်းပွဲစဉ်တွေမှာ အနိုင်ရယူနိုင်ခြင်းမရှိဘဲ အမြင့်ဆုံးသရေရလဒ်သာစွမ်းဆောင်နိုင်ခဲ့လို့ အခုပွဲစဉ်မှာ အင်တာမီလန်အသင်းရဲ့ ဖိအားပေးမှုတွေကို ထိန်းရခက်ပါလိမ့်မယ်။

အင်တာမီလန်အသင်းကလည်း ပုံစံကောင်းတွေပြနေပြီး နောက်ဆုံးကစားခဲ့တဲ့ပြိုင်ပွဲစုံ ငါးပွဲမှာ နာပိုလီအသင်းနဲ့ သရေရလဒ်ထွက်ပေါ်ပြီး ကျန်ပွဲစဉ်လေးပွဲကိုအနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပါတယ်။ အင်တာမီလန်အသင်းက ဖိအိုရင်တီးနားအသင်းနဲ့ ထိပ်တိုက်တွေ့ဆုံတဲ့ပွဲစဉ်တိုင်းမှာ ရလဒ်ကောင်းတွေရရှိအောင် စွမ်းဆောင်နိုင်ခဲ့လို့ အခုပွဲစဉ်မှာလည်း အဝေးကွင်းဆိုပေမယ့် ဖိအိုရင်တီးနားအသင်းကို အကောင်းဆုံးတုံ့ပြန်ကစားနိုင်မှာပါ။ အင်တာမီလန်အသင်းက စီးရီးအေ အဝေးကွင်းခြောက်ပွဲကစားပြီးချိန်မှာ လေးပွဲအနိုင်ရရှိခဲ့ကာ နှစ်ပွဲသရေရလဒ်နဲ့ အဝေးကွင်းရှုံးပွဲမရှိသေးတဲ့ တစ်သင်းတည်းသောအသင်းအဖြစ် ရပ်တည်နေတဲ့အထိ အဝေးကွင်းစွမ်းဆောင်ရည်ပိုင်း ကောင်းမွန်နေပါတယ်။

ဒီနှစ်သင်းကြားတွေ့ဆုံမှုအပိုင်းမှာ အင်တာမီလန်အသင်းက ၁၈ ကြိမ်အနိုင်ရရှိထားပါတယ်။ ဖိအိုရင်တီးနားအသင်းက ခုနစ်ကြိမ်အနိုင်ရရှိခဲ့ပြီး ခြောက်ကြိမ်သရေရလဒ် ထွက်ပေါ်ထားပါတယ်။ ဒါကြောင့် လက်ရှိနှစ်သင်းကြားခြေစွမ်းပိုင်းက ကွာခြားမှုမရှိပေမယ့် တွေ့ဆုံမှုတိုင်းအသာစီးမှာရှိနေတဲ့ အင်တာမီလန်အသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

ခန့်မှန်းရလဒ်-ဖိအိုရင်တီးနား ၁ -၂ အင်တာမီလန်

ပရီးမီးယားလိဂ်ပွဲစဉ်(၁၃)

ချယ်လ်ဆီး	-	အက်စ်တွန်ဗီလာ
မန်ယူ	-	အဲဗာတန်
စပါး	-	ဖူလ်ဟမ်

စပိန်လာလီဂါပွဲစဉ် (၁၅)

ဗီလာရီးယဲလ်	-	ဂီရိုနာ
ဗယ်လ်ကာနို	-	ဘီလ်ဘာအို
ရီးယဲလ်မက်ဒရစ်	-	ဂီတာဖေး

အီတလီစီးရီးအေပွဲစဉ် (၁၄)

အူဒီးနိစ်	-	ဂျီနိုအာ
ပါးမား	-	လာဇီယို
တိုရီနို	-	နာပိုလီ
လက်ချီ	-	ဂျူဗင်တပ်စ်

စည်သူအောင်



ကျောက်ဆည်မြို့နယ်၌ မိုးနှောင်းသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေး မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက်များဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိ

ကျောက်ဆည် နိုဝင်ဘာ ၃၀


မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ်၌ မိုးနှောင်းသီးနှံများစိုက်ပျိုးရာတွင် ထယ်ရေးညောက်ပြီး အချိန်မီစိုက်ပျိုးနိုင်ရေး မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက်များဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိရာ နိုဝင်ဘာလ ၂၈ ရက်က ဒွေးလှကျေးရွာတောင်သူဦးနေဝင်း၏ ကွင်းအမှတ်(၃၃၇) ဦးပိုင်(၁၄၅) စိုက်ပျိုးမြေ နှစ်ဧကခွဲ ရေဆင်း(၁) မိုးနှောင်းနေကြာစိုက်ပျိုးရန် မြေပြုပြင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်အနေဖြင့် မိုးနှောင်းနေကြာများစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီကာ အထွက်နှုန်းကောင်းမွန်ပြီး ပိုးမွှားကင်းစင်သော မျိုးကောင်းမျိုးသန့်များရွေးချယ်ပြီး မစိုက်ပျိုးမီ မျိုးစေ့များကို မျိုးစေ့လူးနယ်ဆေး တစ်မျိုးမျိုးဖြင့်လူးနယ်ခြင်း၊ မြေတွင်းမှိုရောဂါများ ကာကွယ်နှိမ်နင်းရန်အတွက် ထရိုင်ဂိုဒါးမားမှိုသတ်ဆေးကို မြေပြုပြင်သည့် အချိန်တွင် ထည့်သွင်းခြင်းပြုလုပ်၍ မြေအစိုဓာတ်လုံလောက်ချိန်တွင် တစ်ဧကသတ်မှတ်အပင်ရေ ဝင်ဆံ့မှုရှိစေရန် မျိုးစေ့လေးပြည် အသုံးပြု၍စိုက်ပျိုးကြောင်း သိရသည်။

ထို့နောက် အပင်သက်တမ်း ၁၅ ရက်တွင် တစ်ပင်နှင့်တစ်ပင် သတ်မှတ်အကွာအဝေးအတိုင်း ချန်လှပ်ပြီး အပင်သားခွဲခြင်းများ ပြုလုပ်ပေးရကြောင်း၊ လိုအပ်သည့်အချိန်တွင် ကြားထွန်လိုက်ခြင်း၊ ပေါင်းပေါက်၍ မြေဆွခြင်း၊ ပေါင်းမြက်ရှင်းလင်းခြင်းများ ပြုလုပ်ပေးခြင်းအပြင် အဖူးစတင်ဝင်ချိန်တွင် အပင်အနေအထားကိုကြည့်၍ ယူရီးယားမြေဩဇာများ လိုအပ်သလို ထည့်သွင်းစိုက်ပျိုးရကြောင်း သိရသည်။

နေကြာစိုက်ခင်းများတွင် ပုရစ်၊ ကြက်သွန်လေးပြီး၊ ပျိုပြီး၊ ဖြတ်စိမ်းပြီး၊ နေကြာသီးလုံးဖောက်ပြီး၊ ပင်ဖျက်ပြီးစသည့် ဖျက်ပိုးများ ကျရောက်တတ်သည့်အတွက် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ကူညီဆောင်ရွက်ပေးလျက်ရှိပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပိုးမွှားများအလိုက် ကာကွယ်နှိမ်နင်းခြင်းနည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)



တံတေးမြို့နယ်၌ မျိုးစေ့ချကိရိယာ(Seeder)ဖြင့် နွေစပါးစံပြကွက်လက်တွေ့စိုက်ပျိုး



ရန်ကုန် နိုဝင်ဘာ ၃၀

ရန်ကုန်တိုင်းဒေသကြီး တံတေးခရိုင် တံတေးမြို့နယ် ပဒါန်ရေကျော်ကျေးရွာအုပ်စု ကွင်းအမှတ်(၁၅၀) ဦးပိုင်အမှတ်(၉/၃) ဧရိယာ ၄ ဒသမ ၉၁ ဧကရှိတောင်သူဦးမင်းဟန်၏လယ်မြေ၌ နွေစပါးစံပြကွက် ရက် ၉၀ ဧည့်မထစပါးကို မျိုးစေ့ချကိရိယာ(Seeder)ဖြင့် နိုဝင်ဘာလ ၂၉ ရက်က လက်တွေ့စိုက်ပျိုးခဲ့သည်။

ရှေးဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ဦးက မျိုးစေ့ချကိရိယာ(Seeder)ဖြင့် စိုက်ပျိုးခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများကို ပြောကြားပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တောင်သူများက မျိုးစေ့ချကိရိယာ(Seeder)ဖြင့် စိုက်ပျိုးခြင်းကို ကြည့်ရှုအားပေးကြသည်။

စပါးစိုက် တောင်သူများအနေဖြင့် မျိုးစေ့ချကိရိယာ(Seeder)ဖြင့် စိုက်ပျိုးပါက စပါးစိုက်ပျိုးရာတွင် လုပ်အားခကုန်ကျမှုများ သက်သာခြင်း၊ စပါးကောက်ကွက်ပြည့်မီခြင်း၊ အတန်းလိုက်ညီညာစွာ စိုက်ပျိုးထားသည့်အတွက် တမန်းနှိုးရလွယ်ကူကာ ပင်ပွားနှုန်းကောင်းမွန်ခြင်းနှင့် စပါးအထွက်နှုန်းကောင်းမွန်ခြင်းအပြင် မျိုးစေ့နှုန်းထားကုန်ကျစရိတ်လည်း သက်သာစေမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၃) ဦးကျော်ထူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်စိုက်ပျိုးကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်ကြောင်း သိရသည်။

တံတေးသား

တစ်ပတ်တာကာလအတွင်း ငွေကျပ်သိန်းပေါင်း ၅၀၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင်တစ်သောင်းခွဲခန့် အရောင်းအဝယ်ဖြစ်

ရန်ကုန် နိုဝင်ဘာ ၃၀

ရန်ကုန်မြို့ရှိ ရန်ကုန်စတော့အိတ်ချိန်း၌ နိုဝင်ဘာလနောက်ဆုံးပတ် တစ်ပတ်တာကာလအတွင်း ငွေကျပ်သိန်းပေါင်း ၅၀၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင်တစ်သောင်းခွဲခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်း၌ အများပိုင်ကုမ္ပဏီရှစ်ခုဖြင့် နေ့စဉ် စတော့ရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်လျက်ရှိရာ နိုဝင်ဘာလ ၂၆ ရက်မှ ၂၉ ရက်အထိ စုစုပေါင်း ငွေကျပ် ၅၅၉၃၁၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၄၉၁၀၇ စောင် အရောင်းအဝယ်ပြုလုပ်နိုင်ခဲ့သည်။

ထိုသို့အရောင်းအဝယ်ပြုလုပ်ရာတွင် FMI ကုမ္ပဏီမှ ငွေကျပ် ၁၉၇၀၉၃၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၂၃၄၂ စောင် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

MTSH ကုမ္ပဏီမှ ငွေကျပ် ၁၅၃၁၂၂၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၄၇၂၄ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MCB ကုမ္ပဏီမှ ငွေကျပ် ၂၃၃၅၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၂၇၈ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

FPB ကုမ္ပဏီမှ ငွေကျပ် ၂၆၆၄၇၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင် ၁၃၆၀ အရောင်းအဝယ်ဖြစ်ခဲ့သည်။

TMH ကုမ္ပဏီမှ ငွေကျပ် ၃၈၆၉၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၂၃ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

EFR ကုမ္ပဏီမှ ငွေကျပ် ၅၄၂၅၉၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၂၃၄၀ စောင် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

အရောင်းအဝယ်ဖြစ်သော စတော့ရှယ်ယာများသည် ကုမ္ပဏီတစ်ခုလျှင် ပျမ်းမျှ ၁၃၃၃ စောင်ခန့် ရောင်းဝယ်ခဲ့ကြသည်။

ထို့နောက် ဘဏ္ဍာရေးနှစ်၏ ပထမသုံးလပတ်(ဇူလိုင်၊ သြဂုတ်၊ စက်တင်ဘာ)အတွင်း ကုမ္ပဏီ ၁၀ ခုမှ ကြေညာထားသော ဘဏ္ဍာရေးနှစ်၏ ပထမသုံးလပတ် ဝင်ငွေနှင့် အမြတ်ငွေများကို ကြည့်ရှုလေ့လာသုံးသပ်ကြောင်း သိရသည်။

ခန့်ခန့်

အင်းစိန်မြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၃၀

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် အင်းစိန်မြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကို နိုဝင်ဘာလ ၂၉ ရက်က အမှတ်(၆)အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အင်းစိန်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးဘိုကြည်က အမှာစကားပြောကြားပြီး ရန်ကုန်မြောက်ပိုင်းခရိုင်(အင်းစိန်) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်၊ စာရေးဆရာများဖြစ်ကြသော ရန်မိုးအောင်(အင်းစိန်)၊ စိန်ညိုမင်း(ထန်းတပင်)နှင့် ကဗျာဆရာ ငယ်ငယ်တို့က လူငယ်ရေးရာအသိပညာပေးဟောပြောကြသည်။


ထို့နောက် စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများကို တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကာ အမှတ်(၆)အခြေခံပညာအလယ်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ဟန်သီထွန်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ကျောင်းစာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်များ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

အဆိုပါ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲ အပြီးတွင် ရန်ကုန်မြောက်ပိုင်းခရိုင်(အင်းစိန်) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်နှင့် စာအုပ်များကို ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ဇွဲထက်ကို(ပြန်/ဆက်)

တရားမဝင် စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။



မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။



ရွာသာကြီး Dry Port ၌ ဖမ်းဆီးရမိမှု။



ရန်ကုန်တိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

နေပြည်တော် နိုဝင်ဘာ ၃၀

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **နိုဝင်ဘာလ ၂၈ ရက်**တွင် ဧရာဝတီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပုသိမ်ခရိုင်နှင့် ဖျာပုံခရိုင်တို့အတွင်း၌ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန် ပစ္စည်း (၁)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၃၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **နိုဝင်ဘာလ ၂၉ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ကုန်သေတ္တာ (၂)လုံး အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၉၀၀၀၀၀)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ(၅)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း (၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၉၉၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်(သွင်းကုန်)၌ သွင်းကုန်လိုင်စင်တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၀၀၀၀)ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ မန္တလေးမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၀၀၀၀၀)နှင့် အဆိုပါ စက်သုံးဆီများ တင်ဆောင်လာသည့် Volvo Tractor Head (၁)စီးနှင့်နောက်တွဲယာဉ် (၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်စာတိုက် EMS (အပြည်ပြည်ဆိုင်ရာအမြန်ချောပို့လုပ်ငန်းစု)၌ ဩစတေးလျနိုင်ငံမှ တင်သွင်းလာသော ချောထုပ် (၁)ထုပ်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၃၈၃၉၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကချင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မိုးညှင်းခရိုင်မိုးကောင်းမြို့နယ်မိုးကောင်းတံတားထိပ်၌ မော်တော်ယာဉ် (၂)စီးနှင့် မော်တော်ဆိုင်ကယ် (၃)စီးပေါ်မှ တရားမဝင် စက်သုံးဆီ ဓာတ်ဆီ (၂၀၇)ဂါလန်၊ ဒီဇယ် (၁၁၂)ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၈၀၀၀၀)နှင့် အဆိုပါ စက်သုံးဆီများ တင်ဆောင်လာသည့် မော်တော်ယာဉ်(၂)စီးနှင့် မော်တော်ဆိုင်ကယ် (၃)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၉၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၂၈၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် (၃၅၈)၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၇၀၉၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၀၀၀၀၀၀)၊ စုစုပေါင်း **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရွာရှိ X-Ray စက်စစ်ဆေးရေးဂိတ်၌ မော်လမြိုင်မြို့မှ နေပြည်တော်သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Golden Dragon Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀)။ စုစုပေါင်း **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲ မှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွှေပြည်သာမြို့နယ်၊ရွာမသံမဏိစက်ရုံဝင်းဘေး၊ Mother ဆိပ်ကမ်း၌ ကော့သောင်းမြို့မှရန်ကုန်မြို့သို့ ဆိုက်ကပ်ထားသော ရေယာဉ်(၁)စင်းပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၃၃၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၈)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၆၂၉၀၅၀၀)**ကို ဖမ်းဆီးရမိသည်။ တရားမဝင် ကုန်သွယ်မှု များကြောင့် ကုန်ဈေးနှုန်းကြမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်စေပြီး စားသုံးသူ ပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်တွင် ငွေကျပ်သိန်း ၆၃၅၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ၂၆ ဒသမ ၃၅ ကီလိုနှင့် စိတ်ကြွရှူးသွပ်ဆေးပြား ၄ ဒသမ ၈ သိန်း ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၃၀

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာလ ၂၄ ရက်နံနက် ၉ နာရီအချိန် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ ကျောက်ဂူ-နောင်ပိုးသွားကားလမ်းတွင် ရာဇာဌေး မောင်းနှင်ပြီး ဇော်မျိုးထွေးလိုက်ပါလာသည့် AD Van မော်တော်ယာဉ်နှင့် ရဲမင်းသူ မောင်းနှင်လာသည့် AD Van မော်တော်ယာဉ်တို့ကို သတင်းအရရှာဖွေရာ အဆိုပါယာဉ် ၂ စီးဖြင့် သယ်ဆောင်လာသည့် ခရီးဆောင်အိတ် ၁၄ အိတ်အတွင်းမှ ဘိန်းဖြူပါဆပ်ပြာခွက် ၂၆၃၅ ခွက်ဖြင့် ထည့်လျက် ဒေသကာလတန်ဖိုးငွေကျပ် သိန်း ၆၃၅၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ၂၆ ဒသမ ၃၅ ကီလို၊ စိတ်ကြွရှူးသွပ်ဆေးပြား ၄ ဒသမ ၈ သိန်းနှင့် မြန်မာငွေကျပ် သိန်း ၁၉၀ တို့ကိုဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါးများသယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်သည့် အောင်ကျော်ဦး၊ ဝင်းဖြိုးအောင်၊ ဇင်ဖြိုးအောင် နှင့် မန္တယ်နီလွင် တို့ ၄ ဦးအား နိုဝင်ဘာလ ၂၅ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၌ ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။



ဖမ်းဆီးရမိသူများကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

(သတင်းစဉ်)

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

OKKAN SUGAR MILL

ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး

FDA ထောက်ခံချက်အမှတ်-စဂ/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la



Phone,09 798157939(Office),09 773646431(Mill)

မြန်မာပြည်တွင်ထုတ်လုပ်သည်

သကြားဖြူ White Sugar







❖ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဟာ NCA စာချုပ်ရဲ့ အနှစ်သာရအတိုင်းဖြစ်သလို ခေတ်အဆက်ဆက် ငြိမ်းချမ်းရေးကြိုးပမ်းမှုသမိုင်းတွေက ရရှိလာတဲ့ "အသိတရား" ဖြစ်ပြီး လက်ရှိငြိမ်းချမ်းရေး တည်ဆောက်မှုခိုင်မြဲစေဖို့အတွက် လုပ်ဆောင်ရမယ့် "အရှိတရား" လည်းဖြစ်တယ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ကျင်းပသော (၇၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။


(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

ဆိုင်ကလုန်းမုန်တိုင်း "ဖန်ဂယ်လ်"၏အရှိန်ကြောင့် နောက် ၂၄ နာရီအတွင်း နေရာကွက်ကျားမှ နေရာကျဲကျဲမိုးရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၃၀

ယနေ့ည‌နေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "ဖန်ဂယ်လ်"(FENGAL) သည် အနောက်ဘက်သို့ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့(Coco Island)၏ အနောက်ဘက် ရေမိုင် ၇၆၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့(Chennai)၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၄၅ မိုင်ခန့်နှင့် ပူဒုစ္စရီ(Puducherry)၏

စာမျက်နှာ ၁၂ ကော်လံ ၁ ❐



ရောင်စုံပျံသင်းစာပန်းခင်း

စာ - ၁၁ သို့

လူငယ်နှင့် နူတ်မှုစွမ်းရည်

စင်ခြောက်၊ စင်ကြောက်၊ ပရိသတ်ကြောက်ခြင်း

လယ်တွင်းသားစောချစ်

ရသစုံစာစု

စာဆိုတော်နေ့ တို့မမေ့

သက်ဦးခင်

ဆောင်းပါး

စာပေအလင်းရောင်ထွန်းညှိပေးကြသည့် စာဆိုတော်များ

စာ - ၁၃ သို့

KNDF နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ ပစ်ခတ်မှုကြောင့် သံဃာတော် ၁ ပါး ပျံလွန်တော်မူခဲ့ပြီး ၂ ပါး ထိခိုက်ဒဏ်ရာရရှိ စာ - ၁၅ သို့

(၇၅)ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲအခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၃၀

(၇၅)ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၁ ရက် (ယနေ့) နံနက် ၉ နာရီ မိနစ် ၃၀ တွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁၊ (MICC-1)၌ ကျင်းပမည်ဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၁ ✱

မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းဝိုလ်စွဲ

ရန်ကုန် နိုဝင်ဘာ ၃၀

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ယနေ့ည‌နေပိုင်းတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ကျင်းပရာ ချန်ပီယံဆုကို ရှမ်းယူနိုက်တက်ယူ-၂၀ အသင်း ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ ❍



ပန်းလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလိမိတက်

ရွှေမန်းသူ

အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း

ပါရဂူလက်မှတ်အရောင်းဌာန

ရွှေမန်းသူ ၀၉၂၅၄၇၈၁၆၆၊ ၀၉၂၆၁၄၀၀၈၄၄

ရွှေမြို့သူ ၀၉၂၆၁၄၀၀၈၅၅

ရှမ်းမလေး ရန်ကုန်မြို့တွင်း

ပုသိမ်သူ G & G Store ဆိုင်များ

Online

Easy Ticket, Go - Auto Ticket

ရန်ကုန် — နေပြည်တော်၊ တောင်ကြီး၊ မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်ပန်းတောင်း - ဇရာက် - ဆိပ်ဖြူ၊ ပုဂံ (ညောင်ဦး) - ပခုက္ကူ၊ မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းမြို၊ မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက်ထို၊ တောင်ငူ - ဆွာ - ရေနီ၊ ပုသိမ်

ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု